# ***သားရဲလှေကျင့်သူ***

***စာစဉ် ၁ (အပိုင်း ၁-၁၆အထိ)***

***ဘာသာပြန်သူ - BlackPearl Translation***

# စာစဉ် ၁

## *အခန်း ၁ မီးခိုးရောင်အစင်းကျားပင့်ကူ*

အနီရောင်ကျောင်းလွယ်အိတ်လေးတစ်လုံးကို သယ်ဆောင်ကာပြန်လာသည့် ကောင်းဖန်တစ်ယောက် ကဒ်သော့လေးကို ပြလိုက်သည်။

ဒင်!

မြည်သံတစ်ခုနှင့်အတူ ဟောင်းနွမ်းလို့နေသည့်သတ္တုဂိတ်တံခါးကြီး ပွင့်လာခဲ့ကာ ကောင်းဖန်လဲ အဆောက်အဦးထဲသို့ဝင်လာခဲ့လိုက်သည်။ အဆောက်အဦးသည်အနည်းငယ်အိုဟောင်းနေပြီဖြစ်ပြီး အမှိုက်များသည်လဲ ကြမ်းပြင်ပေါ်တွင် အပုံလိုက်ပင်။ ကံကောင်းထောက်မ၍သာ အနံ့အသက်ဆိုးများတော့ ထွက်မနေခြင်းဖြစ်သည်။

မီးရောင်မှိန်မှိန်အောက်တွင် ကောင်းဖန် ခေါင်းငုံ့ကာရပ်နေပြီး မြေပြင်ကို ကြည့်နေလေသည်။ မြေပြင်ထက်တွင်တော့ ကြမ်းတမ်းခက်ထန်ပုံရသည့် အနက်ရောင်အရိပ်မဲတစ်ခုသည် အဆက်မပြတ်တွန့်လိမ်လှုပ်ရမ်းလို့နေလေသည်။

# စာစဉ် ၁

ကောင်းဖန် မျက်မှောင်ကြုတ်ရင်း ထိုအရာကို ကြည့်နေခဲ့သည်။ ကြိတ်ဆုံကျောက်တုံးတစ်တုံးအရွယ်ရှိသည့် ကြီးမားလှသောပင့်ကူတစ်ကောင်သည် မျက်နှာကြက်အလင်းရောင်အောက်တွင် အနားယူနေခဲ့သည်။ မျက်နှာကြက်ပေါ်သို့သွားသည့် လှေကားကိုဖြတ်ကာ ရှိနေသည့် ထိုပင့်ကူကြီးတွင် မီးခိုးနှင့်အဖြူရောင်စပ်သည့် အဆင်းကျားများရှိကာ မှိန်ဖျော့သည့်အလင်းရောင်ထဲတွင် သူ၏သွေးနီရောင်မျက်လုံးများက တောက်ပလို့နေခဲ့သည်။

ကောင်းဖန်သက်ပြင်းတစ်ချက်ချလိုက်ပြီး၊

“ကြည့်ရတာ အဖွားချန်မွေးထားတဲ့ ပင့်ကူပေါက်ထပ်လွတ်လာပြန်ပုံပဲ။ ဒါနဲ့ဆို ငါ့အထင် ဒီလထဲတင် ၇ကြိမ်မြောက်ရှိနေပြီ။”

ဒီလိုလွတ်လာသည်ကို ကောင်းဖန်မြင်ပေမည့် ဘာမှမမြင်သလိုပုံစံဖြင့် ကွေ့ရှောင်ကာ လှေကားရှိရာသို့သာ ဆက်လျှောက်သွားခဲ့သည်။

## စာစဉ် ၁

သို့ပေမည့် ပင့်ကူကို နောက်တွင်ချန်ရစ်လိုက်ပြီးသည့်အချိန်တွင်ပဲ ကောင်းဖန်တစ်ခုခုကို စဉ်းစားမိသွားတာကြောင့် ရုတ်တရက်ရပ်တန့်လိုက်သည်။ အနည်းငယ်တုံ့ဆိုင်းစွာဖြင့် ကောင်းဖန် နောက်လှည့်ကြည့်လိုက်ပြီး မျက်နှာကျက်နားတွင်ရှိနေသည့် မီးခိုးရောင်ပင့်ကူကြီးကို ကြည့်လိုက်လေသည်။

"ဒါ…ဒါမီးခိုးရောင်စင်းကျားပင့်ကူနဲ့များတူလား။ ဆရာပတော့ ဒီကောင့်ကို တော်တော်လေးနူးညံ့သိမ့်မွေ့တဲ့ကောင်လို့ပြောခဲ့သလားလို့။"

ကောင်းဖန်မျက်လုံးမှိတ်ထားရင်း ခဏမျှတွန့်ဆုတ်နေခဲ့သည်။ ထို့နောက် ကျောင်းလွယ်အိတ်ကို အောက်သို့ချလိုက်ကာ စာရွက်တစ်ရွက်ကိုထုတ်ယူလိုက်ပြီး ဘောလုံးလိုဖြစ်အောင် ဆုပ်ချေလိုက်ကာ သူ၏အိတ်ကပ်ထဲမှ မီးခြစ်ကိုလဲထုတ်ယူလိုက်သည်။

ကောင်းဖန် သူ၏နှုတ်ခမ်းကိုကိုက်နေရင်း ထပ်ပြီးတွန့်ဆုတ်နေပြန်လေသည်။ နောက်ဆုံးတော့ ထိုမီးခိုးရောင်စင်းကျားပင့်ကူ ဘယ်လောက်အထိ နူးညံ့သိမ့်မွေ့ပါစေ

## စာစဉ် ၁

အပေါ်ထပ်က အဖွားချမ်းမွေးထားသည့် အိမ်မွေးတိရိစ္ဆာန်ပါပဲ။ မဟုတ်သေးဘူး၊ မဟုတ်သေးဘူး၊ ဒါက အဓိကအချက်မဟုတ်သေးဘူး။

ဘယ်လောက်ပဲ ယဉ်တယ်ပြောပြော မကောင်းဆိုးဝါးတစ်ကောင်ဖြစ်နေတုန်းပဲ။ ကမ္ဘာဂြိုဟ်ကြီးပြောင်းလဲမှုမဖြစ်ခင်တုန်းက ပုံမှန်ဆင့်ပွားမကောင်းဆိုးဝါးတစ်ကောင်ကတောင် အစာကွင်းဆက်မှာ ထိပ်ဆုံးနေရာရှိတဲ့ ခြင်္သေ့တွေ ကျားတွေနဲ့ တန်းတူယှဉ်နိုင်ခဲ့သေးတာပဲ။

တကယ်လို့များ ကောင်းဖန်ကိုသာ ဒီမကောင်းဆိုးဝါး ဒေါသထွက်သွားလျှင် ပြေးလမ်းလုံးဝမရှိဘဲ အသတ်ခံရဖို့စောင့်ဆိုင်းနေရသည့် သိုးငယ်ပမာဖြစ်သွားရပေမည်။

တဖန်ကောင်းဖန် သက်ပြင်းချကာ ခေါင်းခါလိုက်ပြီး အပေါ်ထပ်သို့တက်ရန် ပြန်လှည့်လိုက်သည်။

ရုတ်တရက် လျှပ်စီးတမျှမြန်ဆန်သည့်နှုန်းဖြင့် ကောင်းဖန် စက္ကူဘောလုံးကို မီးညှိကာ သူ့နောက်ဘက်ရှိ မျက်နှာကျက်ဆီသို့ ပစ်လွှတ်လိုက်လေသည်။ ထို့နောက် ချက်ချင်းပင် အရှုးတစ်ယောက်ပမာ လှေကားပေါ်သို့ ပြေးတက်သွားတော့သည်။

# စာစဉ် ၁

ဒီသတ္တဝါတွေက နူးညံ့သိမ်မွေ့တဲ့ကိုယ်ရည်ကိုယ်သွေးရှိကြတယ်လို့ မစ္စတာကျန်းပြောတာ ငါမှတ်မိသေးတယ်။

ဖြီး!

ရုတ်တရက် ဒေါသထွက်နေသောအသံတစ်သံနောက်ကွယ်မှ ထွက်ပေါ်လာကာ လှေကားထစ်များပေါ် ပြေးတက်နေသည့် ကောင်းဖန်လဲ နောက်သို့ တစ်ချက်ခိုးကြည့်လိုက်သည်။

မီးခိုးရောင်အစင်းကျားရှိသည့်ပင့်ကူသည် လှေကားကြမ်းပြင်ပေါ်သို့ ပြုတ်ကျလာခဲ့သည်။ ၎င်း၏မျိုးစုံလှည့်ပတ်သွားလာနိုင်သည့် ခြေရချောင်းဖြင့် နောက်ထပ်နံရံတစ်ခုပေါ်သို့ ထပ်ပြီးတွယ်တက်လို့သွားသည်။ ပင့်ကူထွက်ပြေးလာသည့်နေရာနှင့် ဆန့်ကျင်ဘက်တွင်တော့ စက္ကူဘောလုံးသည် တဖြည်းဖြည်းလောင်ကျွမ်းလို့သွားပေပြီ။

ကောင်းဖန်၏မျက်လုံးများလင်းလက်သွားပြီ နှလုံးခုန်နှုန်းများလဲ မြန်ဆန်လာခဲ့သည်။ မီးခိုးရောင်အစင်းကျားရှိတဲ့ပင့်ကူက တကယ်ပဲမီးတောက်တွေကို ကြောက်တယ်ပေါ့။

# စာစဉ် ၁

အိုး သေစမ်း! သူ့စိတ်ထဲ ရုတ်တရက်ပေါ်လာတဲ့အကြောင်းက တစ်ခါမှတောင် မတွေးဖူးတဲ့ဟာပဲ။

ယခုအချိန်တွင် ကောင်းဖန် သူ့ကိုလေပြင်းတစ်ချက်က လှေကားထိပ်သို့ ရောက်အောင်ခေါ်ဆောင်ပေးနေသည်ဟု ခံစားလိုက်ရသည်။ သူ့နောက်တွင်တော့ မီးခိုးရောင်အစင်းကျားရှိသည့် ပင်ကူက ဒေါသထွက်နေသည့်အသံများ ထုတ်နေသည်ကို ရှင်းရှင်းလင်းလင်းကြားနေရပေသည်။

“အား၊ မစ္စတာကျန်း ငါ့ကိုလိမ်တယ်။ ဒီကောင်က ယဉ်တယ်လို့ ဘယ်သူများပြောလိုက်တာလဲ။”

လက်ရှိတွင် ကောင်းဖန်၏စိတ်မှာ ပြိုင်ပွဲဝင်နေရသလို သူ့ခြေလှမ်းအရှိန်ကို နည်းနည်းလေးတောင် မလျှော့ရဲခဲ့ပေ။ ဒီလိုဒေါသထွက်နေသည့် မကောင်းဆိုးဝါးတစ်ကောင် သူ့နောက်ကိုလိုက်နေခြင်းက ဟာသတစ်ခုမဟုတ်ပေ။ တကယ်လို့များ သူသာသတိမထားမိလို့ ဖမ်းမိသွားရင် သူ့ဦးနှောက်ကို အလွယ်လေးဖွင့်ဖောက်စားသွားခံရနိုင်လေသည်။

# ကောင်းဖန်

## စာစဉ် ၁

ဒါက တခြားနယ်ပယ်တစ်ခုက မကောင်းဆိုးဝါးတစ်ကောင်ဖြစ်လေသည်။ ကမ္ဘာမြေကြီး ပြောင်းလဲမှုတွေ စတင်ဖြစ်ပေါ်စဉ်အတွင်း လူသားပေါင်းမြောက်မြားစွာ ဤသို့သော မကောင်းဆိုးဝါးများလက်ထဲတွင် သေဆုံးခဲ့ကြရသည်။ အခုချိန်မှာ ဘယ်လောက်ပဲ ယဉ်ပါးသည်ထင်ရပါစေ မကောင်းဆိုးဝါးသတ္တဝါတွေဆိုသည့် အချက်ကတော့ ပြောင်းလဲသွားမည်မဟုတ်ပေ။

သူ့နောက်မှလိုက်ပါလာသည့်အသံမှာ တဖြည်းဖြည်းနီးကပ်လို့လာသည်နှင့်အမျှ မီးခိုးရောင်စင်းကျားပင့်ကူ၏ လှေကားထစ်များပေါ်သို့ ခုန်ပေါက်တက်လာသည်ကို ကောင်းဖန် ပို၍ရှင်းလင်းပြတ်သားစွာ ကြားလာရသည်။ ၎င်းအသံမှာ မြေပြင်ပေါ်သို့ သံပိုက်တစ်ချောင်းနှင့် ခေါက်နေသလိုပင်။

သူ့အိမ်ရှိရာသို့ရောက်ဖို့ရန် နောက်ထပ်တစ်ထပ်စာလှေကားတက်ဖို့လိုနေသေးသည်။

ရောက်တော့မယ်!

## စာစဉ် ၁

သွေးနီရောင်မျက်လုံးများနှင့် မီးခိုးရောင်စင်းကျားပင့်ကူသည် ၎င်း၏ရက်စက်ကြမ်းကြုတ်မှုကိုဖော်ပြရန်အလို့ငှာ သူ့မေးရိုးများကို ပိတ်လိုဖွင့်လိုက်လုပ်လို့နေသည်။ ပင့်ကူခြေထောက်များသည်လဲ သန်မာကြံ့ခိုင်လှကာ လှေကားထစ်များပေါ်သို့ အားပြင်းပြင်းဖြင့် နင်းချရင်းတက်လို့လာနေသည်။ ၎င်းခြေတစ်လှမ်းလှမ်းလိုက်ရုံဖြင့် လှေကားထစ် ၄-၅ထစ်လောက်ကို ကျော်တက်နိုင်ပေသည်။

ကောင်းဖန်နှင့် ပို၍ပို၍ နီးကပ်လို့လာပေပြီ။

"ရှီး…!"

အလွန်တုန်လှုပ်ချောက်ချားဖွယ်ကောင်းလှသော ဒေါသသံများမှာ နံရံထူကြီးများနှင့် လှေကားထစ်တစ်လျှောက်လုံးကို ပြည့်နှက်နေစေသည်။ ဒါဟာ တကယ့်ကို နက်ရှိုင်းလှသည့် အမိန့်ပေးနေသလိုအသံမျိုးပင်။

မီးခိုးရောင် အစင်းရှိသော ပင့်ကူက တစ်ခဏ အေးခဲသွားကာ

ခြေ ထောက် များကို ကွေးညွတ်လိုက်ရင်း ခုန်ထွက်ရန်

ပြင်ဆင်နေတယ် ၊ ဒါပေမယ့် ၎င်းကရပ်နေဆဲ ဖြစ်တယ်။ သူ့ရဲ့

ကောင်းဖန်

# စာစဉ် ၁

သွေးနီရောင်မျက်လုံးများက မတောက်ပတော့ဘဲ သူ၏ပါးစပ် မှကြိုး

အသစ် ထုတ်ရန် စူးရှသော အသံအားပြုလုပ်နေသည်၊

သို့သော် ထိုအကောင်က အစောပိုင်းတုန်းက ပြုလုပ်သောအသံမျိုး

နောက်တစ်ခါ မမြည်တော့။

၎င်းကခဏလေး တွန့်ဆုတ်နေပြီးနောက် ပင့်ကူ၏ သွေးနီရောင်

မျက်လုံးများက ပြန် တောက်ပလာတော့တယ် ၊

မသေချာမရေရာမှုကြောင့် ပင့်ကူက လှေကားပေါ်ကို တက်ရန်

သူ၏ခြေထောက်တစ်ချောင်းကို မြှောက်လိုက်တယ်။

"ရှီး.....ရှီး"...ဟူ၍ ပြုလုပ်ကာ ရန်စနေသော အသံက အရင်ကထက် ပို၍

ဒေါသ ထွက်နေ ပုံပေါ်သည်။

"ဇီး....ဇီး...ဇီး.." မြှောက်ထား သောသူ၏ခြေထောက်များကို ပြန်ရုတ်

သွားကာ မီးခိုးရောင် အစင်းကြားပင့်ကူက လှေကားပေါ်မှ ခုန်ချကာ

ထွက်ပြေးသွားတော့သည်။

# ကောင်းဖန်

## စာစဉ် ၁

ကောင်းဖန် က သက်ပြင်းချလိုက်ကာ နဖူးပေါ်ကချွေးများကို ဖြေးညင်းစွာ သုတ်လိုက်တယ်၊ ဘာလို့ ပင့်ကူက လှေကားအောက်ဖက်ကို ပြေးထွက်သွားတာလဲ၊

ဒါတွေအားလုံး ပင့်ကူက ပြေးတိုင်းလိုက်တိုင်း ကစား နေတာများလား၊  ငါ့ကို ပျော်ပျော်ကြီး အမဲလိုက်ပြီး အိမ်ပြန်ရောက်တော့မှာတွေ့တော့  ငါ့ကိုအဆုံးထိ မလိုက်နိုင်ဘဲ ပင့်ကူအိမ်ဆီ ပြန် သွားရတာ မပျော်မရွှင်ဖြစ်သွားလား မသိဘူးလို့ ကောင်းဖန် တွေးမိလိုက်တယ်။

ကောင်းဖန် သူ့မေးစေ့ ကိုပွတ်သတ်လိုက်တယ်၊ ဟင်း သူမဟုတ်ကဟုတ်က တွေ တွေးနေတာ ကိုယ့်ဘာကိုယ်တောင် မယုံနိုင်ဘူး။

# စာစဉ် ၁

ကောင်းဖန် သော့ကို ထုတ်လိုက်ကာ အိမ်တံခါးကို ဖွင့်လိုက်တယ်၊ “ ပါး မား ကျွန်တော် ပြန်လာပြီ” ဟု တောက်ပစွာ ပြုံးကာ ပြောလိုက်တယ်။

ကောင်းဖန် ဘယ်သူမှ မရှိတဲ့အိမ်ထဲ တံခါးကို တွန်းဖွင့်ကာ ဝင်သွားလိုက်တယ်။ အိမ်က အရမ်းတိတ်ဆိတ်လွန်းတာကြောင့် ကြည့်လိုက်ရင် သူနေထိုင်တဲ့ ကမ္ဘာထဲမှာ သူတစ်ယောက်တည်း ရှိတယ်လို့တောင် ထင်ရတယ်။

ခဲညိုရောင် ဆိုဖာကို ဧည့်ခန်းထဲမှာထားပြီး အဲ့ဒီတစ်ဖက်မှာတော့ ဟောင်းနေ တဲ့ တီဗွီရှိတယ်၊ အိမ်ရဲ့ အပြင်အဆင်ကရှင်းလင်းနေပြီး အိမ်ထောင်ပရိဘောဂ ပစ္စည်း အနည်းငယ်တို့ကို နေရာချထားတယ်။ ဒါကိုကြည့်ခြင်းဖြင့် ပိုင်ရှင်က ဂ ီရိယရှိရှိနဲ့ မကြာခဏနေရာကိုသန့်ရှင်းတတ်တယ် ဆိုတာသိနိုင်တယ်။

# ကောင်းဖန်

## စာစဉ် ၁

သူ့အတွေးတွေကိုဖယ်လိုက်ကာ အသက်ပြင်းပြင်းရှူလိုက်ပြီး အိပ်ခန်းတံခါးကို ဖွင့်လိုက်တယ်၊ နေရောင်ခြည်ရဲ့ အလင်းရောင်ကို ကာရန်အတွက် လိုက်ကာများကို ချလိုက်ကာ အခန်းထဲဝင်ရောက်နေသောအလင်းအား မှိန်စေလိုက်သည်။

အခန်းထဲက အိပ်ယာက သေသပ်ကာသန့်ရှင်းနေတယ်၊ ကောင်းဖန်က သူ၏ မျက်နှာကိုပြုံးလိုက်ကာ ပျော်ရွှင်စွာပြောလိုက်တယ် “ ပါး မား နောက်ဆုံးတော့ အခန်းထဲမှာ စာမေးပွဲဖြေတာ ပထမရခဲ့တယ်။ ပါးနဲ့မား ပျော်နေတယ်မလား။”

ကောင်းဖန် ဓာတ်ပုံဘောင်ထဲက အဖြူအမဲ ဓာတ်ပုံကို ကြည့်ကာပြောလိုက် တယ်။

ဓာတ်ပုံဘောင်ထဲကပုံက စုံတွဲတစ်တွဲရဲ့ပုံဖြစ်တယ်။ ယောကျာ်းလေးပုံစံက ရည်မွန်ပြီး လူကြီးလူကောင်းဆန်တယ် ၊ မိန်းကလေးကလည်း ကျက်သရေရှိပြီး ယဉ်ကျေး သိမ့်မွေ့တယ်။ စုံတွဲက

## စာစဥ် ၁

ပျော်ရွှင်ကာ ပြုံးနေကြပြီး ပါးလွှာတဲ့ စက္ကူကို ဖြတ်ကာ ကမ္ဘာနှစ်ခုကလူတွေက မျက်လုံးချင်းဆုံကာ ဆက်သွယ်နေတယ်လို့တောင် ထင်ရတယ်။

ဒါပေမယ့် ခါတ်ပုံထဲက လူနှစ်ယောက်ကတော့ ကောင်းဖန်ကို ဘာအမူအယာမှ မပြဘူး၊ သူတို့က သူတို့မျက်နှာပေါ်မှာ တူညီပြီး မပြောင်းလဲတဲ့ အပြုံးတွေနဲ့ ပြုံးပြနေ ကြတယ်။

ကောင်းဖန်က ဂုဏ်ယူနေတဲ့ အပြုံးကြီးနဲ့ အားပါးတရ ပြုံးပြကာ “ ကျနော့် ကျောင်းရလဒ်က အမြဲဆိုးရွားနေတာ အဲ့တာကို ပါး နဲ့ မားဆီက မကြာခဏ ဆူခံရတယ်လေ။ အခု နောက်ဆုံးတော့ အတန်းရဲ့ စတုတ္ထနှစ်မှာ ပထမရခဲ့ပြီ။ အခု အရမ်းပျော်နေကြတယ်မလား။ ကျွန်တော့် ပညာရေးကို ထပ်ပြီး စိတ်ပူ စရာမလိုတော့ ဘူး။” ကောင်းဖန် ပြောနေရင်း သူ့မျက်လုံးတွေကနီလာပြန်တယ်။

## စာစဉ် ၁

ပါးလွှာတဲ့ အဝတ်အစားကိုဝတ်ထားတဲ့ကောင်လေးက အိပ်ခန်းအလယ်မှာ မတ်တပ်နေကာ တိတ်ဆိတ်နေရင်း အတွေးတွေများနေလေတယ်၊ ကောင်းကင် ကအနည်းငယ်မှောင်လာတဲ့ အခါမှ သူ့အာရုံက ပုံမှန်ပြန်ဖြစ်သွားတော့တယ်၊ သူရဲ့မျက်နှာပေါ်မှာ တောင်းပန်တဲ့အပြုံးဖြင့် ခေါက်ပုံထဲကစုံတွဲကို ကြည့်ကာ ပြော လိုက်တယ် “ပါး၊ မား၊ ကျောင်းက မနက်ဖြန် လေ့လာရေး ခရီးတစ်ခုသွားဖို့ အစီအစဉ် ရှိတယ် အဲ့တာကြောင့် ခုရက်ပိုင်း ပြန်လာဖြစ်မှာ မဟုတ်ဘူး၊ ဒါပေမယ့် မစိုးရိမ်ပါနဲ့ကျောင်းက ကျွမ်းကျင်တဲ့ သက်တော်စောင့်တွေ ငှားထားတာမို့ ကျွန်တော် တို့လုံခြုံရေး ကို အာမခံထားတယ်၊ ကျွန်တော်လည်း ကိုယ့်ကိုကိုယ်ဂရုစိုက်ပါ့မယ်။”

“အဲ့တုန်းကကျွန်တော် ကြားလိုက်တာ ကျောင်းက ဒိုင်းပြာကာကွယ်ရေးကုမ္ပဏီက

## စာစဉ် ၁

သက်တော်စောင့်တွေကိုငှားထားတယ်ဆိုဘဲ ၊ အဲ့ဒီမှာ သားရဲလေ့ကျင့်သူတွေ အများကြီးရှိတယ်တဲ့၊ ကျွန်တော်လည်းအဲ့ထဲကတစ်ယောက် ဖြစ်ရင်ဘယ် လောက်ကောင်းမလဲ ၊ ကျွန်တော့အတန်းဖော် အနည်းဆုံး တစ်ဝက်လောက်က သားရဲလေ့ကျင့်သူတွေ ဖြစ်ဖို့မျှော်လင့်နေကြတာ။”

မှောင်ပျပျအခန်းလေးထဲမှာ ပိန်ပါးပြီး ထိရှလွယ်တဲ့ ဆယ်ကျော်သက်ကောင် လေးက ခေတ်ပုံကိုကြည့်နေပြီး သူကိုယ်သူရေရွတ်နေတယ်၊ သူစကားပြောနေရင်း လက်တွေကို ေဝရှမ်းကာ တက်တက်ကြွကြွနဲ့စကားပြောနေတယ်၊ သူ့မျက်လုံးတွေ ကတောက်ပနေပြီး သူ့ အယူအဆနဲ့ဆုံးဖြတ်ချက်တို့က ပိုပြီးခိုင်မာလာပုံပေါ်တယ်။

ဒါပေမယ့် သူ့ကိုခွန်းတုံ့ပြန်မည့်လူ တစ်ယောက်မှ မရှိ။ ထိုအချိန် သူဆုတောင်း မိတာ တစ်ခုက တစ်စုံတစ်ယောက်က သူ့ရဲ့လက်ကို

## စာစဉ် ၁

ဆုပ်ကိုင်ပြီး နှစ်သိမ့်ပေးတာကို ပါဘဲ၊  အကယ်၍ ဒါထက် ခေတ်ပုံထဲ လူတွေထွက်လာပြီး သူ့အနာဂါတ် အစီ အစဥ်ကို ဆန့်ကျင် တာကမှ ပိုပြီး အံ့ဩဖို့ကောင်းလိမ့်ဥ္ိးမယ်။

ဒါက ဖြစ်မလာခဲ့ပါဘူး။ ခေတ်ပုံထဲက စုံတွဲကတော့ ယခင်အတိုင်း နွေးထွေးစွာ ပြုံးပြနေကြဆဲပင်။

အခန်းကတိတ်ဆိတ်နေပြီး အခန်းထဲမှာဆယ်ကျော်သက်လေးရဲ့ အသက်ရှူသံ လေးဘဲ ကျန်နေတော့တယ်။

ကောင်လေးကရုတ်တရက် အေးလာတယ်လို့ခံစားလာရတာကြောင့်  စိတ်ပျက် လက်ပျက်နဲ့ သူ့လက် နှစ်ဖက်ဖြင့် တံတောင်ဆစ်တွေ ကိုပွတ်သတ်လိုက်တယ်။ သို့သော် မကြာမီ သူ၏မျက်နှာကြည်လင်လာပြီး ယုံကြည်ချက်အပြည့်နဲ့ အပြုံးပေါ်လာ ပြီး စိတ်ခေတ်ကျနေတဲ့အငွေ့အသက်တွေ

# ကောင်းဖန်

## စာစဥ် ၁

လွင့်ပြယ်သွားတော့သည်။ တောက်ပပြီး  အကောင်းမြင်တတ်တဲ့ ဆယ်ကျော်သက် အရွယ်ကောင်လေး ပြန်လာပြီ ဖြစ်သည်။

ကောင်းဖန် အိပ်ခန်းထဲကနေ ထွက်လာပြီး ဓာတ်ပုံထဲက ဇနီးမောင်နှံအနှောက် အယှက်မဖြစ်စေရန် အိပ်ခန်းတံခါးကိုဖြေးညှင်းစွာ ပိတ်လိုက်တယ်။

ဘယ်သူမှ မမြင်လိုက်ဘူး၊ ဒါက အလင်းရဲ့ လှည့်စားမှုတစ်ခုဘဲလား၊ ခဏ လောက်ကြာတဲ့အခါဓာတ်ပုံထဲက စုံတွဲ၏မျက်နှာပေါ်ရှိအပြုံးများက ပျော်ရွှင်နေ ပြီး ပို၍ချိုသာစွာ ပြုံးလာသည်။

***

စာစဉ် ၁

## *အခန်း ၂*
## *ခရမ်းရင့်ရောင်ကျောပြင်နှင့်အဝါရောင်ခြေချောင်းများရှိသည့် ကင်းခြေများ*

“တဗ္ဗဇီ၊ မြန်မြန်လေးထွက်လာခဲ့ဦး! အစောကမင်းမဟုတ်လား?” ကောင်းဖန် သူ့အိပ်ခန်းထဲသို့ပြန်ရောက်သည်နှင့် စိတ်လှုပ်ရှားစွာဖြင့် အော်ဟစ်လိုက်သည်။

သခင်ဖြစ်သူ၏အသံကိုကြားရာတွင် ကောင်းဖန်ခေါ်နေသည့် ‘တဗ္ဗဇီ’ဆိုသူကတော့ အေးအေးဆေးဆေးနှင့် ကြမ်းပြင်ထက်တွင် လူးလိမ့်လို့နေစဲပင်။ ကောင်းဖန်မှ အကြိမ်ကြိမ် အော်ခေါ်သည့်အချိန်ကျမှသာလျှင် တဗ္ဗဇီသည် ဆိုဖာအောက်မှနေပြီး ပျင်းရိပျင်းတွဲဖြင့် တွားထွက်လာခဲ့သည်။

ခရမ်းရင့်ရောင်ကျောပြင်က မီးအလင်းရောင်အောက်တွင် ပို၍နက်မှောင်ကာ မှုန်ဝါးလို့နေခဲ့သည်။ ဝါဖျော့ဖျော့ခြေချောင်းများသည်တော့ ကြမ်းပြင်ပေါ်တွင်

# ကောင်းဖန်

## စာစဉ် ၁

ရွှေ့လျားလာချိန်တွင် စားပွဲတစ်ခုကို လက်ဖြင့်တောက်နေသလိုအသံများ တီးခေါက်နေသလို အသံများဖြစ်ပေါ်စေသည်။

ဒီခရမ်းရင့်ရောင်ကျောပြင်နှင့်အဝါရောင် ခြေချောင်းများရှိသည့် ကင်းခြေများသည်က ကောင်းဖန် တာ့ဇီဟု ချစ်စနိုးခေါ်ဝေါ်နေသည့် သတ္တဝါလေးဖြစ်သည်။ ၎င်းမှာ ကိုယ်ထည်ကကြီးမားပြီး ခရမ်းရောင်လေးများပြေးနေသည့် ကင်းခြေများသာဖြစ်လေသည်။ ထားပါတော့ ၎င်းကို လေမှုတ်ထားသည့် ကင်းခြေများဟုခေါ်လိုက်သည်က ပို၍ပင်ရိုးရှင်းပေဦးမည်။

သို့သော် ဤခရမ်းရင့်ရောင်ကျောပြင်နှင့် အဝါရောင်ခြေချောင်းများရှိသည့် ကင်းခြေများကတော့ ကောင်းဖန်၏မိဘများ သူ့အတွက် ချန်ထားရစ်ခဲ့သည့် တစ်ကောင်တည်းသော အိမ်မွေးတိရိစ္ဆာလေးပင်ဖြစ်သည်။

ကမ္ဘာမြေကြီးပြောင်းလဲမှုများ ဖြစ်ပွားပြီး သုံးရက်အကြာတွင် ကောင်းဖန်၏မိသားများက တာ့ဇီကို အိမ်သို့ခေါ်ဆောင်လာခဲ့သည်ကို ကောင်းဖန် အမှတ်ရနေစဲပင်။ ထိုအချိန်က တာ့ဇီ၏အရွယ်အစားသည် အခုပုံစံနှင့် လုံးလုံးမတူညီပဲ ဝါးတူလေးတစ်ချောင်းသာသာရှိလေသည်။

# ကောင်းဖန်

## စာစဉ် ၁

ထိုအချိန်က တာ့ဇီ၏ကျောပြင်အရောင်သည် ခရမ်းဖျော့ရောင်လေးပင်ဖြစ်ကာ ပန်းရောင်လေးနှင့်ပင် ဆင်တူနေတာကြောင့် အတော်လေး ချစ်စရာကောင်းလို့နေသည်။

ကောင်းဖန် ခေါင်းကိုခါလိုက်ကာ သူ့စိတ်ထဲမှ ထူးဆန်းသည့်အတွေးများကို ဖယ်ထုတ်ပစ်လိုက်သည်။ ပြီးနောက် လက်ရှိ တာ့ဇီကို ခေါင်းငုံ့ကာ ကြည့်လိုက်မိသည်။

ခန္ဓာကိုယ်အရှည်က ၂မီတာဝန်းကျင်လောက်ရှိကာ လက်ဖဝါးပြင်များက ကျယ်ပြန့်ပြီး ပုံစံက ကြမ်းတမ်းခက်ထန်မည့်ပုံရသည့် မေးရိုးများကို ဖွင့်ချည်ပိတ်ချည် လုပ်နေပုံက တာ့ဇီကို ချစ်စရာကောင်းသွားစေသည်။ သူ့ကို နေ့လည်နေ့ခင်း လမ်းလျှောက်ထွက်ဖို့ခေါ်သွားလျှင် လမ်းထဲမှအဘွားအိုများကို မျက်ရည်ပေါက်ပေါက်ကျအောင် ကြောက်လန့်သွားစေသည်ကိုတော့ ထည့်မပြောလိုတော့ပေ။

တာဇီ၏ကြီးမားလှသော မျက်လုံးနက်နက်များသည် ကြည့်ရတာတော့ အလွန်လှပပေမည့် တကယ်တမ်းတွင် အမြင်အာရုံကတော့ မကောင်းလှပေ။ တွားသွားသည့်အချိန်တွင်

## စာစဉ် ၁

တာ့ဇီသည် သူ၏ ခေါင်းပေါ်မှ ခရမ်းရောင်နှာမောင်းတစ်စုံကိုသာ မှီခိုရင်း အနီးပတ်ဝန်းကျင်ကို လေ့လာရသည်။
ထိုခရမ်းရောင်နှာမောင်းနှစ်စုံသည် တာ့ဇီကို အနံ့၊ တုန်ခါမှုထုတ်ဖို့ရန်နှင့် အသံများကို ခွဲခြားဖို့ရန်ပင် ကူညီပေးလေသည်။

တာ့ဇီတွင် ရက်စက်ကြမ်းကြုတ်သည့်ပုံပန်းသွင်ပြင်ရှိသော်လည်း ကောင်းဖန်ကတော့ မကြောက်ခဲ့ပါ။ ပြောရလျှင် ဒီကောင်လေးက သူ့ဂရုစိုက်မှုအောက်မှာသာ ကြီးပြင်းလာခဲ့ရပြီး ဒီအိမ်တွင် သုံးနှစ်လုံးလုံး သူ့ကိုအဖော်ပြုပေးခဲ့သည့် တစ်ဦးတည်းသော အဖော်လေးလဲဖြစ်သေးသည်။ အရေးအကြီးဆုံးအချက်သည်ကတော့ ကောင်းဖန်၏မိဘများ မဆုံးပါးမီ သူ့အတွက် နောက်ဆုံးထားပေးခဲ့သည့် အိမ်မွေးတိရိစ္ဆာန်လေးလဲ ဖြစ်သေးသည်။

“တာ့ဇီ၊ မင်းအစောက ဟိုပင့်ကူကို ခြောက်လွှတ်လိုက်တာမဟုတ်လား?” ကောင်းဖန် ဆောင့်ကြောင့်ထိုင်လိုက်ပြီးနောက် တာ့ဇီ၏အေးစက်စက်ဦးခေါင်းခွံကို တစ်ချက်လက်သီးနှင့်အသာ ထိုးရင်းပြောလိုက်သည်။

## စာစဉ် ၁

တဲ့ဇီ၏ဦးခေါင်းခွံကို ထိရသည်မှာ အေးစက်စက်သတ္တုပြားကြီးလိုပင် အလွန်အေးစက်လှပေသည်။

တဲ့ဇီကတော့ သူ့ကို ပြန်မဖြေလာခဲ့ဘဲ ခေါင်းထက်မှ နှာမောင်းလေးများကိုသာ ညင်ညင်သာသာလှုပ်ရမ်းလို့လာခဲ့သည်။ ကောင်းဖန်ကလဲ တဲ့ဇီပြန်မဖြေသည့်အပေါ် ဘယ်လိုမှစိတ်ထဲမထားပေ။ တဲ့ဇီ၏ဉာဏ်ရည်မှာ သိပ်မမြင့်မားတာကြောင့် သုံးနှစ်သားကလေးတစ်ဦးလောက်သာ တွေးခေါ်နိုင်စွမ်းရှိသည်။

တဲ့ဇီသည် ရှုပ်ထွေးသည့် စကားရှည်များကို နားလည်ခြင်းမရှိသော်လည်း အချို့သော ရိုးရှင်းလှသည့် အမိန့်ပေးစကားအချို့ကိုတော့ နားလည်သည်။ ဥပမာ ‘ကိုက်လိုက်၊’ ‘သေသလိုဟန်ဆောင်’ ဒါမှမဟုတ် ‘သုံးကြိမ်လှည့်ပြ’ ဆိုသော ရိုးရှင်းသည့်စကားများကိုပင်။

တဲ့ဇီပြန်မဖြေလာသော်လည်း အစောပိုင်းကကြားခဲ့ရသည့် ဒေါသထွက်နေသော ရှူးရှူးရှဲရှဲမြည်သံမှာ တဲ့ဇီဆီကမှန်း ကောင်းဖန်ကတော့ သိပြီးဖြစ်သည်။ တဲ့ဇီနှင့် နှစ်ပေါင်းများစွာ

# စာစဉ် ၁

အတူနေလာခဲ့ပြီးဖြစ်တာကြောင့် တာ့ဇီ၏အသံများကိုနှင့် ရင်းနှီးကျွမ်းဝင်မှုရှိထားပြီးဖြစ်သည်။

မကောင်းဆိုးဝါးများသည် ပိုင်နက်နယ်မြေနှင့်ပတ်သက်၍ အလွန်အထိမခံကြပေ။ တာ့ဇီ၏ပုံစံမှာ နူးညံ့ညင်သာသော်လည်း ကောင်းဖန်၏ဆရာသင်ကြားပေးခဲ့သည့်စကားအရ ခရမ်းရောင်ကျောပြင်နှင့် အဝါရောင်ခြေချောင်းများရှိသည့် ကင်းခြေများတို့သည် ရက်စက်ကြမ်းကြုတ်သော သတ္တဝါများဟုပင်။

ထိုအကြောင်းကို တွေးမိသွားတော့ ကောင်းဖန် သူ့ခေါင်းကိုသူ ပြန်ထုလိုက်ကာ၊ မစ္စတာကျန်းကတော့ ငါ့ကိုထပ်မညာလောက်တော့ပါဘူး၊ ဟုတ်တယ်မလား? ကောင်းဖန် သက်ာမကင်းဖြစ်နေတော့သည်။

ဒါပေယ့် တာ့ဇီက ဒီလောက်နူးညံ့သိမ့်မွေ့တာကို! တာ့ဇီကို ပြန်စိုက်ကြည့်ကာ ကောင်းဖန် ၎င်း၏ခရမ်းရောင်နှာမောင်းလေးများကို ညင်သာစွာဆွဲလိုက်သည်။ ၎င်းနှာမောင်းတစ်စုံသည် ရှည်ရှည်မျောမျောမျော့ကြိုးတစ်ခုလိုခံစားရသည်။

## စာစဉ် ၁

တာ့ဇီကလဲ ကောင်းဖန်ကို ကြည့်ဖို့ရန် သူ၏မျက်ဝန်းနက်များကို ပေါ်သို့လှန်လိုက်ပြီးနောက် ကြမ်းပြင်ပေါ်တွင် လူးလိမ့်ရင်း၊

“ဒီသခင်ဘာမှမတတ်နိုင်ပါဘူး”ဟု ပြောနေသလိုပင်။

တာ့ဇီဘယ်လောက်တောင် ပျင်းရိနေလဲဆိုသည်ကို မြင်ရလေ ရက်စက်ကြမ်းကြုတ်သည့်မကောင်းဆိုးဝါးဆိုသည့်စကားကို ယုံကြည်ဖို့ရန် ကောင်းဖန် ပို၍ခက်ခဲလာရသည်။

ကောင်းဖန် သူ့ခြေရင်းတွင်ရှိနေသည့် တာ့ဇီကို အနည်းငယ်တွန့်ဆုတ်စွာ ကြည့်လိုက်ပြီး တာ့ဇီအပေါ် သူ့အာရုံအလုံးစုံကို သေချာ စူးစိုက်လိုက်သည်။

တာ့ဇီကို စိုက်ကြည့်နေစဉ်အတွင်းမှာပဲ သူ့မျက်စိရှေ့တွင် သတင်းအချက်အလက်များစွာကို မြင်လိုက်ရသည်။

[မကောင်းဆိုးဝါးအမည်]: ခရမ်းရင့်ရောင်ကျောပြင်နှင့် အဝါရောင်ခြေချောင်းများရှိသည့် ကင်းခြေများ

[မကောင်းဆိုးဝါးအဆင့်]: အဆင့် ၅

[မကောင်းဆိုးဝါးအဆင့်အတန်း]: ပုံမှန်

## စာစဉ် ၁

[မကောင်းဆိုးဝါးစွမ်းရည်]: ယင်/အဆိပ်

[မကောင်းဆိုးဝါး အခြေအနေ]: ကျန်းမာ (ပျော်ရွှင်)

[မကောင်းဆိုးဝါး အားနည်းချက်]: လျှပ်စစ်

[အဆင့်မြှင့်တင်ရန်လိုအပ်ချက်များ]: အဆင့်(၁၀)အထက် လျှပ်စစ်စွမ်းရည်ရှိသော မကောင်းဆိုးဝါး၏ သလင်းအမြုတေ (အဆင့်၁၀များမပါဝင်ပါ)၊ နှစ်တစ်ရာလျှပ်စီးသစ်သား ဖ၀၀ဂရမ်၊ အရိပ်မြက် ၁၀ ပင် (အသုံးပြုရန် လမ်းညွှန်ချက်များ:….)

ကောင်းဖန် အနည်းငယ်အံ့သြသွားရသည်။ သူ၏၁၈နှစ်ပြည့်မွေးနေ့မှစကာ သူ့တွင် မကောင်းဆိုးဝါးသတ္တဝါများ၏ အဆင့်သတ်မှတ်ချက်များနှင့် အခြားသော အချက်အလက်များကို မြင်နိုင်သည့် စွမ်းရည်ရရှိခဲ့ကြောင်း နားလည်ခဲ့သည်။ ဥပမာအားဖြင့် ယခု သူ့မျက်စိရှေ့တွင် ပေါ်လာသည့် ဇယားပုံစံမျိုးပင်။

မကောင်းဆိုးဝါးတိုင်းတွင် မတူညီသည့်ဇယားများရှိကာ ဥပမာအားဖြင့် အဖွားချန်၏ပင့်ကူလေးအတွက် အချက်အလက်များဆိုလျှင်–

[မကောင်းဆိုးဝါးအမည်]: မီးခိုးရောင်အစင်းကျားရှိသောပင့်ကူ

# ကောင်းဖန်

## စာစဉ် ၁

[မကောင်းဆိုးဝါးအဆင့်]: အဆင့် ၃

[မကောင်းဆိုးဝါးအဆင့်အတန်း]: ပုံမှန်

[မကောင်းဆိုးဝါးစွမ်းရည်]: သစ်သား

[မကောင်းဆိုးဝါး အခြေအနေ]: ကျန်းမာ (ပျော်ရွှင်)

[မကောင်းဆိုးဝါး အားနည်းချက်]: မီး

[အဆင့်မြှင့်တင်ရန်လိုအပ်ချက်များ]: .....

အစောပိုင်းတုန်းက ကောင်းဖန် သေတော့မလို့၊ အဲ့အကောင်ကို သူပစ်လိုက်တဲ့ လောင်ကျွမ်းနေတဲ့စက္ကူဘောလုံးက မီးနဲ့ တိုက်ခိုက်တဲ့ ပုံစံအမျိုးအစား တစ်ခု အဖြစ် ယူဆလို့ရသည်။ ဒါ့ကြောင့် အသစ်တွေ့ရှိထားတဲ့ သူ၏စွမ်းအင်က တိကျမှန်ကန်တဲ့ သတင်းအချက်လက်ကို ပေးတာဟုတ်မဟုတ် သိချင်သလို ၊ သူ၏ သိချင်စိတ် ပြင်းပြနေတာကို ထိန်းဖို့ အခြားအကြောင်းအရင်း မရှိတာ ကြောင့် အရဲ စွန့်ကာ စမ်းသပ် ကြည့်ခဲ့ခြင်းဖြစ်သည်။

ခဏလေး (မကောင်းဆိုးဝါး အခြေအနေ_ ပျော်ရွှင်??) ဒီတော့ ဒီ ပင့်ကူ ပုစိ ကငါနဲ့ အတည်ကြီး လာကစားနေတာပေါ့၊

## စာစဉ် ၁

ကြည့်ရတာတော်တော်ပျော်နေပုံဘဲ ဟက်...ကောင်းဖန် မျက်နှာက မဲမှောင်လာတော့တယ်။

ကောင်းဖန် ပထမဆုံး သူ့အစွမ်းကို သူပိုင်တဲ့ တာ့ဇီနဲ့ ဘာလို့ မစမ်းသပ်ခဲ့မိရတာလဲ၊ သူနဲ့ စမ်းသပ်ဖို့လည်း ခံနိုင်မှာ မဟုတ်ပါဘူး၊ ဒုတိယတစ်ခုက လျှပ်စီး ကိုသုံးပြီး တိုက်ခိုက်တဲ့ မည်သည့် ပုံစံအမျိုးအစားကိုမဆို ရှာဖွေရန် ခက်ခဲတယ်၊ သူ ဒါကို စမ်းသပ်တာမှာ လျှပ်စီးအနည်းငယ်ကို ကြိုးစားပြီး ဖျက်စီးနိုင်ပေမယ့်သူ့သုံးသပ် မှုအရ တာ့ဇီက အားမနည်းတဲ့ လျှပ်စီးကိုပစ်ခဲ့မယ်ဆိုရင် လျှပ်စီးနန်းကြိုးတွေက ကြွပ်ဆတ်တဲ့ အရာတွေကိုတောင် အလွယ်တကူလောင်ကျွမ်းစေနိုင်တယ် ဆိုတာ သူ သိသည်။

"စွမ်းအားအဆင့်မြှင့်တင်ဖို့" ဟူ၍ ကောင်းဖန်က သူ့ဘာသာတီးတိုးစွာရေရွတ် နေရင်း သူ၏မျက်လုံးများက မျှော်လင့်ချက်များနှင့် တောက်ပလို့နေတယ်။

အထူးအဆင့် မကောင်းဆိုးဝါးတွေက အလွန်ရှားပါးတယ်၊ တူညီပြီး အကောင် တစ်ရာလောက်ရှိတဲ့ မကောင်းဆိုးဝါးအုပ်ထဲမှာ အထူးအဆင့် မကောင်းဆိုးဝါးတစ် ကောင်ကို မတွေ့နိုင်ဘူး။

# ကောင်းဖန်

## စာစဥ် ၁

အထူးအဆင့်နဲ့ သာမန်အဆင့် မကောင်းဆိုးဂါးတွေရဲ့ ခွန်အားသတ်မှတ်ချက်တွေက မတူကြဘူး ၊ မကောင်းဆိုးဝါးတွေကတူညီတဲ့အဆင့် နှင့် တူညီတဲ့ မျိုးစိတ်ရှိရင်တောင် အထူးအဆင့်ရှိတဲ့ အကောင်က သာမန် မကောင်းဆိုးဂါး နှစ်ကောင်ကို တစ်ချိန်တည်းမှာ အားနည်းချက်မရှိဘဲ သတ်ပြစ်နိုင်တယ်။

အထူးအဆင့်အထိ မြှင့်တင်ပြီးနောက် စွမ်းအားတိုးမြှင့်ခြင်းက ပြီးပြည့်စုံခြင်း အဆင့်ထိထပ်တက်နိုင်သေးလား?၊ ပြီးပြည့်စုံခြင်း အဆင့်သို့မြှင့်တင်ခြင်းသည် အလွန် အရေးကြီးသည်၊ ပြီးပြည့်စုံသော အဆင့်ရှိသည့် အကောင်များသာလျှင် အကန့်အသတ် ဖြင့် အုပ်ချုပ်သူအဆင့်ထိတိုးမြှင့်နိုင်ကြသည်၊

ကောင်းဖန် အုပ်ချုပ်သူအဆင့်ရှိတဲ့အကောင်တွေကို အင်တာနက်နဲ့ တီဗွီထဲ မှာ သာမြင်ဖူးတယ်၊ ဒီသတ္တဂါတွေရဲ့ကြောက်မင်ဖွယ်စွမ်းအားတွေက သူ့စိတ်ထဲမှာ စွဲထင်နေခဲ့တယ်၊

# စာစဉ် ၁

သူ့ရဲ့စိတ်လှုပ်ရှားမှုကို မထိန်းနိုင်ဘဲ ကောင်းဖန်က တာ့ဇီရဲ့ အေးနေတဲ့ ခေါင်းလေးကို ပွတ်ကာ ပြောလိုက်တယ် “တာ့ဇီ ငါမင်းကိုသေချာပေါက် အထူးအဆင့် ထိရောက်အောင် မြှင့်ပေးမယ်။”

ကောင်းဖန်ရဲ့ မျက်လုံးထဲမှာတော့ တာ့ဇီက သူငယ်ချင်းတစ်ယောက် ထက်ပို တယ်၊ သူကကောင်းဖန်ရဲ့ တွဲဖက် ဖြစ်တယ်၊ လွန်ခဲ့တဲ့ သုံးနှစ်ကတည်းက သူနဲ့အတူ လိုက်ပါခဲ့တဲ့ တွဲဖက်သူငယ်ချင်း၊ သူ့မိဘတွေ ချန်ခဲ့တဲ့ တစ်ဦးတည်းသော အဖော်ဖြစ် တယ်၊

ကောင်းဖန် သူ၏လက်ကို လျှို့ဝှက်စွာ တင်းတင်းကြပ်ကြပ် ဆုပ်လိုက်တယ်၊ ထို့နောက် တာ့ဇီကို လွှတ်လိုက်ကာ မီးဖိုချောင်ဘက်ကို ထွက်ခဲ့တယ်၊ ရေခဲသေတ္တာကို ဖွင့်လိုက်ပြီး အေးနေတဲ့ အသားကို ထုတ်လိုက်တယ်၊ အေးခဲနေတဲ့ အသားက လှီးဖို့ ခက်ပြီး ရေခဲအနည်းငယ်လည်း တင်နေသေးတယ်၊ သူကဗွီဒိုထဲက သတ္တုပုဆိန်အသေး စားလေးကို ထုတ်လိုက်ပြီး

# ကောင်းဖန်

## စာစဉ် ၁

သစ်သားဖြင့်ပြုလုပ်ထားတဲ့ ဘုတ်ပေါ်မှာ အေးခဲနေတဲ့ အသားများကို သေချာစွာခုတ်လိုက်တယ်၊

*ဒုန်း……ဒုန်း*

သတ္တုပုဆိန်ဖြင့် အားထည့်ကာ ခုတ်နေမှုကြောင့် ရေခဲများကွဲကာ ဘေးသို့ လွင့်စင်ကုန်တယ်၊

အသားကို သေးငယ်တဲ့ အပိုင်းခြောက်ပိုင်းတုံးလိုက်ပြီးနောက် စတီးဒယ်အိုးကို ထုတ်လိုက်တယ်၊ ထို့နောက် ပုဆိန်လေးကိုသေချာစွာဆေးလိုက်ကာ အသားများကို ပန်းကန်ထဲထည့်လိုက်တယ်၊

ထို့နောက်ရေခဲသေတ္တာထဲမှ မုန်လာဥနီ အနည်းငယ်ယူလိုက်ကာ ဆေးကြောလိုက်ပြီး အိုးထဲသို့မထည့်ခင် အတုံးကြီးကြီးလေး လှီးဖြတ်လိုက်တယ်၊

# ကောင်းဖန်

## စာစဉ် ၁

တာ့ဇီ အတွက် ဒီနေ့ညစာပင်။ သူက တစ်နေ့ကို အသား နှစ်တုံး ၊မနက် တစ်ခါ ညတစ်ခါ စားတယ်၊

တာ့ဇီရဲ့ အစာကရိုးရှင်းတယ် အသားတုံးအစိမ်းနဲ့ မုန်လာဥနီ ဒါမှမဟုတ် ချက်ထားတဲ့ အမဲသားနဲ့အာလူး ဖြစ်တယ်။ သူ့အစားအစာက အလွန်ကွဲပြားတယ်၊ တာ့ဇီကို ပျိုးထောင်စဉ်က ကောင်းဖန်က ဘယ်အစားအစာကိုကျွေးရမယ်ကို ဆုံးဖြတ်သောအခါ အလွန်သတိကြီးစွာထားခဲ့တယ်၊ အဲ့ဒါထက် ဘယ်သူမှ ကင်းခြေများ ကို ပျိုးထောင်ဖူးတဲ့ အတွေ့အကြုံရှိမှာမဟုတ်ဘူး။

ကောင်းဖန် အင်တာနက်မှာ အချက်အလက်တွေ ရှာကြည့်တော့ ကင်းခြေများ တွေက  အမျိုးမျိုးသော အစာတွေကို စားနိုင်တဲ့ သတ္တဝါတွေဖြစ်ကြောင်း နောက်ပိုင်းမှ ရှာတွေ့ခဲ့သည်။ သူတို့က သဘာဝအားဖြင့် ကြမ်းပိုးများ၊တီကောင်၊ပုရစ်၊နွားချေးပိုး၊ခြ၊ ပုစဉ်း၊ လိပ်ပြာ၊ ပျားနှင့် ၎င်းတို့၏ဥများ၊ ခူကောင်၊စသည်ဖြင့်သေးငယ်တဲ့

## စာစဉ် ၁

အကောင် တွေကိုစားသည်။တစ်ချိန်တည်းမှာဘဲ ၎င်းတို့က ကျိုင်းကောင်များ၊ ခရု၏အသားများ၊ ကလီစာနှင့်အူများ၊ သွေးနဲ့ ငါးများ၏အရွတ်များ၊ ကြက်၊နွား၊ဝက်တွေလည်းစားသည်၊ သူတို့က အပင်ရဲ့ အခွံ ၊ အာလူး၊ မုန်လာဥနီ၊ အသီးအရွက်စသည်နှင့် နို့ပေါင်မုန့် များ ကိုတောင် စားနိုင်သည်။

ဒါပေမယ့် ကောင်းဖန်က ပုံမှန်အားဖြင့် ပျင်းတဲ့လူဖြစ်တယ်၊ တဲ့ဇီကို အသား စိမ်းနှင့်အတွင်း ကလီစာများကျွေးခြင်းက အနံ့ဆိုးထွက်ပြီး သန့်ရှင်းဖို့ခက်တယ်။

ကြမ်းပိုးတွေက အနားတဝိုက်မှာဘဲ ရှိတတ်တာကြောင့် ကောင်းဖန်က ရှာဖွေ သေးတယ်၊ တဲ့ဇီကိုကျွေးဖို့ အနီးနားမှာရှိတဲ့ ဥယျာဉ်တွေနဲ့ စိမ်းလန်းတဲ့မြေနေရာ တွေမှာ သွားရှာတယ်၊ ဒါပေမယ့် တဲ့ဇီကြီးလာတာနဲ့အမျှ ဒီအစဉ်က အလုပ်မဖြစ် တော့ဘူး ဆိုတာသိလိုက်တယ်၊ ကြမ်းပိုးတွေကိုဖမ်းဖို့နေ့တစ်ဝက်လောက်ကြိုးစား

# ကောင်းဖန်

## စာစဉ် ၁

သည့်တိုင် တာဇီ ကိုကျွေးဖို့လုံလုံလောက်လောက်မဖမ်းနိုင်သေးဘူး၊ အသားက လွယ် ကူပြီး ရိုးရှင်းတယ်။ ထို့အပြင် အသားကို ဈေးမှ ပေါပေါများများဝယ်လို့ရသည်။

ဈေးမှ အင်းဆက်ကောင်များ ဝယ်ဖို့လုပ်နေစဉ် အကယ်၍ ကောင်းဖန် တာ့ဇီ အတွက် အင်းဆက်အသားတွေ တစ်ခုချင်းစီဝယ်နေပါက ဈေးကြီးလွန်းလို့  နောက်ကျ တာ့ဇီကို ဆက်မွေးဖို့ အကြောင်းအရင်း မရှိတော့။

ကောင်းဖန် မိဘတွေ မရှိတော့တဲ့နောက်ပိုင်း သူ့မိဘတွေရဲ့ ပင်စင်လစာငွေ အများအပြားကိုသူဘဲ ကိုင်တွယ်ရတယ်၊ သူ့မိဘတွေ စုဆောင်းထားတဲ့ ငွေများနှင့် ကောင်းဖန်က  နှစ်များစွာကုန်ဆုံးသည် အထိ သူ၏ရိုးရှင်းသောဘဝလေး ရှင်သန်ရန် လုံလောက်သော ငွေကြေးရှိသည်၊

# စာစဉ် ၁

ရိုးရှင်းတဲ့ဘဝမှာ ရိုးရှင်းတဲ့ လူတစ်ယောက် အဖြစ်နေထိုင်ရသည်မှာ လုံလောက်ပြီ ဖြစ်သည်၊

သူ၏မိဘတွေ သေဆုံးပြီး နောက်ပိုင်းမှာ မထင်မရှား သာမန်လူတစ်ယောက် အနေနဲ့ ခန့်မှန်းရခက်တဲ့ ကမ္ဘာကြီးမှာနေထိုင်နိုင်ပါ့မလား ဆိုတာ ကြိုတင်မသိနိုင်ဘူး။

သာမာန်ဖြစ်ခြင်းဆိုတဲ့ အဓိပ္ပါယ်ကတော့ သာမာန်ပါဘဲ၊ ဆိုလိုတာကတော့ အန္တာရာယ်ရှိနေတဲ့ အချိန်မှာ ကူကယ်ရာမဲ့ခြင်းတဲ့။

***

# စာစဉ် ၁

စာစဉ် ၁

# *အခန်း ၃ သားရဲလေ့ကျင့်သူ*

ကမ္ဘာမြေသည် ကပ်ဘေးကြီးတစ်ခုနှင့်ကြုံတွေ့ခဲ့ရပြီးနောက် လုံးဝနေရာအသစ်တစ်ခုဖြစ်သွားခဲ့သည်။

လွန်ခဲ့သောသုံးနှစ်က ကမ္ဘာမြေကြီးသည် မည်သူမျှမမှန်းဆနိုင်ခဲ့လောက်သည့် ပြောင်းလဲမှုကြီးတစ်ခုကို ကြုံတွေ့ဖြတ်သန်းခဲ့ရသည်။ ကောင်းကင်ကြီးသည် မှောင်မိုက်လာခဲ့ကာ ရေတွက်၍မရနိုင်လောက်သော အနက်ရောင်အက်ကွဲကြောင်းများက ကောင်းကင်ယံထက်တွင် ခြေသည်းရာများကဲ့သို့ ဖြစ်ပေါ်လာခဲ့သည်။

ထိုအက်ကွဲကြောင်းများသည် မှန်တစ်ချပ်ကွဲကျေနေသကဲ့သို့ပင်။ ထိုအပိုင်းအစများမှတစ်ဆင့် လူသားများသည် ကျယ်ပြောကာ အကန့်အသတ်မဲ့သည့် ကမ္ဘာကြီးကို မြင်တွေ့နိုင်ခဲ့သည်။ ထိုအက်ကွဲကြောင်းတစ်ခုခြင်းစီ၏ အနောက်တွင် လျှို့ဝှက်ဆန်းကြယ်သည့်နေရာကြီးတစ်ခုရှိနေခဲ့လေသည်။

သို့သော် မည်သူ့လူသား သို့မဟုတ် လူလုပ်စက်ကိရိယာကမှ ထိုအက်ကွဲကြောင်းများအတွင်းမှ သီးခြားကမ္ဘာကြီးကို ဝင်ရောက်နိုင်ခြင်း

## စာစဉ် ၁

အဆက်အသွယ်လုပ်နိုင်ခြင်းမရှိခဲ့ပေ။ ကြီးမားလှသည့် လေဝဲဂယက်ကြီးများက ထိုအက်ကွဲကြောင်းတစ်ခုစီတိုင်းကို လှည့်ပတ်လွှမ်းခြုံလို့ထားလေသည်။

ထိုအချိန်က နိုင်ငံတစ်နိုင်ငံမှနေပြီး ထိုအက်ကွဲကြောင်းထဲသို့ ဝင်ရောက်နိုင်ရန်အတွက် တိုက်လေယာဉ်များ စေလွှတ်ခဲ့သေးသည်။ သို့သော်လည်း အမာကြောဆုံးသော သတ္တုစပ်များကတောင်မှ ထိုလေဝဲဂယက်ကြားတွင် တစ်စစီကျိုးပဲ့လို့သွားခဲ့ရပေသည်။ ၎င်းတို့သည် အလွယ်တကူချိုးဖွဲ့ခံလိုက်ရကာ အသေးငယ်ဆုံးသော အပိုင်းအစလေးများအသွင်သို့ ပြောင်းလဲသွားပြီးနောက် ကောင်းကင်ယံတွင်ပဲ သဲလွန်စလေးပင် မကျန်ခဲ့ဘဲ ပျောက်ကွယ်လို့သွားတော့သည်။

ထိုသို့ဖြစ်ပြီးနောက်တွင်တော့ မည်သည့်နိုင်ငံကမှ ထိုအက်ကွဲကြောင်းများအနားသို့ မချဉ်းကပ်ရဲတော့ပေ။ နေ့တစ်ဝက်အကြာတွင်တော့ အက်ကွဲကြောင်းများသည် သူ့အလိုလိုပြန်လည်ပျောက်ကွယ်သွားခဲ့ပြန်သည်။

## စာစဉ် ၁

သို့ပေမည့် တကယ့်အိပ်မက်ဆိုးကြီးကတော့ အခုမှစတင်မည်ဖြစ်သည်။

ကမ္ဘာတစ်ဝှမ်းလုံးတွင် ထိုသို့အက်ကွဲကြောင်းများ တစ်ခုပြီးတစ်ခုပေါ်ပေါက်လာကာ အချို့ကတော့ ခဏလေးဖြင့် ပြန်လည်ပျောက်ကွယ်သွားပေမည့် အချို့ကတော့ ဆက်လက်တည်ရှိနေခဲ့သည်။ ထိုအက်ကွဲကြောင်း ကြီးကြီးသေးသေး အားလုံးသည် ကမ္ဘာတစ်ခုနှင့် တစ်ခုဆက်သွယ်ထားသည့် ဂိတ်ပေါက်တစ်ခုလိုမျိုးပင်။

မရေမတွက်နိုင်လောက်အောင် များပြားသည့် ကမ္ဘာများသည် ထိုဂိတ်ပေါက်များမှ တဆင့် ချိတ်ဆက်လာကြပြီးနောက် အခြားကမ္ဘာများမှ မကောင်းဆိုးဝါးသားရဲများက ကမ္ဘာမြေပေါ်သို့ ဖြတ်သန်းရောက်ရှိလာကြတော့သည်။ အကြောင်းအရင်းမသိသည့် အချို့သောအချက်များကြောင့် တခြားကမ္ဘာလောကမှသက်ရှိများသည် လေဟာပြင်ကိုပဲဖြတ်သန်းခဲ့၍ပဲလား ဘုရားသခင်ကပဲ ဤကဲ့သို့ဖြစ်လာစေရန် ဆုံးဖြတ်ချက်ချခဲ့ခြင်းကြောင့်ပေလား မသိပေမည့် ကမ္ဘာမြေပေါ်မှ ပုံမှန်အတိုင်းရှိနေသည့် တိရိစ္ဆာန်များနှင့် အပင်များသည် ရုတ်တရက်ဆိုသလို စိုးရိမ်ထိတ်လန့်ဖွယ်ရာနှုန်းဖြင့်

## စာစဉ် ၁

ကြီးထွားလာခဲ့ကြသည်။ ၎င်းတို့အားလုံး အသွင်ပြောင်းလဲကုန်ကြတော့သည်။

လူသားမျိုးနွယ်များသာလျှင် ပြောင်းလဲမှုမရှိခဲ့ခြင်းဖြစ်သည်။

သို့သော် လူသားများအားလုံး သူတို့ကို ကမ္ဘာကြီးက စွန့်ပစ်လိုက်ပြီဟု ထင်နေသည့်အချိန်တွင်ပဲ တစ်စုံတစ်ဦးက လူသားများတွင် ဖြစ်ပေါ်နေသည့် ပြောင်းလဲမှုကြီးကို ရှာဖွေတွေ့ရှိသွားခဲ့သည်။ လျှို့ဝှက်စွမ်းရည်တစ်ခုသည် လူသားများ၏ သွေးနှင့် ဝိညာဉ်ထဲတွင် နက်နက်ရှိုင်းရှိုင်းပုန်းအောင်းနေခဲ့ပြီး ၎င်းမှာ သွေးစာချုပ်ပင်!

လူသားနှင့်မကောင်းဆိုးဝါးသားရဲကြားမှ နှစ်ဦးနှစ်ဖက် အပြန်အလှန်သဘောတူညီမှုဖြင့် နှစ်ဖက်လုံးအတွက် တစ်ဦးကိုတစ်ဦးယုံကြည်မှုများ တိုးပွားလာနိုင်သည့် မိတ်ဖက်များဖြစ်လာနိုင်ပေသည်။ သူတို့ကိုတော့ သားရဲလေ့ကျင့်သူများဟု ခေါ်ဆိုလာကြသည်။

ဤရှာဖွေတွေ့ရှိမှုက လူသားများအတွက် စိတ်လှုပ်ရှားစရာအသစ်တစ်မျိုးကို ဖြစ်ပေါ်လာစေခဲ့သည်။

## စာစဉ် ၁

ထိုသားရဲများဖွံ့ဖြိုးလာသည့်အတိုင်း သူတို့ကတော့ စွမ်းအားများမရရှိနိုင်သော်လည်း ထိုသားရဲများကိုတော့ ထိန်းချုပ်နိုင်ပေသည်။

သားရဲလေ့ကျင့်သူများတည်ရှိလာခြင်းကြောင့် လူသားများသည် သူတို့နေထိုင်ရာပတ်ဝန်းကျင်ကို တိုးတက်လာအောင် ကြိုးပမ်းလာကြတော့သည်။ ထိုကြောက်မက်ဖွယ်သားရဲများကို အမြောက်လက်နက်တစ်မျိုးတည်းဖြင့် ထိန်းချုပ်နိုင်ဖို့ရန်က ပို၍ပို၍ခက်ခဲလာရသည်။

အရေးအပါဆုံးအချက်သည်က သားရဲလေ့ကျင့်သူတစ်ဦးဖြစ်ဖို့ရန် စွမ်းရည်အများကြီးသိပ်မလိုအပ်တာကြောင့်ပင်။ တကယ်တော့ သားရဲလေ့ကျင့်သူအလုပ်ကို လက်ခံနိုင်ဖို့ရန်က အတော်လေးဖြစ်နိုင်ပေသည်။

မည်သူမဆို သားရဲလေ့ကျင့်သူတစ်ယောက်ဖြစ်လာနိုင်သလို မည်သူမဆို ကိုယ်ပိုင်ရင်းနှီးသည့်သားရဲရှိနိုင်ပေသည်။

အိမ်ထောင်စုတိုင်း သားရဲတစ်ကောင် သို့မဟုတ် နှစ်ကောင်တော့ မွေးမြူလာခဲ့ကြသည်။ ‘သားရဲ’ဟု ယေဘုယျခေါ်ဝေါ်ကြသော်လည်း

## စာစဉ် ၁

၎င်းတို့မှာ အခြားကမ္ဘာမှဆင်းသက်လာကြသည့် ကမ္ဘာမြေမှ တိရိစ္ဆာန်နှင့်အပင်များ ပြောင်းလဲသွားကြခြင်းသာဖြစ်သည်။

အချို့သောသားရဲများသည် အလွန်ရက်စက်ကြမ်းကြုတ်သော သဘောသဘာဝရှိကာ အလွန်ရန်လိုသည့်အပြုအမူများရှိကြသည်။ အချို့သားရဲများသည်တော့ လှည့်စားတတ်သော သဘာဝရှိကြလေသည်။ လူသားများ ယဉ်ပါးအောင် ထိန်းကျောင်းထားသည့် သားရဲများသည်တော့ သူတို့ပိုင်ရှင်များ၏ အမိန့်ကို ထိရောက်စွာလိုက်နာနိုင်ကြပြီး ယခင်အချိန်များတုန်းက အိမ်မွေးခွေးကြောင်များလိုပင်။ လုံးဝရန်လိုလေ့မရှိသည့် သားရဲများတောင်ရှိပါသေးသည်။

၎င်းမှာ နောင်လာမည့်မျိုးဆက်သစ်များကို လွှမ်းမိုးသွားမည့် ရွှေခေတ်တစ်ခုပင်ဖြစ်ကာ လူသားများအတွက် သမိုင်းကြောင်း အလှည့်အပြောင်းတစ်ခုအနေဖြင့် နယ်မြေသစ်တစ်ခုဆီသို့ဦးတည်သွားနိုင်ပေမည်။ ကောင်းဖန်သည် ပုံမှန်အားဖြင့် သူ့ဘဝကို ဘာမှအထူးတလည် ပြုလုပ်ခြင်းမရှိဘဲ ကုန်ဆုံးပစ်သည့်လူတစ်ယောက်ဖြစ်သည်။

## စာစဉ် ၁

“ကမ္ဘာကြီးသည် အလွန်ကျယ်ပြောလှသည်။”ဟူသော စကားစုသည် မှတ်ကျောက်တစ်ခုမျှသာမဟုတ်တော့ပေ။ ဒီကမ္ဘာမြေကြီးအပြင် အခြားသော ရေတွက်၍မရနိုင်သည့် ကမ္ဘာပေါင်းများစွာကို ကောင်းဖန် ရှာဖွေဖော်ထုတ်သွားနိုင်ပေမည်။

“ကျွန်တော့်မိဘတွေကို တခြားကမ္ဘာတစ်ခုမှာ ပြန်လည်ရှင်သန် ထမြောက်နိုင်မယ့်နည်းလမ်းကို ရှာဖွေသွားမယ်။” ကောင်းဖန် သူ့ဘာသာသူ အဖန်တလဲလဲ ရေရွတ်နေကျစကားပင်။

ဤယုံကြည်ချက်သည် သူ့နှလုံးသားထဲတွင် နက်နက်ရှိုင်းရှိုင်း ထည့်သွင်းထားခဲ့သည့် မျိုးစေ့တစ်ခုနှင့်တူကာ ယခုဆိုလျှင် စတင်အပင်ပေါက် ကြီးထားလို့နေပေပြီ။ ထို့အပြင် မရေမတွက်နိုင်သည့် ကမ္ဘာများနှင့် ထောင်သောင်းချီသည့် ဂြိုလ်များတွင် သေချာပေါက် သူလိုချင်တောင့်တနေသည့် စွမ်းရည်တည်ရှိနေလိမ့်မည်ဟုလဲ ကောင်းဖန် ယုံကြည်ထားပေသည်။

ကောင်းဖန် ဆိုဖာထက်တွင် လှဲအိပ်ရင်း တီဗွီကို ဖွင့်လိုက်သည်။ တီဗွီထဲတွင်တော့ သတင်းအစီအစဉ်လာနေကာ ပုံမှန်လွှင့်နေကျဖြစ်သည့် ကမ္ဘာကြီးဘယ်လောက်တောင် ငြိမ်းချမ်းနေတယ်၊

## စာစဉ် ၁

နောက်ထပ်ဘယ်ဒေသကတော့ ဘေးကင်းလုံခြုံသည့်နေရာဖြစ်လာပြန်ပြီ၊ ဘယ်ဒေသတွေမှာတော့ လူသားများ အန္တရာယ်ရှိသည့်သားရဲများကို တွေ့ခဲ့ရပြန်သည် စသည်ဖြင့် လူတိုင်းအတွက် သတိပေးသည့်အချက်အလက်များကိုလဲ ထည့်သွင်းကြေညာနေစဲပင်။

ဒါတွေကတော့ ပုံမှန်တင်ဆက်နေကျသတင်းများဖြစ်ပေမည့် ကောင်းဖန်သည်တော့ အရာအားလုံးကို မှတ်ဉာဏ်ထဲတွင် စွဲမြဲနေပြီဖြစ်တာကြောင့် အားလုံးအတူတူလိုပင်ခံစားရနေရသည်။

ရုတ်တရက်ဆိုသလို သတင်းတစ်ပုဒ်က ကောင်းဖန်၏အာရုံကို ဖမ်းစားလို့သွားခဲ့သည်။

သတင်းအစီအစဉ်၏ အဆိုအရ အရွယ်အလွန်ကြီးမားပြီး ကြမ်းတမ်းရက်စက်သည့် ဆင့်ကဲဖြစ် စဉ်ကိုခံစားခဲ့ရသော ရောမခြေလေးချောင်းသတ္တဝါကြီး၏ခြေသည်းကို မြေလွှာ ကွက်လပ်ကြီးအပြင်ဘက်တွင်တွေ့သည်တဲ့၊ ဒီစူပါသားရဲကြီးရဲ့ တည်ရှိမှုက ကောင်းဖန်အတွက် အသစ်အဆန်း ဖြစ်လို့နေသည်။

ကောင်းဖန်

## စာစဉ် ၁

သိပ္ပံပညာရှင်တွေက ထိုသတ္တဝါဟာ ဒဏ္ဍာရီထဲမှာ သာရှိပြီးနတ်ဘုရားတွေနဲ့တောင်နှိုင်းယှဉ်နိုင်တယ်လို့ ယူဆကြလေသည်။ ၎င်းမှာစိတ်ကူးကြည့်လို့တောင် မရနိုင်တဲ့ စွမ်းအားကြီးတဲ့ ဒဏ္ဍာရီလာ ဧကရာဇ်သားရဲဖြစ်နိုင်ပေသည်။

သတင်းအစီအစဉ်ပြီးဆုံးတဲ့နောက် မြင်ကွင်းကအဖြူရောင်ဝတ်စုံနဲ့ ရွှေရောင် ဆံပင်ရှိတဲ့ အမျိုးသမီးတစ်ယောက်ပုံပြောင်းသွားတယ်၊ သူမက လက်ချောင်း တစ်ချောင်း အရွယ်လောက်ရှိတဲ့ မျိုးရိုးဗီဇ သေနတ်ကိုကိုင်ထားပြီး ၎င်းအတွင်းမှာ ဖြတ်သန်းစီးဆင်း နေတဲ့ အပြာရောင်ပုံဆောင်ခဲအရည်ရှိသည်။

“နဂါးအဖွဲ့အစည်းက အပြာရောင်အစွမ်းရှိတဲ့ သားရဲရဲ့ ဗီဇနဲ့ဆင်တူကာ ပိုကောင်း တဲ့သွေးရည်ကြည် အသစ်နဲ့ မိတ်ဆက်ပေးတာဖြစ်ပြီး  သာမာန်သားရဲတွေ အတွက် အထူး အဆင့်သို့ မြှင့်တင်တဲ့ အခါမှာ ၆၀% အထိအောင်မြင်နိုင်ပြီး အဆင့်မြင့်သားရဲတွေအ

စာစဉ် ၁

တွက်ကတော့ ၂၀% အကျိုးသက်ရောက်မှုရှိမှာပါ၊ ကျနော်တို့ ရဲ့ထုတ်ကုန်ကို အသုံးပြု ခြင်းဖြင့် ကျွမ်းကျင်အဆင့် သားရဲပျိုးထောင် သူတွေအတွက် အဆင့်တိုးမြှင့်ခြင်းတွေမှာ ရလဒ် ကောင်းတွေ ရရှိနိုင်ပါတယ်။ ဒါကတော့ သင်တို့အတွက်လိုအပ်တဲ့ ခေတ်သစ်ထုတ်ကုန် တစ်ခုဘဲ ဖြစ်ပါတယ်။”

ကောင်းဖန် တီဗွီကိုပိတ်လိုက်ပြီး အံ့အားသင့်နေခဲ့တယ်၊ တစ်ချိန်တည်းမှာဘဲ မျှော်လင့်ခြင်းတွေလောင်မြိုက်နေတော့သည်။ သားရဲပျိုးထောင်သည့် အလုပ်ကို သူမလုပ်ဖူးတာ ကြောင့် ဒီအလုပ်ကိုစိန်ခေါ်ဖို့ သူကြောက်နေသည်။ ဒါပေမယ့် သားရဲပျိုးထောင်သူတွေ အနေနဲ့ လူ့အဖွဲ့အစည်းနဲ့ပိုမိုထိတွေ့ဆက်ဆံရန်အတွက် အခွင့်အရေးဖြစ်သည်၊

အဲ့ဒီနောက် ရင်းနှီးတဲ့သားရဲတစ်ကောင်နဲ့ သားရဲလေ့ကျင့်ပေးသူသည် စိတ်ခံစားမှု ပိုင်းဆိုင်ရာတွင်

## စာစဉ် ၁

ဆက်နွယ်မှုရှိသည်။ တချို့ကြည့်မယ်ဆိုရင် သားရဲတွေနဲ့ရင်းနှီးကျွမ်းဝင်မှုက သူတို့ရဲ့ မိသားစုဝင်အတိုင်းဘဲ။ သဘာဝအားဖြင့် သူတို့နဲ့ရင်းနှီးကျွမ်းဝင်နေတဲ့ သားရဲတွေကို သူတို့တတ်နိုင်သလောက်အကောင်းဆုံးလုပ်ပေးချင်ကြသည်။

ဤအရာအားလုံးက ကောင်းဖန် ၏စိတ်နှလုံးထဲတွင် ခိုင်မာသောမျှော်လင့်ချက် များကို ဖြစ်ပေါ်လာစေသည်။ နည်းပညာတွေ ပိုမိုတိုးတက်လာသည်နှင့်အမျှ ကောင်းဖန် ရဲ့ စိတ်ထဲမှာ လည်း အတွေးအခေါ်အသစ်တွေ ပေါ်လာခဲ့သည်၊ သူဘယ်တော့မှ မတွေးရဲ တဲ့ အတွေးများသည် အတိတ်တွင်သာဖြစ်နိုင်သည်။ တစ်နေ့မှာပြန်လည် ရှင်သန်ထ မြောက်ခြင်းကဲ့သို့သော နည်းပညာအသစ်များ အနာဂါတ်တွင် ပေါ်လာနိုင်သည်၊

သူလက်ကိုတင်းတင်းကြပ်ကြပ်ဆုပ်လိုက်ကာ၊ ကောင်းဖန် သူ ဘယ်တော့ မှ သာမာန် လူမဖြစ်စေရဘူးလို့ ဆုံးဖြတ်ချက်ချလိုက်တယ်၊

# ကောင်းဖန်

## စာစဥ် ၁

သာမာန်ဖြစ်ရခြင်းသည် အရှုံးပေး ခြင်းကိုဆိုလို၏၊ အကယ်၍ လူတွေကို ရှင်သန်ထမြောက်ဖို့ နည်းလမ်း တစ်နေ့ နေ့မှာရှိနိုင်ပါက ကောင်းဖန်သည် လုံလောက်အောင်မကြိုးစားခဲ့ခြင်း ကြောင့်  ထို အခွင့်အရေးက သူ့လက်ကြားထဲမှလွဲချော်သွားခဲ့လျှင် သူဘယ်လိုမှနေနိုင်မည်မဟုတ်ပေ။

တာ့ဇီအတွက်ညစာကိုပြင်ဆင်ပြီးနောက် ကောင်းဖန် ဧည့်ခန်းထဲကိုသွားကာ စတီး ပန်းကန်လုံးကို ကြမ်းပြင်နဲ့ခေါက်လိုက်ပြီး *ဘန် ဘန် ဘန်* လို့ကျယ်လောင် ပြီးရှင်းလင်း တဲ့အသံပေးလိုက်တယ်။

တာ့ဇီက သူ၏ခေါင်းပေါ်မှယိမ်းနေတဲ့ဦးမျှင်အစုံကြောင့် အစာအနံ့ကို အစောကြီး ကတည်းက ရနေပြီးဖြစ်သည်၊ ၎င်းက စတီးခွက်ခေါက်သံကိုကြားသည်နှင့် သုတ်သုတ်ပြာ ပြာပြေးထွက်လာသည်။ သူ၏ခြေထောက်များကိုအသုံးပြုကာ ပန်းကန်လုံးရဲ့အစွန်အဖျား ပေါ်တင်လိုက်ပြီး

# ကောင်းဖန်

## စာစဉ် ၁

ခန္ဓာကိုယ်တစ်ဝက်လောက်ကို ပန်းကန်ထဲသို့နှစ်ထားလိုက်သည်၊သူ၏

ချွန်ထက်နေတဲ့အစွယ်တွေက ကတ်ကြေးတစ်စုံနဲ့တူပြီး

အစာများကိုမြို့မချခင်အပိုင်းသေး လေးများအဖြစ်ညှပ်လိုက်သည်၊

ဝက်ဘ်ဆိုက်နဲ့ကောင်းဖန် ဖတ်သောစာအုပ်များအရ

ကင်းမြီးကောက်ရဲ့ ခရမ်း ရောင်ကျောပြင်နဲ့

အဝါရောင်ခြေထောက်များက အဆိပ်ဂလင်းရှိသော်လည်း တာ့ဇီ

သည်အဆိပ်ကို တစ်ခါမှုထုတ်မသုံးဘူးပေ။ အဆိပ်က အစိတ်အပိုင်း

နှစ်ခုကဘဲထုတ်နိုင် ပြီး ပါးစပ်ပိုင်းနှင့်

ပထမပိုင်းမှခြေဆစ်လက်ဆစ်များမှဖြစ်သည်။ သဘာဝအားဖြင့်

ဦးခေါင်းအရှေ့ရှိ ပါးစပ်ပိုင်းတွင်ကြီးမားတဲ့ ကတ်ကြီးပုံစံ

ပါးစပ်အစိတ်အပိုင်းရှိသည်၊  ပထမပိုင်းမှခြေဆစ်လက်ဆစ်များသည်

ကင်းခြေများပင်မကိုယ်ထည်၏ ပထမဆုံးအစုံ တွင်ရှိသည်။

# ကောင်းဖန်

## စာစဉ် ၁

ကောင်းဖန်က ၎င်းကိုမြှင့်တင်ပေးခဲ့တဲ့အတွက် တာ့ဇီက ကောင်းဖန်ကို ကိုက်တာ(သို့) သူ့ရှေ့မှာ အဆိပ်အနည်းငယ်မျှပင် မထုတ်မသုံးဖူးပေ။ အိမ်မှာရှိတဲ့များပြားတဲ့ အင်းဆက်ပိုးမွှားလေးတွေကတော့ တာ့ဇီထံမှ အများအပြား ခံစားကြရသည်၊

တာ့ဇီကို ပျိုးထောင်ပြီးချိန်တွင် သူ့အိမ်တွင်ရှိသော အင်းဆက်ပိုးများသည် မျိုးတုန်းသွားပုံရသည်၊ သူတို့အားလုံး အိမ်မှထွက်ပြေးတာ ဒါမှမဟုတ် စားခံရတာထဲက တစ်ခုခုဘဲ။

ဆိုဖာပေါ်မှာထိုင်ရင်း တာ့ဇီ အငမ်းမရစားနေတာကိုကြည့်ပြီး ကောင်းဖန် အကူ အညီမဲ့စွာ ပြုံးကြည့်နေမိသည်။အဲ့ဒီနောက် သူ့အတွေးတွေနဲ့ စပြီးလွင့်မျောနေပြန်သည်၊ သူတွေ့မြင်ခဲ့တဲ့သတင်း အချက်အလက်ဘောင်က မှန်ကန်ကြောင်းပြသနေသည်၊ အဲ့လို

## စာစဉ် ၁

ဖြစ်လာတာက သူကိုယ်တိုင် သားရဲပျိုးထောင်သူ ဖြစ်လာဖို့ ကြိုးစားခဲ့တာကြောင့် ဖြစ်နိုင်သည်၊

သားရဲပျိုးထောင်သူတို့၏တစ်ခုတည်းသောလုပ်ငန်းသည် သားရဲတို့၏စွမ်းအင် အဆင့်ကို မြှင့်တင်ပေးရသော သတ္တဝါများကို အထူးပြုသည့်အလုပ် ဖြစ်သည်၊

သားရဲအမျိုးအစားများကို သတ်မှတ်မထားဘဲ မည့်သည့် အရွယ်အစား ပုံသဏ္ဍာန် မဆို ပါဝင်သည်။ဘာကြောင့်လဲဆိုတော့ ဒီနယ်မြေဟာ သတ္တဝါအားလုံးနှင့် ပတ်သတ် ပြီး ကျယ်ကျယ်ပြန့်ပြန့် အသိပညာရှိရန်လိုအပ်သည်၊ သာမာန်လူ တစ်ယောက်က သားရဲပျိုး ထောင်သူဖြစ်ဖို့ အခွင့်အရေး မရှိပေ။

သားရဲပျိုးထောင်သူဖြစ်ဖို့ ပထမဆုံးလိုအပ်တာကတော့ သားရဲတို့၏ အလေ့အကျင့်နှင့် စရိုက်များကို ကျယ်ကျယ် ပြန့်ပြန့်ဖတ်ရှုရန် လိုအပ်သည်။

## စာစဉ် ၁

ဒုတိယအချက်ကတော့ ဤဗဟုသုတများကို အသုံးပြု၍ သားရဲ၏အမျိုးအစားနှင့် အရည်အချင်းပေါ်အခြေခံ၍ လိုအပ်ချက်များကို ကောက်ချက်ချရန်လိုအပ်သည်။ ဒါက သားရဲလေ့ကျင့်သူတွေထက် ပိုပြီးလေးစားစရာကောင်းတဲ့ အလုပ်ဖြစ်သည်၊

သားရဲလေ့ကျင့်ပေးသူတွေရဲ့ဘဝဟာ သူတို့ထိန်းချုပ်ထားတဲ့သားရဲတွေအပေါ်မှာ မှီခိုနေရပြီး လုံလောက်တဲ့ အဆင့်မြင့်မားသောသားရဲတွေအတွက် အဆင့်တိုးတက်ရန်က မဖြစ်မနေလိုအပ်တယ်။ သားရဲရဲ့အဆင့်တိုးမြင့်လာမှုက တိုက်ခိုက်ရေးအစွမ်းသတ္တိကို ပါအချိုးကျ တိုးမြင့်လာခြင်းနှင့်ပါဆိုင်သည်ဟု ဆိုလိုနိုင်သည်။

သားရဲပျိုးထောင်သူတွေဟာ သားရဲလေ့ကျင့်ပေးသူတွေကို သူတို့ရဲ့ သားရဲ အဆင့် မြင့်တင်ပေးတဲ့အခါမှာ ကူညီပေးနိုင်တယ်။ထို့ကြောင့် သားရဲပျိုးထောင်သူတွေက လူ့အဖွဲ့အစည်းမှာ အထူးနေရာရခဲ့ကြတယ်၊

# ကောင်းဖန်

## စာစဉ် ၁

ကမ္ဘာကြီးကိုပြောင်းလဲစေသည့် ကပ်ဆိုးကြီးပြီးကတည်းက သုံးနှစ်မျှသာရှိသေး သည်၊ သားရဲမျိုးစိတ် အရေအတွက်ကို မရေတွက်နိုင်သေးပေ။ သားရဲ အသစ်များကို မကြာခဏ ရှာတွေ့ခြင်းဖြင့် သားရဲအဆင့် တိုးမြင့်နိုင်ရန်အတွက် ရနိုင်သောနည်းလမ်း များအားလုံးကို မှတ်တမ်းတင်ထားခြင်းမရှိပါ၊ ကမ္ဘာကြီးသည် ဤဖြိုးတိုးတက်မှု ဇရိယာကို လှည့်ပတ်နေသည်ဟုခံစားနေရသည်၊ ကောင်းဖန်ဟာ သူ့သားရဲ တွေရဲ့တိုး တက်မှုစံနှုန်း တွေကိုမြင်နိုင်ဖို့အတွက် အံ့ဩစရာကောင်းလောက်အောင် စွမ်းဆောင် နိုင်မယ်လို့ ခံစားနေရသည်။

***

## *အခန်း ၄ ကမ္ဘာ့သစ်အစိုးရမဟာမိတ်*

တာ့ဇီ၏သားရဲအဆင့်ကို ကောင်းဖန်မြှင့်တင်ပေးချင်ပေမည့် လိုအပ်သည့်ပစ္စည်းများ၏ ဈေးနှုန်းကို သိပြီးနောက်တွင်တော့ ဤစိတ်ကူးကို ခဏလောက်ဆိုင်းငံ့ထားရုံမှလွဲ ရွေးချယ်စရာမရှိတော့ပေ။ တာ့ဇီကို နေ့စဉ်ကျွေးမွေးရသည့် အသားဖိုးသည်ပင် သူ့ပိုက်ဆံအိတ်ကို မီးလောင်သလို အပေါက်ကြီးတစ်ခုဖြစ်သွားစေပေသည်။ ကောင်းဖန်ကတော့ ပြောနေစရာမလိုအောင် ဆင်းရဲလှသူပင်။

ထို့အပြင် တာ့ကျီကို အဆင့်မြှင့်ပေးရန်လိုအပ်သည့် ပါဝင်ပစ္စည်းမှာ အဆင့်၁၀အထက်ရှိသည့် လျှပ်စစ်အမျိုးအသားသားရဲ၏ သလင်းအမြုတေဖြစ်ကာ ဈေးအကြီးဆုံးသော ပစ္စည်းတစ်မျိုးဖြစ်ပြီး အနည်းဆုံး မဟာမိတ်အဖွဲ့ခရက်ဒစ်အနည်းဆုံး ၁၀ခုလောက်ပေးရပေမည်။

မဟာမိတ်ငွေကြေးဆိုသည်မှာ လွန်ခဲ့သည့်၂နှစ်ကျော်လောက်က ကမ္ဘာပေါ်ရှိနိုင်ငံအားလုံး အတူတကွ စုပေါင်းကာ ကမ္ဘာလုံးဆိုင်ရာ မဟာမိတ်အဖြစ် တည်ထောင်ချိန်တွင် စတင်မိတ်ဆက်ပေးခဲ့သော

# စာစဉ် ၁

ငွေကြေးအမျိုးအစားသစ် တစ်မျိုးဖြစ်သည်။ ဒီမတိုင်ခင်က အသုံးပြုခဲ့သော ငွေကြေးပုံစံအားလုံးကိုတော့ ဖျက်သိမ်းခဲ့လေသည်။ ကမ္ဘာသစ်မဟာမိတ်အစိုးရမှ သတ်မှတ်ထားသော ငွေကြေးပုံစံနှစ်မျိုးစလုံးကို လူတိုင်းသုံးဆွဲခဲ့ကာ မဟာမိတ်ဒေါ်လာ နှင့် မဟာမိတ်ခရက်ဒစ်များဟု ခေါ်ဝေါ်လေသည်။

မဟာမိတ်ခရက်ဒစ်များသည် မဟာမိတ်ဒေါ်လာကို အခြေခံ၍ အဆင့်မြှင့်တင်ထားသည့် ငွေကြေးပုံစံတစ်ခုဖြစ်သည်။ မဟာမိတ်ဒေါ်လာ ၁၀၀၀၀ကို မဟာမိတ်ခရက်ဒစ်တစ်ခုဖြင့် လဲလှယ်၍ရပေသည်။

လက်ရှိတွင်တော့ နိုင်ငံသားများသည် မဟာမိတ်ဒေါ်လာများကိုသာ အသုံးပြုကြပေသည်။ မဟာမိတ်ခရက်ဒစ်များကို အသုံးပြုသူများမှာတော့ သားရဲလေ့ကျင့်သူများ၊ ဘဏ်အဖွဲ့အစည်းများနှင့် မဟာမိတ်အစိုးရ၏အရာရှိများသာဖြစ်သည်။ ဟီယာဆေး၏အဆိုအရ အင်အားအကြီးဆုံးနှင့် အာဏာအရှိဆုံးသူများ၏ အမြင်တွင် မဟာမိတ်ခရက်ဒစ်များသည် ကိန်းဂဏန်းမျှသာဖြစ်လေသည်ဟုပင်။ ထိုသို့ထိပ်တန်းလူများသည် သူတို့လိုအပ်သည်ကို ကုန်ပစ္စည်းချင်းသာ လဲလှယ်လေ့ရှိပေသည်။

# စာစဉ် ၁

လက်ရှိတွင်တော့ ကမ္ဘာကြီးသည် ကြီးမားလှသည့် ခေတ်သစ်တစ်ခု၏အလယ်သို့ရောက်ရှိနေပြီဖြစ်သည်။ သားရဲများသည်လဲ ထူးဆန်းသည့် အံ့ဖွယ်စွမ်းရည်များဖြင့် ကမ္ဘာမြေပေါ်သို့ ရောက်ရှိလာပေပြီ။ ထို့အပြင် သားရဲများမှရရှိထားသည့် ပစ္စည်းများသည်လဲ သတ္တုများ၊ လူလုပ်ပစ္စည်းကိရိယာများထက် ပို၍သာလွန်သည့် အစွမ်းသတ္တိရှိပေသည်။

သားရဲအသေကောင်များမှ ရရှိသည့် ပစ္စည်းများသည် မတန်တဆဈေးနှုန်းများဖြင့် ရောင်းဝယ်ကြသော်လည်း ထိုပစ္စည်းကို ဦးအောင်ဝယ်ဖို့ကပင် မလွယ်ကူလှပေ။ ဒါကတော့ ကစားပွဲတစ်ခုမဟုတ်ဘဲ လက်တွေ့ဖြစ်ပေါ်နေသည့် အခြေအနေသာဖြစ်သည်။ ဤနေရာတွင် ပြန်လည်ရှင်သန်ဖို့ရန် ပြန်လည်ကျန်းမာလာဖို့ရန် ဆေးဝါးများလဲမရှိပေ။ ကမ္ဘာအစစ်တွင်သေဆုံးခြင်းသည် အမှန်တကယ်သေဆုံးခြင်းသာ။ သားရဲများမှပစ္စည်းများရရှိရန်အတွက် ကန္တာရတောနက်ကြီးထဲလဲသွားဖို့လိုသလို တခြားကမ္ဘာသို့လဲ သွားဖို့ရန်လိုအပ်ပြီး သားရဲများဖြင့် အသေအကျေတိုက်ခိုက်ကြဖို့ရန်လဲ လိုအပ်ပေသည်။

## စာစဉ် ၁

အကယ်၍ လူတစ်ယောက်ကသာ ထိုသို့တောနက်ကြီးထဲသွားရာ လမ်းတွင် အနည်းငယ်မျှ ဂရုမထားမိပါက ကစားပွဲတစ်ခုသာမဟုတ်သည့်အတွက် မတော်တဆမှုမျိုးဆုံနှင့် အလွယ်တကူကြုံတွေ့ရနိုင်သည်။ သားရဲများ ပေါက်ဖွားရာအရပ်ဒေသများကတော့ မတူညီပေ။ သာမာန်မြို့လေးတစ်မြို့တွင်လဲ ဧကရာဇ်အဆင့်သားရဲတစ်ကောင်ကို တွေ့ရန်ဖြစ်နိုင်ပေမည့် ၎င်းမှာ တစ်လတစ်ကြိမ်ထွက်ရှိသည့် ထီဆုကြီးကို ပေါက်ဖို့ရန်အတွက် ကံစမ်းရသလိုပင်။

ယခုအချိန်တွင်တော့ ယခင်ခန့်မှန်းစုဆောင်းထားသော အချက်အလက်များနှင့် တဆင့်စကားများမှနေပြီး သားရဲအမျိုးအစားများနေထိုင်ရာ ဧရိယာကို ကြိုတင်ခန့်မှန်း ထွက်ချက်နိုင်နေပြီဖြစ်သည်။

ကောင်းဖန် လွန့်ခဲ့သည့်တစ်နှစ်တုန်းက တစ်ကမ္ဘာလုံးကို တုန်လှုပ်စေခဲ့သော အဖြစ်အပျက်ကြီးကို ပြန်အမှတ်ရသွားသည်။ ကမ္ဘာမြေ၏ကျော်ကြားသော အဆင့်မြင့်နည်းပညာ ကုမ္ပဏီများအနက်မှ တစ်ခုသည် ထိုအချိန်က ထိပ်တန်းသားရဲလေ့ကျင့်သူတစ်ဦးကို ငှားရမ်းရန်အတွက် ငွေကြေးအမြောက်အမြားသုံးစွဲခံသည်။

## စာစဉ် ၁

ထိုသားရဲလေ့ကျင့်သူသည် အလွန်အားကောင်းသည့် အုပ်ချုပ်သူအဆင့်သားရဲနှစ်ကောင်ကို ပိုင်ဆိုင်ထားပေသည်။

ကုမ္ပဏီဘက်မှလိုချင်သည်ကတော့ အုပ်ချုပ်သူအဆင့်သားရဲမှရရှိမည့် ပစ္စည်းများကိုသာဖြစ်သည်။

ထိုသားရဲလေ့ကျင့်သူ သူ၏သားရဲနှစ်ကောင်ကို သီးခြားတောတစ်ခုထဲသို့ ခေါ်ဆောင်သွားပြီး နှစ်ရက်အကြာတွင်တော့ တောထဲမှနေ တုန်လှုပ်ချောက်ချားဖွယ်ရာအသံကြီးတစ်သံ ထွက်ပေါ်လာခဲ့သည်။ မောင်းသူမဲ့လေယာဉ်ဖြင့် ရိုက်ကူးထားသော ဗီဒီယိုဖိုင်မှတစ်ဆင့် တောအုပ်ကြီးအလွယ်တွင် ခေါင်းစိုက်နေသည့် ကြောက်စရာရောမသားရဲကြီးတစ်ကောင်ကို တွေ့မြင်နိုင်ပေသည်။ ၎င်းသားရဲကတော့ နဂါးတစ်ကောင်ပင်!

ထိုနဂါး၏နဖူးပေါ်တွင် သတ္တုနှင့် အနက်ရောင်လိမ်ယှက်ထားသည့် ဦးချိုပါရှိနေပုံအရ ထိုရောမသားရဲကြီးမှာ နဂါးအစစ်တစ်ကောင်မဟုတ်ကြောင်း ညွှန်ပြလို့နေသည်။ ရှေးတရုတ်ဒဏ္ဍာရီများအရ ခေါင်းထက်တွင် ချိုတစ်ချောင်းရှိနေသည်က ချိုတစ်ချောင်းနဂါးပင်။

# စာစဉ် ၁

မည်သို့ပင်ဆိုစေ မောင်းသူမဲ့လေယာဉ်ဖြင့် ရိုက်ကူးထားသော ထိုရိုက်ချက်သည် ကမ္ဘာကြီးတစ်ခုလုံးကို ထိတ်လန့်တုန်လှုပ်သွားစေခဲ့ပေသည်။

ဒဏ္ဍာရီလာသတ္တဝါတစ်ကောင်က ငါတို့ရဲ့လက်ရှိကမ္ဘာကြီးမှာ ပေါ်ထွက်လာပေပြီ!

ထိုသတင်းသည် ထိုအချိန်က ဖြစ်ပျက်နေသမျှ အခြားသော သတင်းများအားလုံးကို ဖုံးလွှမ်းသွားတော့သည်။ လူတိုင်းကလဲ ထိုအကြောင်းကိုသာ တောက်လျှောက်ပြောဆိုနေကြသည်။ အချို့ကတော့ ထိတ်လန့်ကြောက်ရွံ့နေကာ အချို့ကတော့ချောက်ချားလို့နေပြီး အချို့အတွက်ကတော့ ထိုသတင်းကြောင့် ရည်မှန်းချက်များကို လှုပ်နှိုးပေးလိုက်သလိုပင်။ သို့ပေမည့် ထိုနေ့က တောထဲဝင်သွားခဲ့သည့် သားရဲလေ့ကျင့်သူသည်တော့ ဘယ်တော့မှပြန်ထွက်မလာခဲ့တော့ပေ။

ထိုတောရဲ့ အလယ်ကို တားမြစ်နယ်မြေအဖြစ်သတ်မှတ်ထားကာ ဘယ်သူမှ တောနက်တဲ့အထိစွန့်စားပြီး မသွားရဲကြတော့ပေ။ ပြီးတော့ ထိုတောရဲ့ အစွန်အဖျားနား ဖြတ်သွားတဲ့သူတွေတောင် တောအုပ်

## စာစဉ် ၁

အလယ်ကထိတ်လန့်ကြောက်ရွံ့ဖို့ကောင်းတဲ့ တည် ရှိမှုကို ခံစားသိနိုင်ပေသည်။

ဒါက သားရဲသလင်းအမြုတေကိုရဖို့ ဘယ်လောက်ခက်ခဲတယ်ဆိုတာကို ပြတာပါဘဲ၊ ဒါကြောင့်ဘဲ ဘာလို့သားရဲသလင်း အမြုတေများ၏ဈေးနှုန်း ဤမျှမြင့်မားနေကြောင်းကို ရှင်းပြလို့သွားပေပြီ။

သားရဲသလင်းအမြုတေကို အခြားသားရဲများကသုံးပြု၍လဲ ၎င်းတို့၏ ဆင့်ကဲ ဖြစ်စဉ်ကို မြှင့်တင်နိုင်ကြသည်။ ဤအရာက အစောပိုင်းကတည်းကသိရှိခဲ့တဲ့ လျှို့ ဝှက်ချက် အသစ်တစ်ခု ဖြစ်ပေသည်၊ ထို့ကြောင့် အဲ့နေရာမှာ ဘယ်လိုဘဲ သားရဲသလင်း အမြုတေတွေ အများကြီးရှိနေပါစေ ထောက်ပံ့ဖို့ ဘယ်လိုမှမလုံလောက်နိုင်ဘူး။

## စာစဉ် ၁

လူသားများသည် ရုတ်တရက်ရောက်လာသော ကပ်ဆိုးအတွင်း သားရဲများကို တိုက်ခိုက်ရန် အမြောက်တပ်အား မှီခိုနေရသည့် ကာလပြီးဆုံးပြီး ကနဦးကာလတွင် လေ့ကျင့်ရေးများပြုလုပ်ခဲ့ကြကာ မကောင်းဆိုးဝါး သားရဲများကိုသုတ်သင်ရန် စစ်တပ် ဘက်မှ ဒုံးကျည်များ အမြောက်တပ်များကို အသုံးပြုခဲ့ကြသည်။ သို့သော် ထိုနည်းလမ်း သည် အလယ်အလတ်အဆင့် နှင့် အဆင့်နိမ့်သားရဲများကိုသာ ရှင်းလင်းနိုင်ကြောင်း အလျင်အမြန် သိရှိခဲ့သည်။ အမြောက်တပ်သည် အားကောင်းသော သားရဲများကို မထိန်းချုပ်နိုင်ဘဲ ၎င်းတို့၏ဒေါသကို ဆွပေးသလိုသာဖြစ်နေသည်၊

ထို့အပြင် သားရဲများကိုသတ်ရန် အမြောက်တပ်များကိုအသုံးပြုခြင်းဖြင့် အများစုကို အသား တုံးများအဖြစ် လျှော့ချမိပြီး အသုံးဝင်သော အစိတ်အပိုင်းအများစုကို ဖျက်ဆီးပစ်မိစေပြန်သည်။ မာကြောသောအစိတ်အပိုင်းများနှင့်

## စာစဉ် ၁

သားရဲသလင်းအမြုတေသာ ကျန်ရစ်ခဲ့ရသည်၊ ဒါကြောင့်အမြောက်များကို အသုံးပြုသောနည်းလမ်းနှင့် အဆင့်နိမ့်သားရဲ အများစုကို ရှင်းလင်းပြီး ပစ္စည်းများကို ရယူဖို့ဆိုတာမဖြစ်နိုင်ပေ၊

အသေအချာပင် အမြောက်အများသော သလင်းအမြုတေများကို ရရှိခြင်းကြောင့် လူသားတို့၏ရှေ့ဆောင် သားရဲလေ့ကျင့်ပေးသူများနှင့် ကိုယ်ပိုင်သားရဲများ၏ စွမ်းအားသည် ပိုမို ကြီးထွားလာစေပြီး လူသားတို့၏မွေးရပ်မြေနှင့် သားရဲများကိုပါကာကွယ်ရန် ခွင့်ပြု ကြသည်။

ဘေးအန္တရာယ်ကျရောက်ပြီးနောက် ကမ္ဘာမြေသည်အစဉ်မပြတ် ကြီးထွားလာနေ ပြီးတိုးချဲ့လျှက်ရှိသည်ကို လူသားများသိရှိခဲ့သည်၊ အာကာသထဲသို့လွှတ်တင်သောဂြိုလ် ထုအားလုံးသည် ဘေးအန္တရာယ်စဖြစ်သည့် အချိန်မှစ၍ ပျက်စီးခဲ့ကြပြီး လူသားတို့အား ဂြိုလ်ပြောင်းလဲမှုကို ကြည့်ခြင်းမှ တားဆီးခဲ့သည်။

ကောင်းဖန်

---

# စာစဉ် ၁

အာကာသကောင်းကင်၌ လှိုင်းလေထန်မှုအကွာအဝေး၏ အကျိုးဆက်များသည် တစ်ဖြည်း ဖြည်းတည်ငြိမ်လာသောအခါ လူသားများသည် ဂြိုလ်ထုများကို အာကာသ ထဲသို့ ထပ်မံလွှတ်ကြသည်၊ သို့မှသာ ကမ္ဘာကြီးသည် သူတို့အတွက်ထူးခြားသောပုံစံတစ် မျိုးအဖြစ်ပြောင်းလဲခဲ့သည်ကို သူတို့သဘောပေါက်သိရှိမည် ဖြစ်သည်၊

ကမ္ဘာမြေမျက်နှာပြင်သည် အကြိမ်များစွာ တိုးချဲ့လာသည်! ထိုကိန်းဂဏန်းများ သည် တဖြည်းဖြည်းတိုးလာနေပြီး အဆုံးမှာတော့စံနှုန်းမှာတည်ငြိမ်လာသည်။

လူနေထိုင်မှုနည်းသောနေရာများတွင် ပြောင်းလဲမှုများသည် ကြီးကြီးမားမားသက်  ရောက်မှုမရှိပေ။ တကယ့်အသွင်ပြောင်းမှုများသည် လူနေများသော နေရာများတွင် သာ အဖြစ်များခဲ့သည်။ တောများ၊ မြစ်များ၊ ချိုင့်ဝှမ်းများနှင့် လူမနေသောနေရာများတွင် ပြောင်းလဲမှုနည်းသည်၊ အာကာသမှကမ္ဘာမြေသည် လုံးဝစိမ်းလန်းနေသော ကမ္ဘာမြေ အဖြစ်ပြောင်းလဲ သွားပုံရသည်၊

ကောင်းဖန်

---

# စာစဉ် ၁

အမျိုးမျိုးသော မြေပြင်အပြောင်းအလဲများသည် ကြီးမားသောအပြောင်းအလဲများ နှင့်ကြုံတွေ့ရပြီး လူတို့နှင့်ရင်းနှီးကျွမ်းဝင်သောကမ္ဘာမြေကို ရုတ်တရက်ပြောင်းလဲစေခဲ့သည်။

ကမ္ဘာမြေပေါ်ရှိအမျိုးမျိုးသောပြောင်းလဲမှုများသည် အခြားကမ္ဘာများသို့ ဦးဆောင် နေသည်မှာ ပို၍ထိတ်လန့်စရာကောင်းသည်။ဤအခြားကမ္ဘာများနှင့်ပတ်သတ်သော သတင်းအချက်အလက်များကို အဆင့်အလိုက်လျှို့ဝှက်ထားဆဲဖြစ်ပြီး လူ့အဖွဲ့အစည်း၏ အမြင့်ဆုံးလူတွေသာသိသော်လည်း ၎င်းတို့အသိပညာများတည်ရှိမှုကိုသိထားခြင်းသည် လူတိုင်း၏ခေါင်းပေါ်တွင် ဓားများရှိနေသကဲ့သို့ဖြစ်နေသည်။ သူတို့က လူသားမျိုးနွယ်အပေါ် အန္တရာယ်ကျရောက်ခြင်းသည်

# စာစဉ် ၁

အချိန်မရွေးဖြစ်လာနိုင်ပြီး သူတို့အတွက်လုံးဝလုံခြုံမှုမရှိ နိုင်ဟုသတိပေးခဲ့သည်။

ထိုအခြေအမြစ်မရှိသောစိုးရိမ်မှုများကိုသယ်ဆောင်ရင်း ကောင်းဖန် သည်ဆိုဖာ ပေါ်တွင် အိပ်ရင်းစီးမျောသွားလေသည်။ထိုအချိန်မှာဘဲ တာ့ဇီရဲ့ ဦးမျှင်အစုံက ပတ်ပတ် လည်ကို အနည်းငယ်ဝှေ့ယမ်းလိုက်တယ်။ ထို့နောက်သူက အိပ်ယာသို့သွားသောလမ်းဆီ သွားလိုက်ပြီး သူ၏ကြီးမားသောခြေချောင်းများကိုသုံးကာ ဒုက္ခခံစွာဖြင့် အိပ်ယာမှစောင် ကိုဆွဲချလိုက်ပြီး ဧည့်ခန်းထဲသို့ယူသွားတော့သည်၊ တာ့ဇီက သူ့ရဲ့ခရမ်းရင့်ရောင်ကျောပြင် အစိတ်အပိုင်းတစ်ခုချင်းစီကို ခါကာပွတ်တိုက်နေပြီး ကြည်လင်နေသော သတ္တုကို ပွတ်တိုက်နေသလိုအသံမျိုး ထွက်ပေါ်လို့နေသည်။

# ကောင်းဖန်

## စာစဉ် ၁

စောင်ကိုပါးစပ်နှင့်တင်းတင်းကိုက်ထားပြီး တည့်မတ်သောအနေအထားသို့ပြောင်း လိုက်သည်။ ထို့နောက်ခေါင်းကို ဆတ်ခနဲခါ၍ဆွဲပြီးလှုပ်ရှားလိုက်ကာ ကောင်းဖန်၏ အပေါ်ပိုင်းတွင်စောင်ကို ပစ်ချလိုက်သည်၊

တာ့ဇီရဲ့ ရှေ့ပိုင်းခြေချောင်းတွေက ကြမ်းပြင်ပေါ်ကိုချလိုက်ပြီး ဆိုဖာအောက်သို့ ချက်ချင်းပြန်ဆုတ်သွားသည်၊ သူ့ရဲ့တစ်ထောင်လောက်ရှိတဲ့ခြေချောင်းတွေကို ကွေးကာ ခန္ဓာကိုယ်ဆီပို့လိုက်ပြီး  အေးနေသော ကြမ်းပြင်မှဝှက်ထားလိုက်သည်။

သူ၏ဦးမျှင်အစုံက ယိုင်လာကာပျင်းရိစွာနဲ့ သူ့ခေါင်းအထက်မှာ အနားယူလိုက် တော့သည်။ တာ့ဇီရဲ့ မျက်လုံးတွေက တစ်ဖြည်းဖြည်း ညွတ်ကျလာပြီး အိပ်ပျော်သွား တော့သည်။

***

# စာစဉ် ၁

စာစဉ် ၁

## *အခန်း ၅ မစွမ်းရှုန်*

နောက်တစ်နေ့မှာတော့ ကောင်းကင်ကြီးက ပြန်လည်တောက်ပလာပြီး နာရီ သံပါတ်သည်လဲ မြည်တီးလို့လာတာကြောင့် ကောင်းဖန် ဆိုဖာပေါ်အိပ်နေရာမှ ထလိုက်သည်။

ဟင်??သူဘယ်အချိန်တုန်းက သူ့အပေါ်စောင်ခြုံမိတာပါလိမ့်၊ကောင်းဖန် သိချင် စိတ်တို့နဲ့ သူ့ခေါင်းကိုပွတ်သတ်လိုက်ပြီး ရှုပ်ထွေးနေသည်။ ဒါနဲ့ပါတ်သတ်ပြီး ဘာမှထပ်မတွေးတော့ဖို့ ဆုံးဖြတ်လိုက်ပြီး အမြန်ထကာ သူ့ကိုယ်သူသန့်ရှင်းလိုက်သည်။

သန့်ရှင်းရေးလုပ်ပြီးတဲ့နောက် ကောင်းဖန် ကြိုတင်ပြင်ဆင်ထားတဲ့ အသားညှပ်ပေါင်မုန့်ကို မြန်မြန် စားလိုက်ပြီး တဇ္ဇဗီကို ဆိုဖာအောက်မှ ဆွဲထုတ်လိုက်သည်။ တဇ္ဇဗီက ကောင်းဖန် ဆွဲထုတ်လိုက်တဲ့နောက် ပျင်းရိစွာ ပါလာပြီး ဘာလှုပ်ရှားမှုမှမရှိဘဲ ကြမ်းပြင်ပေါ်မှာ ခြေကားယား လက်ကားယားပုံစံဖြင့် နေမြဲတိုင်းသာနေနေသည်၊ သူ့ရဲ့အဝါရောင်

## စာစဉ် ၁

ခြေချောင်းတွေနဲ့ ကြမ်းပြင်ကို ခြစ်မိပြီး *ရှား....ရှား*ဆိုတဲ့အသံကို ပြုလုပ်နေတယ်။

ကောင်းဖန် သူ့၏ကြီးမားတဲ့ သားရဲကိုနေရာချကာ အသက်ပြင်းပြင်းရှူလိုက်တယ်၊ မဟုတ်သေးပါဘူး ဒီငတိက သောက်ရမ်းလေးတာဘဲ လို့ကောင်းဖန်တွေးမိလိုက်တယ်၊  ဒီငတိ ကိုယ့်ဘာသာဘဲ လမ်းလျှောက်ရမယ်၊

ကောင်းဖန် ဆောင့်ကြောင့် ထိုင်လိုက်ပြီး တဲ့ဇီရဲ့ ကျောခွံကိုခေါက်လိုက် ကာကြည်လင်ပြတ်သားတဲ့ *ဒန် ..ဒန်* ဆိုတဲ့အသံထွက်လာပြီး                    ကောင်းဖန်က“တဲ့ဇီ မင်းကိုယ့်ဘာသာ လမ်းလျှောက်ရမယ်နော် နားလည်လား။” ဟုပြောလိုက်သည်။

တဲ့ဇီက သူ့ခေါင်းကိုမြှောက်လိုက်ပြီး ဦးမျှင်အစုံကို ပျင်းရိစွာ လှုပ်ယမ်းလိုက်ကာ ပြန်ကြားချက်တစ်ခုပေးလိုက်သည်။ အဲ့ဒီနောက် သူ့ရဲ့ ခြေကားယား လက်ကားယား ပုံစံအတိုင်း တစ်လက်မမှ မလှုပ်ဘဲပြန်နေလေသည်။

# ကောင်းဖန်

## စာစဉ် ၁

ကောင်းဖန် ဘာလုပ်ရမှန်းတောင် မသိတော့ဘူး၊ တချို့တချို့သော အကြောင်းတွေကြောင့် ဒီငတိက ပိုပြီး ပိုပိုပြီး ပျင်းလာသလိုဘဲ၊ ကောင်းဖန် မျက်မှောင်ကြုတ်ကာ ခဏ လောက် စဥ်းစားလိုက်တယ်။ သူ တစ်ခါကမစ္စတာကျန်းအတန်းထဲမှာ ပြောဖူးတဲ့ သားရဲနဲ့ ရင်းနှီးသူတွေ သူတို့ကိုထိန်းချုပ်ဖို့အတွက် လိုအပ်တဲ့နည်းလမ်းတွေနဲ့ ပုံမှန်လုပ်ရိုးလုပ်စဉ် တွေအကြောင်းကို ပြန်တွေးလိုက်တယ်၊ လူတွေက ဒီသတ္တဝါတွေကို မကောင်းဆိုးဝါး သားရဲတွေလို့ ခေါ်ပေမယ့် အခြေခံအားဖြင့် ၎င်းတို့က လူတွေနဲ့ ကွဲပြားကာ ခံစားသိမြင် တတ်ပြီးအာရုံခံနိုင်စွမ်းရှိတဲ့ သဘာဝရှိတယ်၊

အာရုံခံစားနိုင်စွမ်းအပြည့်နဲ့ သူတို့မှာ စိတ်ခံစားမှုတွေရှိတယ် ပြီးတော့ သဘာဝ အားဖြင့် သူတို့ဆက်ဆံရေးက ကောင်းမွန်တယ်၊ တူညီတဲ့သားရဲမျိုးစိတ်ရှိတယ်ဆိုရင် တောင် လူတွေလိုမျိုး သူတို့မှာ များစွာသော မတူညီတဲ့ ဆက်ဆံရေးတွေရှိကြတယ်။

အကယ်၍ လူတစ်ယောက်က အားနည်းပြီးသူရဲဘောကြောင်တဲ့စရိုက်ရှိရင် နှစ် အနည်းငယ်လောက် တင်းကျပ်တဲ့စစ်တပ်ထဲမှာ လေ့ကျင့်ရေးဆင်းပြီး ဒီလူရဲ့ လူမှု ဆက်ဆံရေးကိုခိုင်မာလာအောင်နဲ့

## စာစဉ် ၁

ပိုပြီးဒဏ်ခံနိုင်လာအောင်လုပ်နိုင်တယ်၊ ဒီနည်းလမ်း တစ်ခုတည်းကိုဘဲ သုံးပြီး တိုက်ပွဲအတွက် မသင့်တော်သေးတဲ့သားရဲတွေကို အထူး လေ့ကျင့်ရေးနည်းလမ်းတွေနဲ့ ပိုမိုရင်းနှီးကျွမ်းဝင်သွားအောင် ပြုလုပ်နိုင်တယ်။

တဲ့ဇီ ဒီလိုပျင်းရိဖို့ ငယ်လွန်းသေးတယ်၊အိမ်မှာအကြာကြီးနေနေရင် အိပ်ယာ ပေါ်ကအာလူးကောင်ရဲ့ စိတ်သဘောထား တိုးတက်ဖို့ကြာနေလိမ့်မည်၊ကောင်းဖန် နောက်တစ်ခေါက်ထိုင်ချလိုက်ပြီး တဲ့ဇီကို ဆွဲဆောင်တဲ့အသံနဲ့တီးတိုးစွာပြောလိုက်တယ် “မင်းတစ်ခုခုစားချင်လား၊ ငါတို့အပြင်ထွက်ပြီး ကစားကြမလား၊အဲ့မှာ ပိုးကောင်တွေ အများကြီးရှိတယ်နော်။”

တဲ့ဇီရဲ့ လှုပ်ယမ်းနေတဲ့ ဦးမျှင်အစုံက ခဏလောက်အေးခဲသွားပြီးနောက် ရုတ်တရက် ဦးမျှင်ကိုထောင်မတ်လိုက်သည်၊

## စာစဉ် ၁

သူကခေါင်းကို လှည့်လိုက်ပြီး ကောင်းဖန်ကို တည့်တည့်စိုက်ကြည့်လိုက်လာတာကြောင့် ကောင်းဖန်က ပြန်ပြုံးပြလိုက်၏။

တဲ့ဇီရဲ့ လည်ပင်းပတ်လည်မှာ သားရေလည်ပတ်ရှိကာ၊ငင်း၏နောက်မှာ ငွေရောင် ချိန်းကြိုးနှင့်ပူး၍ချည်ထားပြီး ကောင်းဖန်ရဲ့လက်၌ကိုင်ထားသည်။

ကောင်းဖန် သူ့ရဲ့အနီရောင်ကျောင်းလွယ်အိတ်အား သယ်ကာ တဲ့ဇီနဲ့အတူ လမ်းလျှောက်သွားရင်း လူတွေကလည်း သူတို့ကို ဖြတ်ကျော်သွားကြတယ်။

ကင်းခြေများနဲ့အတူလမ်းလျှောက်တာကိုမြင်ရတာက အနည်းငယ် ထူးဆန်း ပေမယ့် ကောင်းဖန်က ထိုမျှလောက်အာရုံစိုက်မှုကို မခံရချေ။ လက်တွေ့မှာ အိမ်ထောင်စုတိုင်းက မကောင်းဆိုးဝါးသားရဲများကို စောင့်ရှောက်ထားပြီး အန္တရာယ် ကပ်ဆိုးကြီး မတိုင်ခင်ကြောင်တွေ ခွေးတွေစောင့်ရှောက်သလိုမျိုး ကျွေးမွေး စောင့် ရှောက်နေကြပြီမဟုတ်ပါလား။

# စာစဉ် ၁

ဒီအပြင် သားရဲတွေကလည်း ပုံစံမျိုးစုံ အရွယ်မျိုးစုံရှိလာကြသည်၊ လူအများစုက နောက်မှဝင်လာတဲ့ ချစ်ဖို့ကောင်းတာ ဒါမှမဟုတ် ကြီးကျယ်ခမ်းနားသောပုံစံရှိတဲ့ သားရဲ တွေကို ရွေးချယ်ကြတယ်၊တစ်ချိန်တည်းမှာဘဲ အဲ့မှာ မတူညီတဲ့အကြိုက်ရှိသူတွေက ထူးဆန်းတဲ့သားရဲများကို ရွေးချယ်တတ်ကြတယ်၊

ဥပမာအားဖြင့်  ကောင်းဖန်ရဲ့ ဘယ်ဘက်က နို့စို့ကလေးရဲ့ လက်မောင်း အရွယ် လောက်ရှိတဲ့ ထူထဲတဲ့ချိန်းကြိုးကိုကိုင်ထားသော ဖက်ရှင်ကျကျဝတ်စားထားတဲ့ အန်တီ ကြီးက သုံးမီတာ ခြောက်မီတာလောက်ရှည်တဲ့ အလတ်စားအရွယ် နှင်းဖြူခြသေ့ခွေးနှင့် အတူလမ်းလျှောက်နေခြင်းပင်ဖြစ်သည်။

မှန်ပါတယ်၊ ဒီအရွယ်အစားလောက်ရှိတဲ့ခွေးကို အကြီးစား၊အလတ်စားလို့ပြောကြ ပေမယ့် အခုခေတ်ဒီအရွယ်အစားကတော့ ငယ်တဲ့ခွေးအနေနဲ့သာမှတ်ယူကြသည်။

# ကောင်းဖန်

## စာစဉ် ၁

ကောင်းဖန်
သူဦးတည်ချက်ဖြစ်တဲ့ရုံးဝန်ထမ်းတစ်ဦးလိုဝတ်ဆင်ထားပြီးနက်က
တိုင်ချည်ထားတဲ့ လူကြီးဆီကို
မြန်မြန်လျှောက်သွားလိုက်သည်။သူ၏ပုခုံးပေါ်မှာ နားနေ တဲ့
အနီရောင်နဲ့အနက်စပ်ကြက်တူရွေးက သူ့မျက်လုံးများကိုပိတ်ကာ
ငိုက်နေသည်။

နှင်းဖြူခြသေ့်ခွေးကိုဖြတ်လာပြီးနောက် ကြက်တူရွေးက
သူ၏မျက်လုံးများကိုဖွင့် ကာ လှည့်ကြည့်လိုက်ပြီး
အေးစက်စွာနဲ့တွံမြည်လိုက်တယ် “သေစမ်း!!”

နှင်းဖြူခြသေ့်ခွေးကရပ်လိုက်ပြီး
ကြက်တူရွေးကိုလှည့်ကြည့်လိုက်သည်၊ သူ့မျက်လုံးတွေက
မီးအိမ်ကဲ့သို့ကြီးမားပြီးစူးစမ်းလိုစိတ်ပြည့်နေသည်၊

“ငတုံးကောင် မင်းကဘာကိုကြည့်တာလဲ။”
ကြက်တူရွေးရဲ့လျှာကထက်တယ်။

“ဝုတ်” နှင်းဖြူခြသေ့်ခွေးကပျော်ရွှင်စွာဟောင်လိုက်ပြီး
ကြက်တူရွေးကို လျှက်ဖို့သူ ၏လျှာကိုထုတ်လိုက်သည်။

## စာစဉ် ၁

ကြက်တူရွေးက လိမ္မာပါးနပ်စွာ အဝေးကိုပျံသန်းသွားပြီး
နှင်းဖြူခြသေ့်ခွေးရဲ့ သွား
ရည်တွေပေနေတဲ့ရိုးဝတ်စုံနဲ့နက်ကတိုင်ကိုသေသပ်စွာ ဝတ်ဆင်ထားတဲ့
သူ့ပိုင်ရှင်ကို ချန်ကာ ထွက်သွားတော့သည်။

အမျိုးသမီးကလျင်မြန်စွာတောင်းပန်လိုက်သည်၊ လူကြီးက
ရှုံ့မဲ့ကာပြုံးလိုက်ပြီး “ဒါကရပါတယ်၊
ဒါကကျွန်တော့်ရှူးနှမ်းတဲ့ကြက်တူရွေးရဲ့ ညစ်ပတ်တဲ့ပါးစပ်ကြောင့်
ဖြစ်တဲ့အမှားပါ ၊ ငါဒါကိုသုံးလိုက်မယ်၊ ရုံးခန်းကိုရောက်တဲ့
အခါကျမှလဲလိုက်မယ်။ ” ဟုပြောကာ
သူ့ဘယ်လက်နဲ့ကိုင်ထားတဲ့လက်ဆွဲအိတ်ထဲက ရုံးသုံးဝတ်စုံအသစ်ကို
ထုတ်ပြ လိုက်သည်။ သူကသေချာပြင်ဆင်ထားတာဘဲ။

ဒီသေးငယ်တဲ့အပိုင်းလေးကတော့လမ်းတွေပေါ်ကနေ့စဉ်ဘဝရဲ့တ
စ်စိတ်တစ်ပိုင်း ဖြစ်သည်။ ဒီကမ္ဘာသစ်မှာ လူအများအပြားက
သူတို့ရဲ့အိမ်မွေးတိရိစ္ဆာန် အသစ်တွေနဲ့ ညှိနှိုင်း
ပြောင်းလဲကာနေတဲ့အဆင့်၌သာရှိသေးသည်၊
လူတိုင်းကသူတို့ရဲ့ဘဝမှာသားရဲများ ရောက်ရှိလာခြင်းပတ်သတ်၍
ညှိနှိုင်းဆောင်ရွက်ရန်ကြိုးစားခဲ့ကြသည်။

# ကောင်းဖန်

## စာစဉ် ၁

ရုံးဝတ်စုံရဲ့လူရဲ့နောက်မှာကြိတ်ဆုံကျောက်အရွယ်ရှိတဲ့ အရောင်စုံဖားပြုပ်နဲ့ ခုနှစ် ဆယ်အရွယ်ရှိတဲ့ အဖိုးကအတူလမ်းလျှောက်နေသည်။ ထိုဖားပြုပ်၏ကျောပေါ်တွင် ကြွက်နို့များက ပင်ပေါင်ဘောလုံးအရွယ်လောက်ရှိသည်။ ဒါက ငါးရောင်ခြည်ဖားပြုပ် ဖြစ်နိုင်ပြီး အဆိပ်မရှိတဲ့မျိုးစိပ်ဖြစ်သည်၊ အချို့သောအကြောင်းတွေကြောင့် လူတွေက ဒီလိုချစ်ဖို့ကောင်း တဲ့ ဖားပြုပ်အမျိုးအစားကိုရှာပြီးမွေးကြသည်၊ ၎င်းကခုခေတ်မှာခေတ်စားနေတဲ့ အိမ်မွေး တိရိစ္ဆာန်သားရဲဖြစ်တယ်။

ဆန့်ကျင်ဘက်အနေနဲ့ တာ့ဇီကိုပထမတွေ့ရင်တော့ သူ့ပုံက ကြမ်းတမ်းတဲ့ပုံစံပေါ် လွင်နေသည်၊ ဒါပေမယ့် သေချာဂရုတစိုက်လေ့လာကြည့်မယ်ဆိုရင်တော့ အတော်အသင့် ရုပ်ဆိုးဆိုးနှင့်ချစ်ဖို့ကောင်းတဲ့ဘက်မှာရှိတယ်။

လမ်းများတစ်လျှောက်လမ်းလျှောက်နေသူများက အများအားဖြင့် သူတို့ရဲ့ အိမ်မွေး တိရိစ္ဆာန်သားရဲတွေနဲ့လမ်းလျှောက်သွားတဲ့လူတွေဖြစ်သည်၊ ဘယ်လိုသားရဲအမျိုးအစား ဖြစ်နေပါစေ သူတို့မှာတူညီတဲ့အရာတစ်ခုရှိသည်၊ သူတို့က သူတို့ခန္ဓာကိုယ်

# ကောင်းဖန်

## စာစဉ် ၁

အစိတ်အပိုင်း တစ်ချို့တွင် ၎င်းတို့ကိုထိန်းသောကြိုးတို့နှင့် ချည်နှောင်ထားပြီး ထိုကြိုးကို သူတို့ပိုင်ရှင်က ကိုင်ဆောင်ထားသည်။ သားရဲအများစုကသူတို့ပိုင်ရှင်တွေနဲ့ ဆက်သွယ်ထားတဲ့ ပါးလွှာတဲ့ ကြိုးကနေ အလွယ်တကူဖမ်းမိနိုင်တယ်၊ ဒါပေမယ့် ထိုကြိုးတွေကသူတို့ရဲ့သားရဲတွေကို ထိန်းချုပ်ထားတာမျိုးမဟုတ်ဘဲ ကြိုးအသုံးပြုခြင်းက  အခြားလူတွေအပေါ် လေးစားမှုရှိစေရန်သာဖြစ်သည်။

ခဏကြာတော့ ကောင်းဖန် ကျောင်းကိုရောက်လာသည်။ ကျောင်းက သူ့အိမ်နှင့် အရမ်းမဝေးဘဲ လမ်းလျှောက်သွားရင်နာရီဝက်ခရီးလောက်သာရှိသည်။ လက်ရှိတွင် ကျောင်းအားလုံးသည် အစိုးရမှစီမံထားသော အစိုးရကျောင်းများဖြစ်သည်။ အစိုးရက  ပုဂ္ဂလိကကျောင်းများဖွင့်ခြင်းကို တားမြစ်ထားသည်။

ပညာရေးကအမြဲတမ်းအရေးကြီးသည်။ အခုခေတ်တွင်ပိုလို့တောင်အရေးကြီးသေး သည်၊ ကလေးများ၏စိတ်သည် ဖြူစင်၍ လမ်းလွဲသွားရန်

# စာစဉ် ၁

အလွန်ပင်လွယ်ကူလှသည်။ ကလေးဘဝတွင် စဉ်းစားနိုင်စွမ်းနှင့် အတွေးအခေါ်များကို ပုံသွင်းပြောင်းလဲရန် အကောင်း ဆုံးဖြစ်သည်။

အတိတ်ကငြိမ်းချမ်းသောကာလတွင် ပြဿနာရှာ၍ကြီးပျင်းလာသောကလေး သည် အရွယ်ရောက်သောအခါတွင်လည်း ပြဿနာများဖြင့်သာကြီးပျင်းလာပြီး လူ့အ သိုင်းအဝိုင်းတွင်လည်း ပြဿနာအသေးအမွှားအချို့ဖြစ်တတ်သည်။ ဘယ်လိုဘဲဖြစ်ဖြစ် ဒီကမ္ဘာအသစ်အတွင်း လူပမာဏဘယ်လောက်ဘဲရှိတော့မယ်ဆိုတာ အနာဂါတ်အတွက် ကြိုမပြောနိုင်ဘူး။ ပြဿနာရှာတတ်သူတစ်ယောက်က အဆင့်မြင့်မကောင်းဆိုးဝါး သားရဲနဲ့ သွေးစာချုပ်ချုပ်ခဲ့ပါက အများဆုံး အသေးစားပြဿနာလေးပင်လျှင် အကြီး အကျယ်ပျက်စီးစေနိုင်သည်။

ကောင်းဖန်သည် ချန်အန်းတတိယအထက်တန်းကျောင်း တွင် ပညာသင်ယူနေပြီး ကျောင်းက ချန်အန်းမြို့ရဲ့ လက်နက်ကိုင်ရဲတပ်ဖွဲ့ ကြည်းတပ် လေ့ကျင့်ရေးကွင်း၏ ဆင်ခြေဖုံးနားလေးတွင်ရှိသည်။ နည်းနည်းလေးဝေးဝေးသွားပါက မြို့ကနေထွက်နိုင်မည်ဖြစ်သည်။

## စာစဉ် ၁

မြို့အပြင်ဘက်တွင် နေရာအများစုက ကမ္ဘာဦးကသစ်တောများအဖြစ် ပြောင်းလဲ သွားပြီဖြစ်သည်။ တောနက်ဆိုတာ အန္တရာယ်ကြီးကာ အရာရာကို ကြိုတင်မမှန်းဆနိုင်သောနေရာပင်။

ဒါပေမယ့်ဒီဟာက ပို၍လူတိတ်ဆိတ်သောတောတွင်းနဲ့သာသက်ဆိုင်သည်။ ချန်အန်းမြို့ပတ်ဝန်းကျင်ရှိတောများနှင့် ပတ်သတ်ပြီး အစိုးရက အားလုံးရှာဖွေပြီးသား ဖြစ်သည်။ အန္တရာယ်ရှိသောမကောင်းဆိုးဝါးသားရဲများသည်လက်တွေ့ကျကျမရှိပေ။ အကယ်၍ထိုအကောင်များပေါ်လာခဲ့လျှင် ချန်အန်း၏ ထိပ်တန်းသားရဲလေ့ကျင့်ပေးသူများက အလျင်အမြန် ရှင်းပစ်မှာဖြစ်သည်။

စစ်တပ်မှ တောတွင်းအစွန်းတစ်လျှောက်တွင် တပ်စခန်းများချထားပြီး တောတွင်း မှလွတ်မြောက်နေသော မကောင်းဆိုးဝါးသားရဲများအားတားဆီးပေးသည်။ တစ်ခါတစ်ရံ အပြင်ဘက်မှမြို့ဆင်ခြေဖုံးများနားသို့ အဆင့်နိမ့်၍ ခြိမ်းခြောက်မှုရှိသောသားရဲများ လှည့် လည်သွားလာတတ်သည်။

## စာစဉ် ၁

ဒါပေမယ့် ကျောင်းကြီးများမှစီနီယာကျောင်းသားများနှင့်
ချန်အန်းမြို့အတွင်းရှိများပြားလှသော
သားရဲလေ့ကျင့်ပေးသူများအတွက်သာ
လေ့ကျင့်ရန်အခွင့်အရေးပေးထားပေသည်။

ကျောင်းဂိတ်အပြင်ဘက်မှာ အတန်းအလိုက်
ကျောင်းကားများရှိနေကာ ကားတစ် စီးချင်းစီတွင်
အနက်နှင့်အနီစပ်ထားပြီး ကားကိုယ်ထည်၏ဘေးပတ်လည်တွင်
လုံခြုံမှုရှိ စေရန် ခိုင်ခံ့သော သတ္တုကွင်းတစ်ခုတပ်ထားသည်။
ထိုသံကွင်း၏ဘေးပတ်လည်တွင်ချွန် ထက်သော ဆူးချွန်များပါရှိသည်။
ဘတ်စ်ကားတစ်စီးချင်းစီ၏အပြင်ဘက်တွင် သုံးဆ လောက်ထူတဲ့
သတ္တုပြားများ တပ်ဆင်ထားပြီး ဘတ်စ်ကားဘီးကို ဘေးအန္တရာယ်ကျ
ရောက်ပြီးနောက်ပိုင်း သန္ဓေပြောင်းလဲထားသော ရာဘာပင်မှရရှိသော
အထူးပစ္စည်း ဖြင့်ပြုလုပ်ထားသည်။
ဤရာဘာပုံစံသစ်မှပြုလုပ်ထားသောဘီးများသည် ပိုခိုင်ခံ့၍ ဒဏ်ခံနိုင်ပြီး
အချင်းသေးသောကျည်ဆံမှ ပစ်ချက်ကိုခံနိုင်ရည်ရှိသည်။

ကောင်းဖန် အကူအညီမဲ့စွာနဲ့
ဘတ်စ်ကားကိုအကြိမ်အနည်းငယ်လောက်ထပ် ကြည့်မိလိုက်သည်။

## စာစဉ် ၁

အထူးအဆင့်နဲ့အောက်သားရဲတွေက ဒီဘတ်စ်ကားကို ခြိမ်းခြောက်နိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး လို့ကောင်းဖန် ရုတ်တရက်တွေးမိလိုက်တယ်။

ကျောင်းရဲ့ဂိတ်ပေါက်ကနေ ၊

"ဒုတိယနှစ်အခန်းသုံးကကျောင်းသားတွေ ကျေးဇူးပြုပြီး ဒီဘက်ကိုလာစုကြပါ" ဟူသောအသံတစ်သံထွက်လာသည်။

ဘတ်စ်ကားတစ်စီးရဲ့ရှေ့မှာ အနီရောင်ဆံပင်နဲ့အမျိုးသမီးတစ်ဦး၊ ငါးပေခြောက် အရပ်အမြင့်ရှိပြီး အနက်ရောင်သားရေအကျီနဲ့ အောက်ခြေက ခေါင်းလောင်းပုံစံဂျင်း ဘောင်းဘီကိုဝတ်ဆင်ထားသည်။သူမက သစ်သားနဲ့ပြုလုပ်ထားတဲ့ ဆိုင်းဘုတ်အသေး လေးကိုကိုင်ထားကာ "ဒုတိယနှစ်အခန်းသုံး" ဟူ၍ဖြစ်သည်။

"မင်္ဂလာနံနက်ခင်းပါ မစ္စမုရုန်" ကောင်းဖန်သူမဆီပြေးသွားလိုက်ပြီး ယဥ်ကျေးစွာ နှုတ်ဆက်လိုက်တယ်။

ပေါင်နှစ်ရာ့ငါးဆယ်အောက်မလျော့သောအလေးချိန်ရှိသည့်မုရုန်ချိုးယဲ့ကပြုံးကာ ခေါင်းငြိမ့်ပြသည်။ သူမကနူးညံ့သောအသံဖြင့် "အာ

## စာစဉ် ၁

ကောင်းဖန် မင်းရောက်လာပြီလား၊ ကျောင်းကားပေါ်အရင်တက်လိုက်တော့”ဟုပြောသည်။

ဆရာ/ဆရာမတွေကြိုက်နှစ်သက်တဲ့ ကျောင်းသားအမျိုးအစားနှစ်မျိုးရှိတယ်- အမှတ်ကောင်းတဲ့ကျောင်းသားနဲ့ ကျီစယ်တတ်တဲ့ကျောင်းသားတွေဘဲ။

ကောင်းဖန် အရင်တုန်းကပုံစံက သာမာန်ဘဲဖြစ်သည်။အဲ့ဒီနောက်မှာတော့ သူ့အဆင့်တွေကကျောင်းခန်းထဲမှာ ထိပ်ကဖြစ်လာပြီး အဆင့်နံပါတ်လေးရှိသည်။ ဆရာတွေရဲ့စိတ်ထဲမှာသူကတိတ်ဆိတ်ပြီး ပြဿနာမရှာတတ်တဲ့ ကျောင်းသား တစ်ယောက် ဖြစ်သည်။

ကျောင်းကားပေါ်တက်လိုက်တော့ အရင်ရောက်နှင့်ပြီးသောကျောင်းသား အချို့ ကိုကောင်းဖန်တွေ့လိုက်ရသည်။ ကောင်းဖန်အများအားဖြင့် တစ်ယောက်တည်းအနေ များ၍ အခြားကျောင်းသားတွေနဲ့သာမန်ဆက်ဆံရေးသာရှိသည့် အတန်းထဲကသာမညောင် လူလေးတစ်ယောက်ဖြစ်သည်။

# ကောင်းဖန်

## စာစဉ် ၁

အနည်းဆုံးဒါကကောင်းဖန်တွေးထားတာဘဲဖြစ်သည်။ တကယ့်အမှန်မှာတော့ ကောင်းဖန်သူ့မိဘတွေသေဆုံးပြီးနောက်ပိုင်း သူ့အဆင့်တွေတက်လာကာ အဆင့်လေး ထိတက်သွားကတည်းက သူ့အတန်းဖော်တွေရဲ့မျက်လုံးထဲမှာ ထူးချွန်သောကျောင်းသား အဖြစ်မြင်နေပြီဖြစ်သည်။

အခုတော့ ကောင်းဖန်ရဲ့ညာလက်မှာတွဲချည်ထားတဲ့ခရမ်းရောင်ကျောပြင်နှင့် အဝါ ရောင် ခြေထောက်ရှိသောကင်းခြေများက အတန်းဖော်တွေရဲ့အာရုံကိုဖမ်းစားထားသည်။

“ဝါး ဒါလေးကအရမ်းချစ်ဖို့ကောင်းတာဘဲ။”

“ဘယ်လိုတောင် သေးတဲ့ ကင်းခြေများလေးလဲ”

“ဝါး ဒါက ခရမ်းရောင်ကျောပြင်နဲ့အဝါရောင်ခြေချောင်းတွေရှိတဲ့ ကင်းခြေများဘဲ ဟုတ်တယ်မလား၊ ဒါက သာမန်အဆင့်တွေထဲမှာအမြင့်ဆုံးသားရဲဘဲ၊ ကောင်းဖန်ရဲ့ မိသားစုက ဒီလိုအစွမ်းထက်တဲ့သားရဲနဲ့ရင်းနှီးသူတွေ ဖြစ်နေတာလား။”

# ကောင်းဖန်

## စာစဉ် ၁

"ကောင်းဖန်က မိဘမဲ့မဟုတ်ဘူးလား?" သူ့လက်မှာကိုင်ထားတာ ခရမ်းရောင် ကျောပြင်နဲ့အဝါရောင်ခြေချောင်းတွေရှိတဲ့ ကင်းခြေများကို သူဘယ်ကရမှာမလို့လဲ?၊ သူငှားထားတာဖြစ် လောက်မယ် ဟုတ်တယ်မလား?" ရုတ်တရက်မသင့် လျော်သော စကားသံကြောင့် ကျောင်းကားအတွင်းရှိလေထုကအေးခဲသွားတော့သည်။

***

# စာစဥ် ၁

## *အခန်း ၆ အနက်ရောင်အမျက်ဒေါသကင်းကောင်*

ကောင်းဖန် ခေါင်းမော့လိုက်ကာ ကျောင်းကားနောက်ဘက်သို့ လှမ်းကြည့်လိုက်သည်။ နောက်ကျောတန်းတွင်တော့ နဖူးထက်သို့ ဆံပင်ခွေကျနေဟန်ဖြင့် ဂျင်းဘောင်းဘီကျပ်ကျပ်၊ ပန်းပွင့်ရိုက်ရှက်အင်္ကျီကို ဝတ်ဆင်ထားသည့် ကောင်လေးတစ်ယောက် ရှိလို့နေသည်။သူ့နားနှစ်ဖက်တွင်လဲ နားကပ်များပင် ဝတ်ဆင်ထားသေးသည်။ ထိုကောင်လေးက သူထိုင်နေသည့် ထိုင်ခုံအပြင် ဘေးတစ်ဖက်တစ်ချက်စီမှ ထိုင်ခုံတစ်လုံးစီ၏ နောက်မှီပေါ်ကိုပါ လက်ကို ဆန့်တန်းတင်ထားရင်း မာနထောင်လွှားဟန်ဖြင့် ထိုင်လို့နေသည်။ သူ၏ဘေးတွင်တော့ အနက်ရောင်တိမ်တိုက်များနှယ် အုပ်အုပ်မှိုင်းမှိုင်း အကောင်တစ်ကောင် ထိုင်နေသည်။ ထိုကောင်ကြီးထုင်နေတာတောင်မှ ကောင်လေးထက် ခေါင်းတစ်လုံးစာပိုမြင့်နေစဲပင်။

ထိုကောင်လေး၏နာမည်သည်ကတော့ ဟိုင်လန်ယွိပင်ဖြစ်သည်။

အတန်းထဲမှာဆိုလျှင် ဟိုင်လန်ယွိနှင့်ကောင်းဖန်တို့သည် ဝင်ရိုးစွန်းနှစ်ဖက်နှယ် ဆန့်ကျင့်ဘက်၌ ရှိနေကြသူများဖြစ်သည်။

## စာစဉ် ၁

ထို့ကြောင့်လဲ ဟိုင်လန်ယွိသည် အဆင့်ကောင်းသည့်ကျောင်းသားများကို မျက်နှာချင်းဆိုင်ကို မဆိုင်ချင်လောက်အောင် မနှစ်မြို့ခဲ့ပေ။

ဟိုင်လန်ယွိ သူ၏ဘေးရှိအနက်ရောင်အမျက်ဒေါသကင်းကောင်ကို ဂုဏ်ယူနေဟန် မျက်နှာပေးဖြင့် ကြည့်နေရင်း ခပ်ဟဟရယ်လိုက်သည်။

ထိုအနက်ရောင်အမျက်ဒေါသကင်းကောင်ကို ဒီနှစ်မှာပင် သူ၏ဖခင်ထံမှ မွေးနေ့လက်ဆောင်အဖြစ် ရရှိထားခြင်းဖြစ်သည်။ ပြောရမည်ဆိုလျှင်တော့ သူ၏ပထမဆုံး ကိုယ်ပိုင်သားရဲလဲဖြစ်သည်။ လူတစ်ယောက်သည် ၁၈နှစ်ပြည့်ပြီးသွားလျှင် သွေးစာချုပ်တစ်ခု ချုပ်ဆိုင်နိုင်ပေသည်။ မဟာမိတ်အစိုးရမှနေပြီး ထုတ်ဝေထားသော သုတေသနရလဒ်များအရ အသက်၁၈နှစ်ပြည့်ပြီးမှ သွေးစာချုပ်ချုပ်ဆိုခြင်းကသာ ခန္ဓာကိုယ်ကို မည်သို့မျှထိခိုက်စေမည်မဟုတ်ဟုပင်။ ထို့အတွက်ကြောင့် ဤရလဒ်ကို အမှီပြုကာ ကျောင်းများအားလုံးသည် ကျောင်းသားများကို အသက်၁၈နှစ်မပြည့်သေးဘဲနှင့် သွေးစာချုပ်ချုပ်ဆိုခြင်းမပြုလုပ်ရန်အတွက် တားမြစ်ထားကြသည်။

# ကောင်းဖန်

## စာစဉ် ၁

ယခုနှစ်တွင်ပဲ အသက်၁၈နှစ်ပြည့်သွားသည့် ဟိုင်လန်ယွိကို သူ၏ဖခင်က မြို့လယ်ရှိသားရဲကုန်သွယ်ရေးစင်တာတွင် အနက်ရောင်အမျက်ဒေါသကင်းကောင်ကို ဝယ်ပေးရန်အတွက် သားဖြစ်သူကို ခေါ်ဆောင်သွားပေးခဲ့သည်။

အနက်ရောင်အမျက်ဒေါသကင်းကောင်သည် သာမာန်အဆင့်သားရဲတစ်ကောင်သာဖြစ်သော်လည်း သာမာန်အဆင့်များထဲတွင်တော့ အဆင့်မြင့်ဆုံးသားရဲများစာရင်းတွင် ပါဝင်သည်။ ၎င်းကို စနစ်တကျ လေ့ကျင့်ကာ အဆင့်တက်အောင် ပြုလုပ်ပေးခြင်းဖြင့် လက်ရွေးစင်အဆင့်သို့ တိုးမြင့်နိုင်ချေမြင့်မားပေသည်။

သားရဲအဆင့်များကို [သာမာန်အဆင့်]၊ [လက်ရွေးစင်အဆင့်]၊ [အုပ်ချုပ်သူအဆင့်]စသည်ဖြင့် အဆင့်ဆင့်ခွဲခြားသတ်မှတ်ထားသည်။

တစ်ဆင့်ချင်းစီတိုင်းတွင်လဲ သားရဲများကို နောက်ထပ်မတူညီသည့်အဆင့်များ ခွဲခြားထားပြန်ကာ၊ [သာမာန်အဆင့်]၊ [ထူးကဲအဆင့်]၊ [ပြီးပြည့်စုံအဆင့်]စသည်ဖြင့်ပင်။

## စာစဉ် ၁

သားရဲအဆင့်များတင်မကသေး ၎င်းတို့၏ အဆင့်အတန်းကိုတော့ဖြင့် တိုက်ခိုက်နိုင်စွမ်းရည်ပေါ်တွင်လဲ မူတည်ကာ သတ်မှတ်သေးသည်။

သားရဲတစ်ကောင်၏အဆင့်ကို သားရဲတစ်ကောင်၏ကျင့်ကြံခြင်းအဖြစ် မြင်နိုင်ကာ အဆင့်အတန်းကိုတော့ မျိုးစိပ်လဲတူ အဆင့်လဲတူသည့်သားရဲများကြားမှ တိုက်ခိုက်စွမ်းရည် ခြားနားချက်အဖြစ် ရှုမြင်နိုင်သည်။ ဥပမာအားဖြင့်ဆိုရသော် ဒဏ္ဍာရီအဆင့်စွမ်းအားကြီးသည့်ဇာတ်ကောင်သည် ၎င်းနှင့်အဆင့်အတန်းတူသည့် သာမာန်အဆင့်ထောင်ချီကို အနိုင်ယူနိုင်ကာ ပို၍အဆင့်မြင့်သည့် ပြိုင်ဘက်များကိုတောင်မှ တစ်ခါတစ်ရံအနိုင်ယူနိုင်သေးသည်။

ကောင်းဖန် ဟိုင်လန်ယွိနှင့်သူ့ဘေးရှိ အနက်ရောင်အမျက်ဒေါသကင်းကောင်ကို တစ်ချက်ကြည့်ရင်း ကျရာတစ်နေရာတွင် ဝင်ထိုင်လိုက်သည်။

ကောင်းဖန်

---

## စာစဉ် ၁

ဟိုင်လန်ယွီကတော့ သူ့ကိုကြောက်သည်ဟု မှတ်ယူလိုက်ကာ တဟားဟားအော်ရီရင်း လေလေးတချွန်ချွန်နှင့်အူမြူးနေတော့သည်။

ကောင်းဖန် သူ့ခြေထောက်နားတွင်ထိုင်နေသည့် တာဇီကိုသာ ချော့မြူနေခဲ့သည်။ သူ တာဇီ၏ဦးမျှင်တစ်ဖက်ကို အရင်းမှနေ အဖျားတိုင်အောင် ဆက်တိုက် အပေါ်အောက် ပွတ်ပေးနေသည်။

တာ့ဇီလဲ တဖြည်းဖြည်း အေးဆေးငြိမ်သက်လာကာ မျက်လုံးများလဲ မှေးဆင်းလို့လာတော့သည်။ သူ့ခန္ဓာကိုယ်မှတဆင့်ရှိနေသည့် အဝါရောင်လက်သည်းများသည်လဲ ကျေနပ်အားရဟန်ဖြင့် အနည်းငယ်လှုပ်ခါလို့နေသည်။

တာ့ဇီအေးဆေးတည်ငြိမ်ကာ သက်သောင့်သက်သာရှိပုံရသွားဟန်ပေါ်နေချိန်တွင် ကောင်းဖန်သည်က တကယ်တမ်း သူ့စိတ်ထဲတွင် ပေါ်ထွက်နေသည့် သားရဲအချက်အလက်များကို ဖတ်ရှုနေခြင်းဖြစ်သည်။

[မကောင်းဆိုးဝါးအမည်] : အနက်ရောင်အမျက်ဒေါသကင်းကောင်

[မကောင်းဆိုးဝါးအဆင့်] : အဆင့် ၈

[မကောင်းဆိုးဝါးအဆင့်အတန်း] : သာမာန်အဆင့်

# ကောင်းဖန်

## စာစဉ် ၁

[မကောင်းဆိုးဝါးစွမ်းရည်] : ခွန်အား၊ မြေ

[မကောင်းဆိုးဝါးအခြေအနေ] : ကျန်းမာ(မကျေနပ်)

[မကောင်းဆိုးဝါးအားနည်းချက်] : ၁။ အဆိပ် ၂။ ဆူးထန်ပင်မှဆူးများတွင် အနက်ရောင်အမျက်ဒေါသကင်းကောင်ကို ပြင်းထန်သည့်နာကျင်မှုဒဏ်ဖြစ်ပေါ်စေသည့် အဆိပ်အတောက်များပါရှိ။

[ထူးကဲအဆင့်သို့တက်ရန်လိုအပ်ချက်များ] : ......

ကောင်းဖန် လျှို့ဝှက်စွာနဲ့ *ဆူးထန်းပင်* ကိုသူ့မှတ်ဉာဏ်ထဲမှာမှတ်လိုက်ပြီး တစ်ချိန်ထဲမှာဘဲ အဲ့အပင်ကိုဘယ်မှာရှာရမလဲ စဉ်းစားနေသည်။

ဆူးထန်းပင်တွေက ကပ်ဆိုး ကြီးပြီးသွားပြီးနောက် အသစ်ပြောင်းလဲ ဖြစ်ပေါ် လာတဲ့အပင်တွေဖြစ်ပြီး မူရင်းထန်းပင်အမျိုးအစားပင်ဖြစ်သည်။ထန်းပင်အမျိုးစုများ သည် ကြီးမားသော အပင်အုပ်စုဖြစ်ပြီး ခြံစည်းရိုးဝါး၊ အလက်စန္ဒြားထန်းပင်နှင့် တရုတ် ယပ်တောင် ထန်းပင်အမျိုးအစားတို့ပါဝင်သည်။

# ကောင်းဖန်

## စာစဉ် ၁

ဆူးထန်းပင်များသည်မရှားပါးပါ။ ထန်းပင်မှမည်သည့်အပင်မျိုးစိတ်ပြောင်းလဲ၍ ထွက်ပေါ်လာသည်ဆိုတာကိုဆုံးဖြတ်ရန်မဖြစ်နိုင်သော်လည်း ထန်းပင်မျိုးစိတ်အပင်များ ကိုတောင်ပိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူးရောင်းချကြသည်။မြို့ထဲမှာတောင် အချို့ ထန်းပင်များစိုက်ပျိုးထားတာကြောင့် ထိုအပင်များကရှားပါးသောအပင်များမဟုတ်ပါ။

ဒါပေမယ့် ဆူးထန်းပင်တွေရဲ့အရွက်ကျောရိုးတွေမှာအကြောသေစေနိုင်တဲ့အဆိပ် အနည်းငယ်ပါဝင်သည်၊ဒါကြောင့် ဆူးထန်းပင်တွေကိုမြို့တွင်းမှာ အပြီးဖယ်ရှားလိုက်တာ ဖြစ်သည်။ တစ်ပင်ကိုရှာဖွေဖို့အတွက်ဆိုရင် တောရိုင်းမြေရိုင်းတစ်ခုသို့ သွားရှာရသည်။

ဒီလေ့လာရေးခရီးအတွင်း သူတို့ကသဲကန္တာရဘက်ကိုဦးဆောင်ခေါ်သွားသည်။ ဒါကြောင့်သူတို့လမ်းတစ်လျှောက်ဆူးထန်းပင်အချို့ကိုရှာတွေ့နိုင်မယ်လို့ ထင်တယ်။ ထိပ်တန်းကျောင်းသားတစ်ယောက်အနေနဲ့ ဆူးထန်းပင်တွေကဘယ်လိုပတ်ဝန်းကျင် အခြေအနေနဲ့ ကြီးထွားဖို့ပိုပြီး

## စာစဉ် ၁

သင့်တော်သလဲဆိုတာရော၊ ဘယ်လိုအရွက်တွေကိုစု

ဆောင်းရမလဲဆိုတာကိုရောကောင်းဖန်ဆက်ပြီးစဥ်းစားနေတော့သည်။

အနောက်တန်းမှာတော့ အနက်ရောင်အမျက်ဒေါသကင်းကောင်က

အကြောင်းမရှိ ရုတ်တရက် နှာထချေလေသည်။၎င်းကသူ့ရဲ့နှာခေါင်းနဲ့

သူရဲ့သန်မာကျစ်လစ်တဲ့ ကြွက်

သားရှိတဲ့လက်မောင်းတစ်ဖက်နဲ့ပွတ်သတ်လိုက်ပြီးတော့

သူ့ရဲ့နှာရည်တွေကို

ဟိုင်လန်ယွိရဲ့ခန္ဓာကိုယ်နှင့်ရိုးရိုးသားသားသုတ်ပစ်လိုက်သည်။

“ရိုင်းလိုက်တဲ့ကောင် မင်း….”ဟိုင်လန်ယွိ

အရမ်းဒေါသထွက်သွားတော့သည်။ သူက

အနက်ရောင်အမျက်ဒေါသကင်းကောင်ရဲ့

ဖျော့တော့နေတဲ့အဝါရောင်မျက်လုံးတွေ ကိုလှည့်ကြည့်လိုက်

သူ့ရဲ့ပေါင်ထက်ကြီးတဲ့လက်မောင်းတွေကိုကြည့်လိုက်လုပ်နေသည်

၊ဟိုင်လန်ယွီ ကအင်တင်တင်နဲ့ ပြုံးပြလိုက်ပြီး

အနက်ရောင်အမျက်ဒေါသကင်းကောင်ရဲ့ ပုခုံးကိုပုတ်လိုက်ပြီး

“နောက်တစ်ခါဒီလိုမလုပ်နဲ့ ဟုတ်ပြီလား၊ လိမ်လိမ်မာမာနေ”

## စာစဉ် ၁

အနက်ရောင်အမျက်ဒေါသကင်းကောင်က ဒီတစ်ခါတော့ လူလိုပုံစံပီသစွာနဲ့ နှာထပ်ချေလိုက်ပြီး ဟိုင်လန်ယွိကိုအထင်သေးတဲ့အကြည့်နဲ့ကြည့်လိုက်သည်။

ဟိုင်လန်ယွိအနည်းငယ် စိတ်မကောင်းဖြစ်သွားသည်၊ သူကသူ့ရဲ့မျက်လုံးတွေကို ဘတ်စ်ကားအရှေ့ဘက်သို့ပြန်ပို့လိုက်ပြီး ရုတ်တရက်သူ့အတွက် စိတ်ဝင်စားဖို့ကောင်းတဲ့ အရာတစ်ခုမြင်လိုက်ရသည်။

“ဝတုတ်” ဘတ်စ်ကားက ဟိုင်လန်ယွိရဲ့ရုတ်ရုတ် ရုတ်ရုတ်အသံနဲ့ ပြည့်သွားပြန် သည်။ ဘတ်စ်ကားပေါ်အသစ်ရောက်လာတဲ့တစ်ယောက်က အရမ်းလည်းအရုပ်မရှည် အနည်း ငယ်အသားပေါ်တဲ့ ဝတုတ်ကောင်လေးဖြစ်သည်။

“ရှို့၊ ဒီတစ်ယောက်ကငါ့အဖေဝယ်ပေးတဲ့တစ်ယောက်နဲ့ဆင်တယ်။” ဟု ဝတုတ် ကောင်လေးကိုပြောလိုက်သည်။ သူကဟိုင်လန်ယွိရဲ့အကောင်းဆုံးသူငယ်ချင်းအနည်း

## စာစဉ် ၁

ငယ်၏ထဲကတစ်ယောက်ဖြစ်သည်။ သူ့နာမည်က ချန်းဟန်ချောင် ဖြစ်သည်။

ကပ်ဆိုးကြီးမတိုင်ခင် ထိုနှစ်ယောက်က အလယ်တန်းကျောင်းကတည်းက ကောင်း မွန်တဲ့ဆက်ဆံရေးရှိသူတွေဖြစ်သည်။

ချန်းဟန်ချောင်ရဲ့ဘယ်ဘက်ပုခုံးပေါ်မှာထိုင်နေတဲ့ သေးငယ်တဲ့ပန်းရောင် သားရဲ ပေါက်စလေးက အရွယ်ရောက်ပြီးသူတစ်ယောက်ရဲ့လက်ဖဝါးအရွယ် သာရှိသည်။ ၎င်း၏ အရေပြား အောက်တွင်သေးငယ်သောအကြေးခွံများရှိသည်ဟုထင်ရသည်။

သူ့ရဲ့အနက်ရောင်မျက်လုံးများကထင်ရှားနေပြီးခွန်အားအပြည့်နှင့်၎င်းကပတ်ဝန်းကျင်ကိုဂရုတစိုက်ကြည့်နေသည်၊သူကတစ်ခါတစ်ရံ တစ်ပွက်ပွက်မြည်သော အသံကို ပြုလုပ်နေသည်။

ဒါပေမယ့်ဒါကအကုန်မဟုတ်သေးဘူး_ပိုပြီးစိတ်ဝင်စားဖို့ကောင်းတာက ထို သေးငယ်တဲ့သားရဲ ပေါက်စလေးကရဲ့ခန္ဓာကိုယ်ပတ်လည်ကမကြာခဏ လျှပ်စီးထွက်နေ

ကောင်းဖန်

---

စာစဉ် ၁

ကာတဖြောက်ဖြောက်အသံမြည်နေသည်။ ဒြပ်စင်စွမ်းအင်များကိုပိုင်ဆိုင်ထားသော ထို သားရဲပေါက်လေးသည် ၎င်းအရွယ်ရောက်သည့်အခါတွင်အနည်းဆုံး အုပ်ချုပ်သူအဆင့် သားရဲအဖြစ်သို့ ရောက်လောက်ပြီဖြစ်သည်။

အုပ်ချုပ်သူအဆင့်သားရဲ! ဟိုင်လန်ယွိ အသက်ရှုရပ်မတတ်ဖြစ်သွားသည်၊ သူ့ရဲ့ မိသားစုကချမ်းသာတယ် ဒါပေမယ့် အနက်ရောင် အမျက်ဒေါသကင်းကောင်နှင့် ရင်းနှီး နိုင်စေရန်ဝယ်နိုင်ဖို့လောက်ဘဲ၊ နည်းနည်းလေးဘဲချမ်းသာတာပါ၊ သူ့ရဲ့ ရင်းနှီးမှုအဆင့်ကို မြှင့်တင်ရန် အုပ်ချုပ်သူအဆင့်သို့တိုးမြှင့်မပေးမှီ ပြီးပြည့်စုံခြင်းအဆင့်သို့တိုးမြှင့်ပေးရန် နည်းလမ်းများကိုရှာဖွေရမှာဖြစ်သည်။

ဒီလိုနည်းလမ်းလုပ်ဖို့နည်းလမ်းရှာတာကအကောင်းဆုံးဘဲ၊ ဒါပေမယ့် တကယ့် အမှန်မှာတော့ သူနဲ့ရင်းနှီးတဲ့ သားရဲကို ပြီးပြည့်စုံခြင်းအဆင့်ကိုမြှင့်တင်ခြင်းနဲ့ အုပ်ချုပ်သူ အဆင့်ကိုတိုးမြှင့်ခြင်း နည်းလမ်းများကိုလက်တွေ့တွင်တော့မတွေ့ရှိပါ။ အရွယ်ရောက်ပြီး အုပ်ချုပ်သူအဆင့် သားရဲနဲ့တစ်ရင်းတစ်နှီးနေဖို့ဆိုတာ ပိုက်ဆံနဲ့ပေးဝယ်လို့ရတဲ့အရာ မဟုတ်ဘူး၊ စွမ်းအား အတော်အသင့်ရှိတဲ့သူတစ်ဦးနှင့်ပါတ်သတ်နေ၍သာဖြစ်သည်။

## စာစဥ် ၁

ကောင်းဖန်အနောက်ဖက်ကိုလှည့်ကာ ချန်းဟန်ချောင်ရဲ့ပုခုံးပေါ်မှာရှိတဲ့ထို ပန်းရောင်သားရဲလေးကိုကြည့်လိုက်ရင်း သူ့စိတ်ထဲမှာ ဇဃားတစ်ခုစတင်ပေါ်လာတော့ သည်။

[မကောင်းဆိုးဝါးအမည်] : လျှပ်စီးရောင်ပြန်ဝက်ဝံ(အရွယ်ရောက်အကောင်ပေါက်အ ဆင့်)

[မကောင်းဆိုးဝါးအဆင့်] : အဆင့် ၅

[မကောင်းဆိုးဝါးအဆင့်အတန်း] : အထူးအဆင့်( ယခုအဆင့်;အရွယ်ရောက်လုနီးပါး၊ အုပ်ချုပ်သူအဆင့်သို့ဝင်ရောက်လုနီးပါးဖြစ်ပြီး သာမန်အဆင့်သို့လျော့သွားနိုင်)

[မကောင်းဆိုးဝါးစွမ်းရည်] : လျှပ်စစ်

[မကောင်းဆိုးဝါးအခြေအနေ] : ကျန်းမာ(တွေဝေမိန်းမော)

[မကောင်းဆိုးဝါးအားနည်းချက်] : ၁။ အရွယ်ကြီးထွားနေချိန် ရေပမာဏများစွာ ပါဝင် သောအစာကိုစားသုံးခြင်းသည်အုပ်ချုပ်သူအဆင့်သို့တက်ရန်ကျဆုံး နိုင်သည် ၂။ အရွယ်ရောက်နေချိန် သုံးသော.......)

## စာစဥ် ၁

[ပြီးပြည့်စုံခြင်းအဆင့်သို့တက်ရန်လိုအပ်ချက်များ] :......

ကောင်းဖန် သူ၏အကြည့်တွေကိုဖယ်ခွာလိုက်ပြီး သူ၏စိတ်ထဲတွင် ထိတ်လန့်သွား ရသည်။ ထိုလျှပ်စီးရောင်ပြန်ဝက်ဝံလေး၏တောက်ပသောလျှပ်စီးအစွမ်းတို့က မည်မျှအထိအစွမ်းထက်လာမည်သာမက ဒါထက်ပင် သူ့စွမ်းရည်ကသူထင်တာထက်ပို ပြီးတောင်ကြောက်ဖို့ကောင်းသောကြောင့်ဖြစ်သည်။

တာ့ဇီသည်ပုံမှန်အားဖြင့် ခရမ်းရောင်ကျောပြင်နှင့်အဝါရောင်ခြေချောင်းများသာရှိ သော ကင်းခြေများလေးသာဖြစ်သည်။ သူသာ ၎င်း၏အဆင့်ကိုမြှင့်တင်ပေးပြီး နောက် ထပ် ပို၍ပို၍တိုးတက်အောင်ဆက်လက်လုပ်ဆောင်ပါက အဆုံး၌မည်သည့်ဆင့်ကဲ ပြောင်းလဲမှုမျိုးများရရှိမည်နည်း။

ကောင်းဖန်ငုံ့ကြည့်လိုက်ပြီး တာ့ဇီ၏ခေါင်းလေးကို နူးညံ့ကြင်နာစွာ ပွတ်သတ် လိုက်ကာ သူ့သိချင်သည်များကိုတွေးနေသည်။ လူအများစုက သူတို့ရဲ့သားရဲများနှင့်ရင်း နှီးကျွမ်းဝင်မှုစွမ်းရည်သည် သူတို့၏အလားအလာကို ဆုံးဖြတ်ပေးသည့်အတွက်ကြောင့် သူတို့နှင့်ရင်းနှီးသူသားရဲတွေကို အစွမ်းကုန်ဂရုစိုက်ကြသည်။

# စာစဥ် ၁

***

# စာစဉ် ၁

## *အခန်း ၇ သွေးနှင်းပန်းပင်*

သားရဲလေ့ကျင့်သူတစ်ဦးချင်းစီ၏ခွန်အားသည်က သိပ်တော့ အထင်ကြီးစရာမရှိပေ။ နောက်ပိုင်းအဆင့်များတွင် ကိုယ်ပိုင်သားရဲများသည် ၎င်းကိုလေ့ကျင့်ပေးသူ၏ ရှင်သန်နိုင်စွမ်းကို တိုးမြှင့်ပေးနိုင်သည်ဟု ပြောထားသော်လည်း တကယ်တမ်း ကိုယ်ပိုင်ရှင်သန်နိုင်စွမ်းရည်ကို တိုးမြှင့်လိုက်ခြင်းသာ။ တစ်နေ့တာကုန်ဆုံးချိန်တွင် စစ်မှန်သည့်တိုက်ပွဲတစ်ခုပြုလုပ်ရာ၌ သားရဲလေ့ကျင့်သူများသည် သူတို့၏ကိုယ်ပိုင်သားရဲများအပေါ်ကိုသာ မှီခိုကြရသည်။

သားရဲလေ့ကျင့်သူတစ်ဦး သွေးစာချုပ်ချုပ်ဆိုနိုင်သည့် သားရဲအရေအတွက်မှာ ထိုလေ့ကျင့်သူ၏စိတ်ဝိညာဉ်စွမ်းအားသန်မာမှုအပေါ်တွင် မူတည်ပေသည်။ ကိုယ်ပိုင်သားရဲကပို၍ အင်အားကြီးလာလေ လေ့ကျင့်ပေးသူလဲ အာဟာရပြည့်လာကာ နောက်ထပ်သော ကိုယ်ပိုင်သားရဲစာချုပ်များ ချုပ်ဆိုနိုင်ဖို့ရန်အတွက် သားရဲလေ့ကျင့်သူ၏ စိတ်ဝိညာဉ်စွမ်းအား ပို၍ ကြီးထွားသန်မာလာပေမည်။

# ကောင်းဖန်

## စာစဉ် ၁

တနည်းအားဖြင့်ဆိုရသော် အရာအားလုံးမှာ တစ်ခုနှင့်တစ်ခု စပ်ဆက်လို့နေသည်။ သွေးစာချုပ်များချုပ်ဆိုရန်အတွက် စိတ်ဝိညာဉ်စွမ်းအား တိုးပွားလာဖို့ရန် လိုအပ်ပေသည်။ သွေးစာချုပ်တွင် သွေးကကြားခံဆိုသော်လည်း တကယ်တမ်းတွင်တော့ လူသားနှင့်သားရဲတို့၏ စိတ်ဝိညာဉ်ချင်း ချိတ်ဆက်ထားခြင်းသာဖြစ်သည်။

သေချာတာပေါ့၊ ဒီချိတ်ဆက်မှာက နှစ်ဦးနှစ်ဖက်လုံးအတွက် လုပ်ဆောင်ခြင်းပါ။ သားရဲလေ့ကျင့်သူဘက်ကသာ မိမိ၏ကိုယ်ပိုင်သားရဲကို ထိန်းချုပ်ရန်အတွက် ရက်စက်ကြမ်းကြုတ်ကာ အကြမ်းဖက်သည့် နည်းလမ်းများကို အသုံးပြုခဲ့လျှင် ထိုကိုယ်ပိုင်သားရဲကလဲ အဆက်မပြတ် ခုခံမှုများပြုလုပ်လာပေလိမ့်မည်။ ထိုသို့ဖြင့် ကိုယ်ပိုင်သားရဲက သားရဲလေ့ကျင့်သူ၏ စိတ်ဝိညာဉ်ကိုပါ ဝန်တစ်ခု ဖြစ်ပေါ်စေလိမ့်မည်။ အကယ်၍များ ကိုယ်ပိုင်သားရဲများစွာကသာ သားရဲလေ့ကျင့်သူ၏ ထိန်းချုပ်မှုကို ခုခံတွန်းလှန်မှု များပြားလာပါက ပြင်းထန်ဆိုးဝါးလွန်းသည့် အကျိုးဆက်များ ဖြစ်ပေါ်လာမည်သာ.....

## စာစဉ် ၁

ငါ အဆင့်နိမ့်ကိုယ်ပိုင်သားရဲအများကြီးရှာလိုက်ပြီး သူတို့ရဲ့အဆင့်တွေကို မြှင့်တင်ပေးလို့ရတာပဲ... ကောင်းဖန်တစ်ယောက် ရုတ်တရက်ဆိုသလို သူ့စွမ်းရည်ကို အသုံးချကာ အမြတ်ထုတ်ဖို့ရန်တွေးမိလိုက်သည်။

မဖြစ်သေးဘူး။ လုပ်နိုင်မှာမဟုတ်ဘူး။ ဒီလိုဆို အရမ်းသိသာသွားမှာ။

ကောင်းဖန် ခပ်မြန်မြန်ပဲ သူ့စိတ်ထဲမှအတွေးများကို ပြန်ရှင်းထုတ်လိုက်သည်။ သူထိုသို့မလုပ်နိုင်ပေ။ လောလောဆယ်အတွက်ပေါ့။ ကိုယ်ပိုင်သားရဲများ ပျိုးထောင်ဖို့ရန်က အရင်းအမြစ်များစွာလိုအပ်ကာ ယခုအချိန်တွင်တော့ သူ့ဘက်က မတတ်နိုင်သည့်အရာများသာဖြစ်သည်။ ကောင်းဖန်တွင် သူ့စွမ်းရည်ကို ထုတ်ဖော်ကာ အခြားသော အင်အားကြီး အစုအဖွဲ့များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းလိုသည့် ရည်ရွယ်ချက်လဲ မရှိပေ။ သူ၏စွမ်းရည်ကို အခြားသူများသိသွားပါက သားရဲမွေးထုတ်သည့် စက်တစ်ခုအဖြစ် အသုံးချခံရကာ ဘဝကြီးအဆုံးသတ်သွားမည်ကို စိုးရိမ်မိပေသည်။

# ကောင်းဖန်

## စာစဉ် ၁

"အားလုံးရောက်ကြပြီလား? အတန်းခေါင်းဆောင်ရေ လူစစ်လိုက်ပါဦး။" ဘက်စ်ကားပေါ်တက်လာသည့် သူတို့ဆရာမမုရုန်ချိုးယွဲ့က အတန်းမော်နီတာ ထန်ချန်ကျင်းကိုပြောလိုက်သည်။

ထန်ချန်ကျင်းသည် ပျော့ဖက်ဖက်နှင့်သေးကွေးသည့် ကောင်လေးတစ်ယောက်ပင်ဖြစ်ကာ သူပြုံးလိုက်ချိန်တွင်တော့ ပါးချိုင်းထင်းထင်းလေးများကို မြင်တွေ့နိုင်ပေသည်။ ထန်ချန်ကျင်းသည် အတန်းထဲမှလူများနှင့် အမြဲတမ်းအဆင်ပြေပြေရှိကာ အဆင့်ကောင်းသလို လူမှုဆက်ဆံရေးတွင်လဲ ပြောနေစရာပင်မလိုလောက်အောင် ရင်းနှီးကျွမ်းဝင်ဖို့ လွယ်ကူသူဖြစ်တာကြောင့် သူ့ကို အတန်းမော်နီတာအဖြစ် ရွေးချယ်တင်မြှောက်ဖို့ရန် အချိန်သိပ်မလိုခဲ့ပေ။

"မစ္စမုရုန်၊ အားလုံးစုံပါပြီ။ တစ်ယောက်ယောက်တက်လာသွားတိုင်း ကျွန်တော် အတန်းသားစာရင်းမှာ မှတ်ထားပြီးသားပါ။" ထန်ချန်ကျင်းက အပြုံးလေးဖြင့်ပြောရင်း မစ္စမုရုန်ထံသို့ အတန်းသားစာရင်းကို ကမ်းပေးလိုက်သည်။

## စာစဉ် ၁

မစ္စမုရန်လဲ ခေါင်းညိတ်လိုက်ကာ ကားမှလက်ကိုင်ကို ဖမ်းကိုင်ထားရင်း ပြတင်းပေါက်မှ ခေါင်းထွက်ကာ အော်ပြောလိုက်သည်။

“ဒါရိုက်တာကြီး၊ ကျွန်မတို့အခန်းက ကျောင်းသားတွေ စုံသွားပြီနော်။ ထွက်လို့ရပြီ။”

ထို့နောက် မစ္စမုရန်လဲ ကားထဲသို့ခေါင်းပြန်သွင်းကာ မောင်းသူထိုင်ခုံပေါ်တွင် ဝင်ထိုင်လိုက်တော့သည်။

ပထမတန်းတွင်ထိုင်နေသည့် ထန်ချန်ကျင်းသည်တော့ မစ္စမုရန် ဘက်စ်ကားဂီယာကို ကျွမ်းကျင်ပိုင်နိုင်စွာ ထိုးရင်း ချောမွေ့စွာစတင်ရွေ့လျားလိုက်တာကြောင့် မေးရိုးပြုတ်ကျမတတ် အံ့သြသွားတော့သည်။

တကယ့်ကို အတွေ့အကြုံရှိတဲ့ ယာဉ်မောင်းပဲ…

ဘက်စ်ကား၏မီးခိုးပိုက်မှနေပြီး အသံများထွက်လာပြီးနောက် သတ္တဝါရိုင်းကြီးတစ်ကောင်နှယ် ဘက်စ်ကားမှာ စတင်ထွက်ခွာတော့သည်။

နောက်ဘက်အနီးတွင်တော့ အပြာရောင်ကားနှစ်စီးရှိနေသည်။ ကားများ၏ဘေးပတ်လည်တွင်က အဖြူရောင်ဒိုင်းလွှာမှလွဲ၍

## စာစဉ် ၁

ကျန်ကိုယ်ထည်အားလုံးအပြာရောင်များသာ။ ၎င်းတို့သည်ကတော့ ဒိုင်းပြာလုံခြုံရေးကုမ္ပဏီမှဖြစ်သည်။

သူတို့အမြန်နှုန်းဖြင့် ခရီးထွက်လာခဲ့ကြတာကြောင့် မိနစ်အနည်းငယ်အတွင်းတွင်ပဲ မြို့ဆင်ခြေဖုံးရှိ ရေကန်အစွန်အဖျားသို့ ရောက်လာခဲ့သည်။

“ဟုတ်ပြီ၊ ငါတို့ရောက်ကြပြီး၊ ကျောင်းသားတို့ ဆင်းကြရအောင်။”

ရှီး…ဆိုသည့်အသံတစ်သံနှင့်အတူ ဘက်စ်ကား၏ အရှေ့နှင့်အနောက်တံခါးများပွင့်လာကာ တစ်ချိန်တည်းတွင်ပဲ တောက်ပသည့်နေရောင်ခြည်များကလဲ တံခါးပေါက်များမှ တစ်ဆင့် ဘက်စ်ကားအတွင်းသို့ တိုးဝင်လာတော့သသည်။

“ဒါ…ဒါက အရမ်းစိတ်လှုပ်ရှားစရာကောင်းတာပဲ! ဒါက ဆင်ခြေဖုံးနေရာဆိုတာပေါ့!” အတန်းထဲမှ ခပ်ဝဝကောင်လေးတစ်ယောက်ကဆိုသည်။ သူသည် အခြေအနေအချိန်အခါနှင့်ကိုက်ညီအောင် မပြုမူတက်သည့် လူများထဲမှ တစ်ဦးပင်ဖြစ်သည်။ သူ ဆက်တိုက်ဆိုသလို သူ့လက်များကို ပွတ်သပ်နေရင်း၊

## စာစဉ် ၁

"ဒါက... ဒါကသိပ်ကိုစိတ်လှုပ်ရှားစရာကောင်းတာပဲ။"

ထိုအချိန်တွင်ပဲ မြင်းမြီးပုံစံဆံပင်ချည်ထားကာ မျက်မှန်တပ်ထားသည့် ကောင်မလေးက မျက်နှာသေဖြင့် ကောင်လေး၏ခေါင်းကို ထုတ်လိုက်ကာ၊

"လီကျီကုန်း၊ အပိုတွေလုပ်မနေနဲ့။"

လီကျီကုန်းကတော့ ဒေါသတကြီးပြန်တုန့်ပြန်လာခဲ့သည်။

"လီဟုန်တုံ့၊ သိပ်မလွန်လာနဲ့! နင်သာ ငါ့အစ်မဟုတ်နေရင် ငါဘယ်တော့မှ...." စကားမဆုံးသေးခင်တွင်ပင် လီဟုန်တုံ့၏ အေးစက်လှသည့် အကြည့်များက လီကျီကုန်းထံသို့ရောက်ရှိလာတာကြောင့် လီကျီဖန်းတစ်ယောက် အေးခဲလို့သွားကာ၊

"ငါဘယ်တော့မှ နင့်ကို အသံမြင့်ပြီးမပြောရဲပါဘူး။" လီကျီဖန်းဆက်ပြောလိုက်သည်။

ကောင်းဖန် တခ္ခဇီကိုဘတ်စ်ကားပေါ်မှ ကူညီ၍ချ ပေးဖို့ကြိုးစားလိုက်သည်၊ သူ့၏ဦးမျှင် များက စိတ်လှုပ်ရှားကာ

## စာစဉ် ၁

ပတ်ချာလည်ယမ်းနေတော့သည်။တာ့ဇီက အခြားပတ်ဝန်းကျင်
အသစ်တစ်ခုသို့ရောက်ရှိနေခြင်းကြောင့်
ချီတုံချတုံဖြစ်နေသည်၊ကောင်းဖန်က နောက်ဆုံးမှာ တော့ တာ့ဇီကို
ဘတ်စ်ကားပေါ်ကနေ အတင်းတွန်းချလိုက်တော့သည်။

ဘတ်စ်ကားထဲမှ
ထွက်လာသည်နှင့်တာ့ဇီကကိုယ်ကိုတည့်မတ်၍ကောင်းဖန်ပေါ်တက်ဖို့မ
ကြိုးစားမှီ
ကောင်းဖန်၏ပတ်ပတ်လည်ကိုစက်ဝိုင်းပုံစံကသုတ်ကရုတ်ပတ်ပြေးနေေ
ော့ သည်၊ ကောင်းဖန်ကအေးစက်စွာနဲ့ သူ့ကိုယ်ပေါ်တက်ဖို့ကို
ငြင်းဆန်လိုက်သည်။

ဒါက သူပထမဆုံးတာ့ဇီစိတ်လှုပ်ရှားနေတာကို မြင်ရတာဘဲ။
ကောင်းဖန်ရယ်ဖို့ပင် မတတ် နိုင်ခဲ့ပါ။

ကောင်းဖန်

---

## စာစဉ် ၁

“ဝေါင်း” ရက်စက်ကြမ်းကြုတ်တဲ့ပေါက်ကွဲနေတဲ့ဟိန်းသံကို ကောင်းဖန်၏နောက်မှကြား လိုက်ရသည်၊ ကောင်းဖန်ရဲ့နားစည်တွေက ထိုအားအင်အပြည့်နဲ့ဟိန်းသံလှိုင်းကြောင့် ပေါက်ထွက်တော့မလိုဘဲ။ငင်းကတာ့ဇီကိုစိတ်တိုနေခြင်းပင်၊ သူ့ခန္ဓာကိုယ်က တည့်တည့် မတ်မတ်ထွက်ပေါ်လာပြီး ကောင်းဖန်ရဲ့နောက်သို့ ခေါင်းကိုညွှတ်ကာကြည့်လိုက်သည်၊

တာ့ဇီက အနက်ရောင်အမျက်ဒေါသကင်းကောင်ရဲ့ ပေါင်ကိုကိုက်လိုက်သည်၊ထိုပုံရိပ်က မျက်လုံးထဲမှာစွဲကျန်နေတော့သည်၊ ဒါကလျှင်မြန်တဲ့လှုပ်ရှားမှုဖြစ်ပြီး ပုစဉ်းတစ်ကောင် ရေပေါ်မှာဥ ဥသလိုမျိုးကိုမြန်သည်၊

အနက်ရောင်အမျက်ဒေါသကင်းကောင်က လူကဲ့သို့ပုံစံမျိုးမျက်မှောင်ကြုံ့လိုက်ပြီး သူ့ပေါင်ကိုဆုပ်ကိုင်လိုက်ကာ စူးကနဲအဆက်မပြတ်အော်တော့သည်။

# ကောင်းဖန်

## စာစဉ် ၁

သူတို့ဘေးနားမှာရပ်နေတဲ့ဟိုင်လန်ယွိကအစက

ကောင်းဖန်ရဲ့ကံဆိုးမိုးမှောင်ကျမှုကို ကြည့်ရင်းပျက်ရယ်ပြုနေခဲ့သည်၊

သူနှင့်ရင်းနှီးသော သားရဲအကိုက်ခံရသည်ကိုမြင်သော အခါ

သူ့အပြုံးတွေကနေ ဒေါသဖြစ်တဲ့အပြုအမူကိုပြောင်းသွားတော့သည်၊

ဒါအတွက်သူ ကခံရသလိုသရုပ်ဆောင်ကာပြောကာနီး

ထိုအော်သံကိုကြားတဲ့ မုရုန်ချိုးယွဲ့က သူတို့ကို ဆူလိုက်ကာ “

မင်းတို့နှစ်ယောက်ဘာလုပ်နေကြတာလဲ? ဖြစ်နေတာတွေ ငါဘာမှမမြင်

ဘူးလို့တော့မထင်နဲ့နော်၊ ဟိုင်လန်ယွိ

မင်းမှာအခုရင်းနှီးတဲ့သားရဲလည်းရှိနေပြီ ပြီးတော့

သားရဲလေ့ကျင့်ပေးသူတစ်ယောက်လည်းဖြစ်နေပြီ!

သားရဲလေ့ကျင့်ပေးသူတစ်ယောက်

အနေနဲ့ကိုယ့်သားရဲကတခြားလူတွေကိုလန့်အောင်လုပ်နေတာကို

ထိန်းပေးရမှာမဟုတ် ဘူးလား၊ ကောင်းဖန် မင်းလည်းမင်းရဲ့

စာစဉ် ၁

ကင်းခြေများပေါက်စက လူတွေကိုအလွယ်တကူ မကိုက်အောင်

သေချာထိန်းထားပါ။”

နှစ်ဖက်လုံးဆူခံလိုက်ရတာဖြစ်ပေမယ့် မုရုန်ချိုးယဲ့က ကောင်းဖန်ရဲ့ ရလဒ်ကောင်းတွေ ကြောင့်ဘက်လိုက်တာကို ရှင်းရှင်းလင်းလင်း တွေ့ရသည်။

နောက်ဆုံးမှာတော့ အနက်ရောင် အမျက်ဒေါသကင်းကောင်ကို သူ့သခင်ကအင်တင် တင်နဲ့ခေါ်သွားတော့တယ်။ဒါကြောင့်၎င်းက မကျေမနပ်ဖြစ်နေတဲ့ မျက်လုံးတွေနဲ့ ဟိုင်လန်ယွိကိုဦးတည်ကြည့်လိုက်တယ်၊ ပြောရရင်တော့ “မင်းငါ့ကို အဲ့ဒီငကြောက် ကောင်တွေဆီပြန်ပို့ပေး၊ ငါ့ကိုကိုက်တဲ့ ကင်းခြေများပေါက်စကို အဆုံးသတ်ပြီးရင် မင်း ငါ့ကို ပြန်ခေါ်လိုက်၊ မင်းကဘယ်လိုသခင်မျိုးလဲ?”ဟု ပြောနေသရောင်ပင်။

# ကောင်းဖန်

## စာစဉ် ၁

ငင်းကမပျော်မရွှင်နဲ့ ခုန်ဆွခုန်ဆွလုပ်နေကာ တအီအီမြည်နေသောအသံကိုလုပ်နေတော့ သည်။

အနက်ရောင်အမျက်ဒေါသကင်းကောင်က ၇နှစ်၈နှစ်လောက်ကလေးတွေလို အတော် အသင့် ဉာဏ်ထက်ပြီးတော်သည်၊သူ့ရဲ့ခံစားချက်တွေက အခြားသူတွေမြင်ရန်အတွက် သူ့မျက်နှာမှာအထင်းသားပေါ်နေသည်။ အခုတော့ သူ့မျက်နှာကရှုံ့မဲ့နေပြီး သူ့မျက်ခုံးတွေ ကတွန့်ချိုးနေသည်က သူ၏ခပ်ရှည်ရှည်မျက်နှာပေါ်တွင်အထင်းသားပေါ်နေသည်။

ကောင်းဖန် အနက်ရောင်အမျက်ဒေါသကင်းကောင်ကို သေချာစွာစူးစိုက်ကြည့်လိုက်တော့ သူ့စိတ်ထဲမှာ ဇယားတစ်ခုပေါ်လာပြန်သည်၊ [မကောင်းဆိုးဝါးအခြေအနေ] ကပြောင်းလဲ နေပြီး “ကျန်းမာ(အဆင်မပြေဖြစ်)”မှ “ အနည်းငယ်နာကျင်( စိတ်ခံတတ်ကျ ) (အဆိပ်မိ) ဟူ ၍မြင်လိုက်ရသည်။

## စာစဉ် ၁

နောက်ဆုံးစာလုံး (အဆိပ်မိ) ဆိုသောစာတန်းမှာ အနီရောင်အလင်းပြန်နေပြီးအချိန်ကြာလာသည်နှင့်အမျှထိုအရောင်မှာမှေးမှိန်လာတော့သည်၊ တစ်ချိန်တည်းမှာပင်သူ့ရှေ့မှ ၎င်း၏အခြေအနေသည် နောက်ဆုံးတွင် “မပြင်းထန်သောဒဏ်ရာ”မှ “အသေးစားဒဏ်ရာ” အဖြစ်သို့ပြောင်းသွားသည်။

…………..

“ဒါကသွေးနှင်းပန်းမြက်ပင်မဟုတ်လား၊ ဒီအပင်က ကပ်ဆိုးကြီးအတွင်းမှာ ပြောင်းလဲ လာပြီး နှင်းပန်းမြက်ပင်အသေးစားအမျိုးစုထဲကတစ်ခုဘဲ။ ဆင့်ကဲပြောင်းလဲမှုတွေ မဖြစ်ခင်ကတည်းက ဒီအပင်တွေက အဆုတ်ကိုအားကောင်းစေပြီး ချောင်းဆိုးရာမှာ ကုသရန်ဆေးအဖြစ်အသုံးဝင်တယ်။ ပြောင်းလဲသွားသော

## စာစဥ် ၁

သွေးနှင်းပန်းမြက်ပင်တွင်

ကိုယ်တွင်းပိုင်းဒဏ်ရာအတွက်ကုသဖို့အစွမ်းရှိပြီး အထူးသဖြင့်

ကိုယ်တွင်းအင်္ဂါများ ပျက်စီးခြင်းကို

ကုသပေးတယ်။သွေးနှင်းပန်းမြက်ပင်၏အမြစ်အနည်းငယ်ကိုစီရင်ကာ

သွေးကုန်ခမ်းမှုကိုကူညီနိုင်ပြီး ဒဏ်ရာများကိုပြန်လည်သက်သာစေရန်

ကူညီပေးတယ်။” ကောင်းဖန်က ခပ်ကျုံ့ကျုံ့လေးထိုင်လိုက်ကာ

သူ့ခြေထောက်နားက သွေးနီရောင်ပန်းပွင့် တွေကို

စွဲစွဲလန်းလန်းကြည့်နေသည်၊

နှင်းပန်းမြက်ပင်တွေကို ယန်ကျဲချောင်လို့ခေါ်ပြီး ကပ်ဆိုးကြီးမတိုင်ခင်

တွေ့မြင်နေကျ အပင်မျိုးဖြစ်သည်၊ ထိုအပင်တွေကိုလမ်းပေါ်တွေမှာ

မကြာခဏတွေ့ရတတ်သည်၊ လမ်းတလျှောက်ကပန်းခင်းတွေမှာ

ကြက်သွန်မိတ်လိုအပင်မျိုးတွေ အစီအရီ ရှိနေ ကြသည်၊

ထိုအပင်တွေကိုတော့နှင်းပန်းမြက်ပင်တွေလို့ခေါ်သည်။

## စာစဉ် ၁

သွေးနှင်းပန်းမြက်ပင်တွေရဲ့ အကြောင်းကို “အသစ်ထုတ်ဝေသော သန္ဓေပြောင်းလဲခြင်း ရုက္ခဗေဒ အပင်များ” ဟူ၍ ကပ်ဆိုးကြီးပြီးနောက် အလယ်တန်းကျောင်းသား/သူများ ဖတ်ရမည့်စာအုပ်ထဲတွင် ရှာဖွေနိုင်သည်။

ဘယ်အချိန်မှာဘဲဖြစ်ဖြစ် အသိဉာဏ်သည် အကျိုးရှိသောစွမ်းအားတစ်ခုအဖြစ် နံပါတ်၁ တွင်ရပ်တည်လျှက်ရှိသည်။ လက်ရှိထူးခြားဆန်းကျယ်ပြီးစိတ်ကူးယဥ်ဆန်သောကမ္ဘာ ကြီးထဲတွင်ပင် အသိပညာနှင့်သိပ္ပံပညာသည် နောက်ကျကျန်မနေခဲ့ပါ။

သိပ္ပံပညာနှင့် နည်းပညာသည်တူညီသောအရာများမဟုတ်ပါ၊နည်းပညာသည်သိပ္ပံပညာ ၏ရလဒ်သာဖြစ်သည်၊ သိပ္ပံပညာသည်လူတစ်ယောက်၏ကိုယ်ပိုင်ဗဟုသုတ၊ သတင်း အချက်အလက်များကိုရှာဖွေခြင်းနှင့်စုဆောင်းခြင်း၊ တွေးခေါ်နိုင်စွမ်းနှင့်

## စာစဉ် ၁

ခွဲခြမ်းစိတ်ဖျာ ခြင်း၊

ပြန်လည်ရှာဖွေလေ့လာရန်နည်းလမ်းများပင်ဖြစ်သည်။၎င်းသည်လူတစ်ေ

ာက် ၏အသိပညာဗဟုသုတတိုးပွားခြင်းနှင့်

ထိုအရာများကိုမိမိကိုယ်ပိုင်ဖြစ်စေခြင်းသည် ကောင်းမွန်သော

အကျိုးရလဒ်နှင့်တိုးတက်မှု ကိုဖြစ်စေသည်၊

ဒါကဘယ်တော့မှနောက်ကျကျန်မနေခဲ့မဲ့

အကြောင်းအရာတစ်ခုဘဲဖြစ်သည်။

***

## စာစဉ် ၁

## *အခန်း ၈ အညိုရောင်ကျောက်မြွေ*

ကောင်းဖန် သူရှာဖွေတွေ့ရှိသမျှ ပညာဗဟုသုတများဖြင့် မိဘများကို ပြန်လည်ရှင်သန်လာစေရန် နည်းလမ်းရှာဖို့အတွက် မျှော်လင့်ထားခဲ့တာကြောင့် စိတ်အားထက်သန်စွာ လေ့လာသင်ယူနေခဲ့သည်။

ဒါကြောင့်ပဲ ကောင်းဖန်လို ပညာရေးကိုလုံးဝစိတ်မဝင်စားသည့် 'ငါးသေကောင်'လို ကျောင်းသားကနေပြီး ကျောင်း၏ထိပ်တန်းကျောင်းသားတစ်ယောက်အဖြစ်သို့ အသွင်ပြောင်းသွားခြင်းဖြစ်သည်။

သူ့တွင် အိပ်မက်ရှိလာပြီဖြစ်တာကြောင့် ရည်မှန်းချက်လဲရှိလာခဲ့သည်။ ၎င်းရည်မှန်းချက်သည်ကတော့ သူ၏မိဘများကို ပြန်လည်အသက်ရှင်သန်လာစေရန် လုပ်ဆောင်ဖို့ပင်။

သူသာ သာမာန်လူတစ်ဦးအတိုင်းပဲ ဆက်လက်နေထိုင်ဖို့ ရွေးချယ်လိုက်ပါက သူ့ရည်မှန်းချက်ကို ပြည့်မြောက်အောင် ဆောင်ရွက်နိုင်ဖို့ရန် အခွင့်အလမ်းလဲ ရှိတော့မည်မဟုတ်ပေ။

## စာစဉ် ၁

သွေးနှင်းပန်းမြက်ပင်၏ အောက်ခြေမှ နှင်းဖြူရောင် ပင်စည်ပွားများပေါ်လာသည်အထိ ကောင်းဖန် မြေကြီးကို တူးဆွနေခဲ့သည်။ ၎င်းမှာ ပင်စည်အောက်ပိုင်းတွင် သေးငယ်သည့် မုန်လာဥလေးများစွာ တည်ရှိနေသကဲ့သို့ပင်။ ဒီလို အပင်သေးသေးလေး၏ မြေအောက်ထဲတွင် ယခုလို အမြစ်များစွာရှိနေမည်ဟု စိတ်ကူးကြည့်ဖို့ရန်ပင် ခဲယဉ်းလှသည်။

သွေးနှင်းပန်းမြက်ပင်များအကြောင်းကို ကောင်းဖန် လေ့လာဖတ်ရှုထားခဲ့ဖူးသော်လည်း ယခုမှ ပထမဆုံးအကြိမ် ကိုယ်တိုင်မြင်တွေ့ကိုင်တွယ်ဖူးခြင်းဖြစ်သည်။

တာ့ဇီသည်တော့ ကောင်းဖန်အနားတွင် အသည်းအသန်လှည့်ပတ်ရင်း စပ်စုနေခဲ့ကာ သူ၏ဦးမျှင်အစုံသည်လဲ တစ်ချိန်လုံးလှုပ်ရမ်းနေခဲ့သည်။ ကောင်းဖန်၏လက်ထဲမှ သွေးနှင်းပန်းမြက်ပင်ကို တာ့ဇီ အသေအချာစိုက်ကြည့်နေပြီးနောက် ကောင်းဖန်၏ တံတောင်းနားသို့ တိုးဝှေ့ကာ သနားစရာကောင်းသည့် ခွေးလေးတစ်ကောင်ပမာ ကောင်းဖန်ကို စိုက်ကြည့်နေတော့သည်။

ကောင်းဖန်

# စာစဉ် ၁

ကောင်းဖန် ရယ်ရုံသာရယ်လိုက်နိုင်တော့သည်။ သူကအစကတည်းက သွေးနှင်းပန်းမြက်ပင်ကို လေ့လာရုံသာလေ့လာပြီး တကယ်တမ်း သူနှင့်ယူဆောင်သွားဖို့ရန် စိတ်ကူးမရှိထားခဲ့ပေ။ ဒါပေမယ့် တခ့ဇီက စားချင်နေမှတော့ ဘာလို့ မကျွေးနိုင်ရမှာလဲ? သွေးနှင်းပန်းမြက်ပင်၏ အမြစ်ပိုင်းစလေးကို ကောင်းဖန် လက်ထဲတွင် ကိုင်ထားရင်း တခ့ဇီကို ကျွေးလိုက်သည်။ တခ့ဇီလဲ သူ့ပါးစပ်ကြီးကို အကျယ်ကြီးဟကာ တမြုပ်မြုပ်ဖြင့်ဝါးနေပြီး ပါးစပ်ထောင့်မှနေ အမြစ်ကိုဝါးရာမှ ထွက်လာသည့်အရည်ကြည်များပင် စီးကျလို့လာသည်။

ကင်းခြေများတို့သည် မူလကတည်းက အစုံစားသတ္တဝါများဖြစ်ကာ တချို့ဆိုလျှင် ရေညှိများကိုတောင် စားကြသေးတာကြောင့် သွေးနှင်းပန်းမြက်ပင်၏ အမြစ်ကလေးနည်းနည်းပါးပါး စားလိုက်ရုံဖြင့် ဘာပြဿနာမှမရှိနိုင်ပေ။

ထို့နောက် ကောင်းဖန် ရှာဖွေရေးလုပ်နေသည့် ကန်ဘေးမှ တောအုပ်ငယ်လေးထဲတွင် အပင်မျိုးစုံပေါက်ရောက်နေတာကြောင့် ဒေင်ဥယျာဉ်ကြီးထဲသို့ ရောက်ရှိနေသည်ဟု အိပ်မက်မက်နေသလိုပင် ထင်နေမိသည်။ သူစာအုပ်ထဲတွင်သာ မြင်တွေ့ခဲ့ဖူးသည့် အပင်အမျိုးအစားအစုံမှာ ယခု သူ့မျက်စိရှေ့တွင် ရှိနေခဲ့ပေပြီ။

## စာစဉ် ၁

၎င်းတို့ထဲတွင် အသွင်ပြောင်းသွားသည့် အပြာရောင်အညွှန့်ရှိသည့် စက္ကူပန်းပင်များပင် ရှိလို့နေသေးသည်။

ဤတောအုပ်ငယ်လေးမှာ ကောင်းဖန်အတွက်တော့ အဖိုးမဖြတ်နိုင်သည့် ရတနာသိုက်လေးတစ်ခုနှယ်။

ကောင်းဖန်နောက် တောက်လျှောက်လိုက်နေခဲ့သည့် တာ့ဇီ ရုတ်တရက်ရပ်တန့်သွားကာ သူ၏ဦးမျှင်အစုံသည်လဲ တာဝါတိုင်နှစ်ချောင်းပမာ အပေါ်ဘက်သို့ ဖြောင့်မတ်စွာ ထောင်သွားခဲ့သည်။ ၎င်း၏မျက်လုံးများသည်လဲ သတိအနေအထားဖြင့် တလက်လက်တောက်ပသွားသည်။

ကောင်းဖန်၏ အနောက်ဖက်မှ ချုံပုတ်မှထွက်လာသည့် တရှဲရှဲအသံက သူ့ကို သတိအနေအထားဖြစ်သွားစေခြင်းပင်။ အစိမ်းရင့်ရောင်ချုံပုတ်များမှာ အဆတ်မပြတ်လှုပ်ယမ်းလို့နေသည်။ တုန်ခါလှုပ်ယမ်းနှုန်းနှင့် ချုံပုတ်၏အရွယ်အစားကိုကြည့်ကာ ထိုတရှဲရှဲဖြစ်အောင် ပြုလုပ်နေသည့်တစ်စုံတစ်ရာမှာ အလွန်အမင်းတော့ ကြီးမားသည့်အရာမဟုတ်ကြောင်း ကောင်းဖန် သိနေသည်။

## ကောင်းဖန်

# စာစဉ် ၁

တာ့ဇီမှာ ရှေ့မှောက်ရှိအရာကို အာရုံခံစားနေပေမည့် ချုံပုတ်ထဲမှ တစ်စုံတစ်ရာသည်တော့ ဆက်ပြီး အရှေ့သို့ တိုးရဲပုံမရပေ။ ခဏလောက်တွန့်ဆုတ်နေခဲ့ပြီးနောက်တွင်တော့ ချုံပုတ်လှုပ်ယမ်းနေမှု ရပ်တန့်သွားခဲ့သည်။ ထိုချုံပုန်နောက်ကွယ်မှ တစ်စုံတစ်ရာသည် ပြန်ပြီးဆုတ်ခွာဖို့ရန် ကြိုးပမ်းနေပုံပင်။

တာ့ဇီသည်တော့ စိတ်လှုပ်ရှားနေကာ ချုံပုတ်ထဲသို့ အတင်းတိုးဝင်ချင်နေဟန်ပေါ်ပေမည့် ကောင်းဖန်က တားထားခဲ့သည်။ ထိုချုံပုတ်နောက်ကွယ်မှ တစ်စုံတစ်ရာနောက်လိုက်ရင်း တာ့ဇီ ထောင်ချောက်မမိသွားနိုင်ပါဘူးဟု မပြောနိုင်ပေ။ ထိုအမည်မသိရသေးသည့် တစ်စုံတစ်ရာက တမင်တကာ တာ့ဇီကို တိုးဝင်လာဖို့ရန် မှျားခေါ်နေခြင်းမျိုးလဲ ဖြစ်နိုင်သည်။

ဒီလိုသားရဲများ၏ စဉ်းစားဉာဏ်ကို လျှော့မတွက်ထားသင့်ပေ။ သားရဲအများစုသည် ဉာဏ်ရည်မြင့်မားခြင်းမရှိသော်လည်း စဉ်းစားဉာဏ်နှင့်တော့ မတူပေ။

ကောင်းဖန် တာ့ဇီကို ဆွဲကာ နောက်သို့ခြေနှစ်လှမ်းဆုတ်လိုက်သည်။ အနားတွင်

## စာစဉ် ၁

အခြားဘာအန္တရာယ်မှ မရှိလောက်ဘူးဆိုသည်ကို သေချာကြည့်ရှုပြီးနောက်တွင်တော့ ကျောက်ခဲလေးတစ်လုံးကို ကောက်ယူလိုက်သည်။

ထို့နောက် ကျောက်ခဲကို ချုံ့ပုတ်ထဲသို့ လှမ်းပစ်လိုက်လေသည်။

ရှုး…ရှုး

ချုံပုတ်က ရုတ်တရက်ဆိုသလို ပြင်းပြင်းထန်ထန် လှုပ်ရမ်းလာကာ ၎င်းထဲတွင်ရှိနေသည့် တစ်စုံတစ်ရာက ထိတ်လန့်သွားဟန်ပင်။

ခဏအကြာတွင်တော့ ချုံပုတ်ထဲမှနေပြီး မီးခိုးရောင်သဏ္ဍာန်ရှိတစ်စုံတစ်ရာက ရုတ်တရက် ခုန်ထွက်လာသည်။ ရှီး….! ထိုအရာက ကောင်းဖန်ဆီသို့ ချက်ချင်းဦးတည်သွားတော့သည်။

ကောင်းဖန်လဲ သတိကြီးစွာဖြင့် တပြိုင်တည်း နောက်သို့ဆုတ်လိုက်ကာ တဒ္ဓဇီသည်တော့ ထိုမီးခိုးရောင်သဏ္ဍာန်ပေါ်သို့ ခုန်အုပ်လိုက်သည်။ တဒ္ဓဇီ၏အရှိန်သည်လဲ မနှေးလှပေ။

ခရမ်းရောင်နှင့် မီးခိုးရောင်တို့ လေထုထဲတွင် လျင်မြန်လှသော အရှိန်ဖြင့် တိုက်မိသွားကာ ကောင်းဖန်၏သာမာန် မျက်စိဖြင့်တော့ ရှင်းရှင်းလင်းလင်းမမြင်နိုင်ခဲ့ပေ။ သူဘက်ကနေပြီး လေထဲတွင်

## စာစဉ် ၁

ခရမ်းရောင်နှင့်မီးခိုးရောင်တို့ အချင်းချင်း ရှုပ်ထွေးနေသည်ကိုပင် ဝိုးတဝါးမြင်တွေ့နေရသည်။

ခဏအကြာတွင်တော့ တစ်ကောင်နှင့်တစ်ကောင် ဖမ်းချုပ်နိုင်သွားပုံရကာ မြေပြင်ပေါ်သို့ နှစ်ကောင်လုံး ရောက်ရှိလာတော့သည်။ တာ့ဇီ၏ထောင်ချီသည့် ခြေချောင်းများက အညိုရောင်နှင့်မီးခိုးရောင် ရောစပ်ထားသည် စပါးအုံးမြွေတစ်ကောင်ကို တင်းတင်းချုပ်ထားခဲ့သည်။

ကမ္ဘာမြေကြီးကပ်ဘေးမကျခင်တုန်းကတော့ ၎င်းကို စပါးအုံးဟု ခေါ်ဆိုကြပေမည့် အခုခေတ်တွင်တော့ ၎င်းသည် သာမာန်မြွေတစ်ကောင်မျှသာ။

ထိုမီးခိုးညိုရောင်စပါးအုံးမြွေသည် ၃မီတာလောက်ရှည်လျားပေမည့် တာ့ဇီသည်တော့ ၂မီတာသာ ရှည်သည်။ ထို့အတွက်ကြောင့် တာ့ဇီ၏နောက်ဘက်တွင်တော့ အမြီးတစ်ချောင်း ရုန်းကန်လှုပ်ယမ်းလို့နေသည်ကို တွေ့မြင်နိုင်ပေသည်။

ထိုမြွေကို ကြည့်လိုက်သည်နှင့် ကောင်းဖန်စိတ်ထဲ အချက်အလက်ပြဇယားတစ်ခု အလိုအလျောက်ပေါ်ထွက်လာခဲ့သည်။

# ကောင်းဖန်

## စာစဉ် ၁

[မကောင်းဆိုးဝါးအမည်] : အညိုရောင်ကျောက်မြွေ

[မကောင်းဆိုးဝါးအဆင့်] : အဆင့်ဖ

[မကောင်းဆိုးဝါးအဆင့်အတန်း] : သာမန်

[မကောင်းဆိုးဝါးစွမ်းအင်] : မြေကြီး

[မကောင်းဆိုးဝါးအခြေအနေ] : ကျန်းမာ( အထိတ်တလန့်ဖြစ် )

[မကောင်းဆိုးဝါးအားနည်းချက်] : ၁၊ သစ်သား

၂၊မြွေတွံတွေးမြက်ပင်သည် အညိုရောင်

ကျောက်မြွေကိုတွန်းလှန်ရန်အတွက်အကောင်းဆုံးအပင်ဖြစ်သည်၊

ထိုအပင်အရေအတွက်

များများကိုရင်းအားမြင်သာအောင်ပြလိုက်မည်ဆိုလျှင် အညိုရောင်

ကျောက်မြွေ၏လှုပ် ရှားမှုများသည် နှေးကွေးသွားပြီး

## စာစဉ် ၁

ၡင်း၏ခန္ဓာကိုယ်အစိတ်အပိုင်းများသည် တောင့်တင်း
သွားမည်သာဖြစ်သည်၊

[အထူးအဆင့်သို့မြှင့်တင်ရန်လိုအပ်ချက်များ] : ........

မြွေတွံတွေးမြက်ပင်?....စင်စစ်အားဖြင့်အညိုရောင်ကျောက်မြွေ
နေထိုင်သောနေရာ အနား တဝိုက်တွင်
မြွေတွံတွေးမြက်ပင်သည်ထိုနေရာအနီးတွင် ပေါက်ရောက်နေနိုင် သည်။
သူ့အတွက်တော့ သေရေးရှင်ရေးအခြေအနေမှာ မြွေတွံတွေးမြက်ပင်ကို
အပြေးအလွှား သွားရှာရမယ်???
ဒါကအရမ်းကိုရိုးရှင်းပြီးခက်ခဲတဲ့တာဝန်ဘဲ။ အခုတော့ တဇ္ဇီနဲ့အညို
ရောင်ကျောက်မြွေက
မတိုးသာမဆုတ်သာအခြေအနေကိုရောက်နေကြပြီ၊ သူက
မြွေတွံတွေးမြက်ကိုသွားရှာနေစဉ်

# စာစဉ် ၁

အခြားသားရဲတစ်ကောင်ဆီပြေးသွားမိလျှင် ဇာတ်လမ်းထဲကဇာတ်ကောင်လို သူတွင်ရွေးချယ်စရာမရှိပေ၊

သူမြက်ပင်ကိုရှာမရသည့်အခြားအကြောင်းအရင်းနောက်တစ်ခုမှာ ယခုလက်ရှိ ဖြစ်နေသည်ကို ကိုင်တွယ်ဖြေရှင်းနေရခြင်းကြောင့်ဖြစ်သည်။ တာ့ဇီက အညိုရောင်ကျောက်မြွေထက် အဆင့်နိမ့်သော်လည်း ဒါကအဆင့်တစ်ခုဘဲဖြစ်ကာ သားရဲအဆင့်အတန်းကတော့ မခြားနားတာကြောင့် စွမ်းအားတွင်လည်း သိပ်ကွာမည်မဟုတ်ပေ။

ထို့အပြင်သာမန်အဆင့်သားရဲများကြားတွင် ခရမ်းရောင်ကျောပြင်နှင့် အဝါရောင်ခြေချောင်းရှိသောကင်းခြေများက အညိုရောင်ကျောက်မြွေနှင့်ယှဉ်လျှင်အဆင့်အတန်းက ပို၍မြင့်သည်။ တာ့ဇီက ထိုမေးရိုးကျယ်သောသတ္တဝါ၏နေရာတွင် အညိုရောင်ကျောက်မြွေ၏ခေါင်း နောက်၌နစ်မြုပ်နေသည်ကို ကောင်းဖန်မြင်ရသည်။ တာ့ဇီ၏အစွယ်များက မြွေ၏အသားထဲတွင်

## စာစဉ် ၁

အတွင်းထဲထိနက်နေအောင်နစ်မြုပ်နေသည်။ ဒါကတာ့ဇီအတွက် အသင့်တော်ဆုံးပုံစံဖြစ်ပေမယ့် အညိုရောင်ကျောက်မြွေရဲ့ခေါင်းကတော့ အနည်းငယ် လှုပ်ရတုန်းဖြစ်နေသည်၊သူကိုက်နိုင်သမျှက တာ့ဇီ၏နောက်ကျောမှအခွံကိုသာဖြစ်သည်၊

အညိုရောင်ကျောက်မြွေက သူ့ရဲ့ပါးစပ်ကိုကျယ်ကျယ်ဖွင့်လိုက်ပြီး ခရမ်းရောင်ကျောပြင် ကိုကိုက်ရန် အားထုတ်လိုက်သည်။သူ့ရဲ့မေးရိုးအနိမ့်ပိုင်းက ၁၈၀ဒီဂရီလောက်ထိ ဖွင့်ထား လုနီးပါးဖြစ်တာကြောင့် ပြုတ်ထွက်တော့မလိုပင်။ ထို့နောက်၎င်းက ကျောခွံကိုပြင်းထန် စွာကိုက်ချလိုက်သည်။

၎င်း၏အစွယ်က ကျောခွံကိုဖြတ်မသွားခဲ့ပေ၊ အညိုရောင်ကျောက်မြွေက လူပုံစံနှင့်တူကာ ကြည့်ရသည်မှာကျောက်ခဲတစ်ခဲကို ပါးချနေသလိုမျိုးခက်ခဲနေသည်၊ သူ့ရဲ့မျက်လုံးတွေက ပြူးကျယ်နေပြီး

## စာစဉ် ၁

ပါးစပ်ကဖွင့်ကာကိုက်ထားရသောပုံစံကြောင့် သူ့ပုံစံကတောင့်တင်းနေသည်၊

ထိုအချိန်တွင် အညိုရောင်ကျောက်မြွေသည် အလွန်ထိခိုက်နေသောအနေအထားတွင် ရှိသည်။ သူ့ခန္ဓာကိုယ်က တာ့ဇီရဲ့ထောင်ဂဏန်းလောက်ရှိသော ခြေချောင်းများကြားပိတ် မိနေပြီး ခြေသည်းများက ၎င်း၏ခန္ဓာကိုယ်ထဲတွင်နစ်မြုပ်နေသည်၊ ဘယ်လောက်ဘဲ လှုပ်ယမ်းနေပါစေ အဲ့ထဲကမလွတ်နိုင်ဘူး၊ တာ့ဇီရဲ့အစွယ်တွေက မြွေရဲ့ခန္ဓာကိုယ်ထဲသို့ စူးကောက်တစ်ခုလို ထိုးထည့်ထားကာ အဆိပ်ပမာဏအများအပြားကိုလည်း အဆက်မပြတ်ထိုးသွင်းနေသည်။

ကောင်းဖန်အမြင်ထဲတွင်တော့ အညိုရောင်ကျောက်မြွေ၏အခြေအနေသည် အနီရောင်အလင်းများဆက်၍တောက်ပနေသည်၊

## စာစဉ် ၁

၎င်း၏အခြေအနေသည်အစဉ်မပြတ်ဆိုးရွားနေကာ

အခြေအနေကကျဆင်းနေရာမှ “ အနည်းငယ်ဒဏ်ရာ” မှ “

သေးငယ်သောဒဏ်ရာ” ထိုမှ “အလယ်အလတ်ဒဏ်ရာ”မှ “

ပြင်းထန်သောဒဏ်ရာများ” အဖြစ်သို့ပြောင်းသွား

သည်၊အညိုရောင်ကျောက်မြွေသည်

သူ၏အသက်လေးအတွက်ရုန်းကန်လှုပ်ရှားနေကာ

မြေပြင်ပေါ်သို့လိမ့်ချပြီး သစ်ပင်နှင့်တိုက်မိသဖြင့် သစ်ပင်၏အခေါက်များ

မြေပြင်ပေါ်သို့ ကျလာကာ ၎င်းထံမှငြီးသံထွက်လာတော့သည်။

ဒဏ်ရာများကဆိုးရွားသောကြောင့် အဆုံးမှာတော့

အညိုရောင်ကျောက်မြွေက အရှုံးပေး လိုက်တော့သည်၊

၎င်းကမြေပြင်ပေါ်တွင်တိတ်ဆိတ်စွာလဲလျောင်းနေပြီး ဘဝကိုအရှုံးပေး

လိုက်သလို ဗလာမျက်လုံးတွေနှင့် စိုက်ကြည့်နေတော့သည်၊

## စာစဉ် ၁

"အပြင်းအထန်ဒဏ်ရာ" ဆိုသောစာလုံးသည်

ရုတ်ခြည်းတောက်ပလာပြီးယခုအချိန် တွင်တော့ စာလုံးက

အနီရင့်ရင့်အဖြစ်သို့ပြောင်းသွားသည်၊ စာလုံးများက သူတို့ကိုယ်တိုင်

သွေးထုတ်ယူသွားသလို အနီရောင်အရောင်က

တဖြည်းဖြည်းပျောက်ကွယ်သွားတော့ သည်၊အဆုံးမှာတော့

စာလုံးကအနက်ရောင်သို့ပြောင်းသွားပြီး " သေစေနိုင်သောဒဏ်ရာ"

အဖြစ်သို့ပြောင်းသွားတော့သည်။

၁၀မိနစ်လောက်ကြာတော့ "သေစေနိုင်သောဒဏ်ရာ"ဆိုသော

စာလုံး၏အရောင်ကသိသိ သာသာမှေးမှိန်သွားကာ

"သေဆုံးခြင်း"ဆိုသော ခဲဖြူရောင်စာလုံးသာကျန်နေခဲ့သည်။

မြေပွေများတွင် ၎င်းတို့၏အာရုံကြောနှင့်ပတ်သတ်၍

တမူထူးခြားသောအချက်တစ်ချက်ရှိပြီး ရုတ်တရက်တိုက်ခိုက်မှုကို

တုံ့ပြန်ရန်ဆိုသည့်အချက်ဖြစ်သည်။ ၎င်းအင်္ဂါအစိတ်အပိုင်း

## စာစဉ် ၁

သည်သေဆုံးပြီးချိန်တွင်တောင် ရှင်နေသည့်အစိတ်အပိုင်းဖြစ်ပြီး

သူတို့၏ခေါင်းပတ်လည် ရှိအာရုံခံအင်္ဂါတွေကပြိုကွဲမသွားသေးဘဲ

သူတို့တွင်သေစေနိုင်သောခြိမ်းခြောက်မှုရှိနိုင် သေးသည်ကိုဆိုလိုသည်။

မြွေအများအပြားတွင် အင်အားပြည့်ဝနေသောအဆိပ်ရှိသဖြင့်

မြွေသေပြီးနောက်ပိုင်းမြွေကိုက်ခံရခြင်းကြောင့်သေဆုံးခြင်းသည်

ရှားမည်မဟုတ်ပေ။

အညိုရောင်ကျောက်မြွေလိုအဆိပ်ပြင်းသည့်မြွေ၏ချွန်ထက်သောအ

စွယ်များက ကိုက် လိုက်လျှင်

အသားထဲသို့ချိတ်တစ်ခုသဖွယ်နစ်မြုပ်နေနိုင်သည်။

ကောင်းဖန် တုတ်ရှည်တစ်ချောင်းကိုကောက်ယူလိုက်ပြီး

အညိုရောင်ကျောက်မြွေကို တို့ကြည့်လိုက်ကာစမ်းသပ်လိုက်သည်။

အညိုရောင်ကျောက်မြွေကမြေပြင်ထက်တွင်

အမူအရာမဲ့စွာလဲလျောင်းနေရာမှ ရုတ်တ ရက်လန်သွားကာ

## စာစဉ် ၁

တုတ်ချောင်းပေါ်သို့ဆိုးရွားစွာပြုတ်ကျသွားသည်၊ ကောင်းဖန် တုတ်ချောင်းကိုယမ်းပြီး ဘယ်လောက်ဖယ်ဖယ် အညိုရောင်ကျောက်မြွေကိုမလှုပ်နိုင်ပေ၊ ဘယ်လိုဘဲဖြစ်ဖြစ်ငင်းရဲ့မျက်လုံးတွေက အဖြူမှိုင်းမှိုင်းဖြစ်နေပြီး အသက်မရှိတော့သည့် လက္ခဏာကိုပြနေသည်၊ မြွေကထိုပုံစံကိုခဏလောက်ထိန်းထားပြီး တုတ်ချောင်းကိုကိုက်လိုက်သည်။

ကောင်းဖန်နာရီအနည်းငယ်လောက်စောင့်လိုက်ပြီး နောက်ဆုံးတုတ်ချောင်းကိုသုံးပြီး အညိုရောင်ကျောက်မြွေအသေကောင်ကိုလှည့်ပတ်ကြည့်နေသည်၊ နောက်တော့သူ နိုင်လွန်အိတ်ကိုထုတ်ကာ အညိုရောင်ကျောက်မြွေကိုထည့်လိုက်သည်။ လက်တွေ့ကျကျ ကြည့်မည်ဆိုလျှင် သားရဲအသေကောင်၏အစိတ်အပိုင်းအားလုံးသည်

## စာစဉ် ၁

တန်ဖိုးရှိသည်။ သူလုပ်ရမည်က မြွေကိုဈေးကောင်းရရန်အတွက် အထူးကောင်းမွန်သောဈေးဆိုင်ကြီးများ သို့ပို့ရမည်ဖြစ်သည်၊

တဲ့ဗီသူ့ရဲ့အပေါ်ပိုင်းကိုမြှောက်လိုက်ပြီး ကောင်းဖန်ပေါ်သို့လှန်ချလိုက်သည်၊ သူက အညိုရောင်ကျောက်မြွေအသေကောင်လေးကို သွားရည်ကျလုမတတ် စိုက်ကာ ကြည့်နေတော့သည်။

***

## စာစဉ် ၁

### *အခန်း ၉ ပေါင်၄၀၀ကလေးလို ငိုကြွေးခြင်း*

တာ့ဇီ၏သနားစရာအမူအရာကြောင့် ကောင်းဖန် စိတ်တင်းထားဖို့ခက်လို့နေသည်။ တာ့ဇီ၏အဆင့်အတန်းတိုးမြှင့်ဖို့ရန်အတွက် အသားနှင့် တန်ဖိုးကြီးပစ္စည်းများလိုအပ်ပေသည်။ ဒီအညိုရောင်ကျောက်မြွေအသေကောင်သည် တာ့ဇီအတွက် သာမာန်အစားအစာများထက် ပို၍အာဟာရကြွယ်ဝရုံမျှသာဖြစ်သည်။ ဒီမြွေသေကိုသာ ရောင်းပြီး တာ့ဇီအတွက် ပို၍အာဟာရဖြစ်စေမည့် ပစ္စည်းများဝယ်ခြင်းက ပို၍အကျိုးရှိပေဦးမည်။

ထိုအချိန်အတောအတွင်း ကောင်းဖန် သူ့နောက်ဘက် မီတာ၁၀၀အကွာခန့်တွင် ရှိနေသည့် သစ်ပင်တစ်ပင်တွင် သူ့ကို အနီးကပ်စောင့်ကြည့်နေခဲ့သည့် အပြာရောင် လုံခြုံရေးယူနီဖောင်းဝတ်ထားသည့် လူတစ်ဦးရှိသည်ကို သတိမထားမိခဲ့လိုက်ပေ။

## စာစဉ် ၁

“ဒီကလေး ရည်ရှည်ကို မျှော်တွေးနိုင်စွမ်းမြင့်သားပဲ။ အညိုရောင်ကျောက်မြွေကိုရောင်းရင် သူ မဟာမိတ်ခရက်ဒစ်တစ်ဝက်လောက်တော့ရနိုင်တယ်။”

ထိုလူကတော့ ဒိုင်းပြာလုံခြုံရေးအဖွဲ့မှ ကျောင်းသားများအတွက် တာဝန်ယူရသည့် လုံခြုံရေးဝန်ထမ်းတစ်ဦးဖြစ်သည်။ သူတို့က ကျောင်းသားများ၏အသက်အန္တရာယ်မရှိစေရေးအတွက်သာ စောင့်ကြည့်ပေးကြသူများဖြစ်ပြီး ကလေးထိန်းသလိုတော့ တစ်ချိန်လုံးလိုက်ကူပေးနေခြင်းမျိုးမဟုတ်ပေ။ ကျောင်းသားများ၏လုံခြုံရေးသည် သူတို့တာဝန်ဖြစ်ပေမည့် ကျောင်းသားများ၏ကိုယ်ပိုင်သားရဲများအတွက် လုံခြုံရေးကိုတော့ တာဝန်မယူပေ။ အကယ်၍များ ကိုယ်ပိုင်သားရဲတစ်ကောင်သေသွားရင်လဲ သေတာပဲပေါ့။ ဒီကျောင်းသားတွေက အထက်တန်းကျောင်းသားတွေ ဖြစ်နေကြပြီလေ။ ဒီခေတ်သစ်ကြီးမှာ အသက်၁၆နှစ်နှင့်အထက်လူငယ်များကို တရားဝင်အရွယ်ရောက်ပြီးသူများဟု သတ်မှတ်ထားပြီဖြစ်ကာ အရွယ်ရောက်သူဖြစ်တာကြောင့် သူတို့လုပ်ဆောင်သမျှကို ကိုယ်တိုင်သာ တာဝန်ခံကြရပေမည်။

## စာစဉ် ၁

တစ်ချိန်တည်းတွင်ပဲ တခြားတစ်နေရာတွင်တော့၊

ဟိုင်လန်ယွိသည် သူ၏ကိုယ်ပိုင်သားရဲဖြစ်သည့် အနက်ရောင်အမျက်ဒေါသကင်းကောင်နှင့်အတူ အနီးနားရှိသစ်တောထဲတွင် လျှောက်ပတ်ကြည့်လို့နေသည်။ အစောပိုင်းက ကောင်းဖန်နှင့်ပြဿနာတက်သည့်ကိစ္စမှာ သူ့စိတ်ထဲရှိမနေတော့ပေ။ ဒါတွေက အထက်တန်းကျောင်းသားများကြားတွေ ဖြစ်လေ့ဖြစ်ထရှိသည့် သဘောထားကွဲလွဲမှုလောက်သာဖြစ်ပြီး အမှန်တကယ်ရန်ငြိုးရန်စတစ်ခုမဟုတ်ပေ။

သူလေ့လာဖို့ရန် ရွေးချယ်ထားသည့်နေရာသည် ကောင်းဖန်ရွေးထားသည့် သစ်တောနေရာနှင့်မတူညီပေ။ ကောင်းဖန်သွားသည့် နေရာသည်က ရေကန်ဘေးမှ သစ်တောဖြစ်ကာ နေရောင်ခြည်ကောင်းကောင်းရသည်။ ထိုနေရာတွင် သစ်ပင်ကြီးများ အနည်းအပြားရှိလို့နေသည်။ သို့ပေမည့် ဟိုင်ယွိလန်ရွေးထားသည့် နေရာသည်ကတော့ ရေကန်နှင့်တောင်ကြားထဲတွင်ရှိသည့် ရေကန်ဘေးမှ အတွင်းပိုင်းသစ်တောနေရာဖြစ်သည်။ ထိုနေရာသည်က နေရောင်ခြည်ကျရောက်မှုကျဲပါးကာ အပင်များလဲရှုပ်လို့နေသည်။

## စာစဉ် ၁

အနက်ရောင်အမျက်ဒေါသကင်းကောင်မှာ တောတွင်းတွင် အချိန်ကြာကြာမနေခဲ့ရတာကြောင့် အခုချိန်တွင် အလွန်စိတ်လှုပ်ရှားလို့နေသည်။

သူ့ရင်ဘက်သူ လက်နှစ်ဖက်ဖြင့် တီးခတ်နေတာကြောင့် ‘ဒုန် ဒုန် ဒုန်’ဟူသည့် အသံများထွက်ပေါ်လို့နေသည်။

ထို့အပြင် ခေါင်းကိုမော့ကာ နှုန်ခမ်းကိုဝိုင်းရင်း ‘အောင်း အောင်း’ဖြင့်လဲ အော်ဟစ်နေခဲ့သည်။

အနက်ရောင်အမျက်ဒေါသကင်းကောင်သည် ပျော်ရွှင်စွာခုန်ပေါက်နေခဲ့သည်။ သူ့ခြေထောက်များကို ကွေးလိုက်ဆန့်လိုက်ဖြင့် မီတာအနည်းငယ်မျှမြင့်သည်အထိ ခုန်နေခဲ့သည်။ တောထဲရှိ သစ်ပင် သစ်နွယ်များကို ခိုစီးကာ မကြာခင်တွင်ပဲ ဟိုင်လန်ယွိ၏မြင်ကွင်းထဲမှ ပျောက်သွားတော့သည်။

ထားလိုက်ပါတော့၊ သူ့ကိုလွှတ်ပေးထားလိုက်ပါ့မယ်၊ ဟိုင်လန်ယွိတွေးလိုက်သည်။

သူအစကတော့ သူ့သားရဲကို သွားကာ ထိန်းချုပ်ဖို့ကြိုးစားရန် ကြံရွယ်ခဲ့ပေမည့် အနက်ရောင်အမျက်ဒေါသကင်းကောင်၏

## စာစဉ် ၁

သန်မာမှုအကြောင်းတွေးမိသွားခဲ့သည်။ သူ၁၀ယောက်ရှိနေလျှင်ပင် အနက်ရောင်အမျက်ဒေါသကင်းကောင် အမှန်တကယ်လုပ်ချင်နေသည့် အရာကို သူတားနိုင်မည်မဟုတ်ပေ။

ဒီကောင်က သူ၏ကိုယ်ပိုင်သားရဲဆိုသော်လည်း အတန်းထဲတွင် ဆရာပြောထားသည့် အချို့သော အကြောင်းအရာများကို မှတ်မိနေခဲ့သည်။ .....ကိုယ်ပိုင်သားရဲကို သူတို့စိတ်ကြိုက်လွတ်လပ်ခွင့်ပေးထားလိုက်ပါ။ ဟိုင်လန်ယွိ၏အဆင့်များသည် သူအမြဲတမ်းစာသင်နေတုန်း စိတ်ပျံ့လွင့်နေလေ့ရှိကာ အသေးစိတ်အချက်အလက်များကို ဘယ်တော့မှ မကြားလိုက်မိတာကြောင့် ဆိုးရွားရခြင်းဖြစ်သည်။

တကယ်တမ်း ဆရာဆိုလိုသည့်အဓိပ္ပါယ်က အလုပ်နှင့်ကစားချိန်ကို ဟန်ချက်ညီအောင်ထားခိုင်းခြင်းပင်။ ကိုယ်ပိုင်သားရဲကို သင်ကြားပေးနေချိန်တွင် ထိုသားရဲအတွက် အနားယူဆော့ကစားဖို့အချိန်ကိုလဲ သတိတရနှင့် ပေးထားဖို့ရန် လိုအပ်ပေသည်။ လေ့ကျင့်သူနှင့်ကိုယ်ပိုင်သားရဲကြား ရင်းနှီးကျွမ်းဝင်မှုများလာသည်နှင့်အမျှ လေ့ကျင်သူနှင့်သားရဲ၏ထူးခြားသော စွမ်းရည်အချို့ကိုလဲ

## စာစဉ် ၁

ဖွင့်လှစ်လာနိုင်ပေလိမ့်မည်။ ထိုစွမ်းရင်သည် သားရဲလေ့ကျင့်သူတစ်ယောက် ရှင်သန်ရပ်တည်နိုင်ရန်အတွက် အရေးကြီးလှသည်။

နေ့အချိန်ကုန်ခါနီးလာသည်နှင့် ကြည်လင်လှသည့်ရေကန်ဘေးတွင် မီးပုံတစ်ခုပြုလုပ်ခဲ့ကြသည်။ မုရုန်ချိုးယဲ့က ဘက်စ်ကားအောက်ရှိ သိုလှောင်ခန်းမှနေပြီး ရွက်ဖျင်တဲ့များကို ထုတ်ယူလာကာ တစ်ဆင့်ခြင်းတပ်ဆင်ပုံကို သရုပ်ပြလို့နေသည်။ လျင်မြန်စွာပဲ ကျောင်းသားအားလုံးလဲ သူတို့၏တဲများကို ဆောက်လုပ်ပြီးစီးသွားကြသည်။ ရွက်ဖျက်တည်းတစ်ခုတွင် လိင်တူကျောင်းသားနှစ်ယောက်စီ နေ၍ရပေသည်။

ကောင်းဖန်ကတော့ အတန်းခေါင်းဆောင် ထန်ချန်ကျင်းနှင့်အတူ ရွက်ဖျက်တဲတစ်ခုကို မျှနေခဲ့သည်။ အတူနေမည့်အဖွဲ့များခွဲပြီးသွားချိန်တွင် ထန်ချန်ကျင်းတစ်ယောက် တောက်တောက်ပပပြုံးနေကာ မျက်လုံးများကပင် လင်းလက်လို့နေသည်။ ချက်ချင်းပဲ သူ့လက်ကိုဆန့်တန်းရင်း

## စာစဉ် ၁

"ထိပ်တန်းကျောင်းသားနဲ့အတူတူကျရတဲ့အတွက် ဝမ်းသာပါတယ်။"

ကောင်းဖန်မှာ အခြားလူများနှင့် လက်ဆွဲနှုတ်ဆက်သည့်အကျင့်မရှိပေမည့် ငြင်းလိုက်ပါက ရိုင်းသလိုဖြစ်သွားမည်စိုးတာကြောင့် ထန်ချန်ကျင်း၏လက်ကို ပြန်ဆွဲကာ နှုတ်ဆက်လိုက်သည်။

ရွက်ဖျင်တဲထဲသို့ဝင်ပြီးသည်နှင့် ကောင်းဖန် သူ့ကျောင်းလွယ်အိတ်ထဲမှ သေချာစည်းထားသည့် မုန့်ညင်းဆားရည်စိမ်ထုပ်နှစ်ထုပ်ကို ယူလိုက်ကာ တစ်ထုပ်ကိုတော့ ထန်ချန်ကျင်းထံပစ်ပေးလိုက်ပြီး ကျန်တစ်ထုပ်ကိုတော့ သူ့ဘောင်းဘီအိတ်ထဲကောက်ထည့်လိုက်သည်။

ယနေ့ညအတွက် ညစာမှာငါးကင်ဖြစ်သည်။ ငါးများသည် ကန်ထဲမှဖမ်းထားသည့် ငါးစိမ်းများသာဖြစ်သည်။

ကောင်းဖန်ဒီချက်ပြုတ်မှုအဆင့်တွေကိုကောင်းကောင်းသိသည်၊ ဒါကြောင့်သူ ဟင်းခတ် အမွှေးအကြိုင်အဖြစ် နွေငါးမုန့်ညင်းဆားရည်စိမ်ထုပ်အနည်းငယ်ကိုဝယ်လာခဲ့သည်။

## စာစဉ် ၁

ထန်ချင်ကျင်းက ငွေငါးမုန့်ညင်းဆားရည်စိမ်ထုပ်ကို အမှတ်တမဲ့ဖမ်းယူမိလိုက်ကာသူ့

လက်ထဲမှဆားရည်စိမ်ထုပ်ကိုတအံ့တဩကြည့်နေသည်။

ထို့နောက်ကောင်းဖန်ကိုကြည့် ကာပြုံးလိုက်ပြီး

ဆားရည်စိမ်ထုပ်ကိုသူ၏အိပ်ကပ်ထဲသို့ထည့်လိုက်သည်။

သူကလက်ကိုမြှောက်လိုက်ပြီး ကောင်းဖန်ပုခုံးပေါ်ကိုတင်လိုက်ကာ "သွားစို့ ၊ငါးကင်ဖို့ အချိန်ရောက်ပြီ၊" ထန်ချင်ကျင်းက သူ့ရဲ့မျက်နှာပေါ်က ပါးချိုင့်များထင်းနေအောင် ပြုံးပြ လိုက်ပြီး ပြောလိုက်သည်။

ရေအိုင်၏အစွန်ဖျားနားတွင်

ရေကန်ထဲမှတစ်ပုံတခေါင်းလိုက်ကြီးဖမ်းမိထားသောငါးများ

ရှိသည်။ကောင်းကင်ပေါ်သို့မပျံသန်းခင်

ရေကန်၏မျက်နှာပြင်ပေါ်သို့မထင်ရှားသော

တစ်စုံတစ်ခုဖြတ်ပျံသွားသည်။၎င်းကချာလည်လှည့်ကာ

# စာစဉ် ၁

ဦးစိုက်ဆင်းလာသည်မှရပ်ကာ တည့်တည့်ပျံသန်းသွားပြီး
ရေကန်၏အစွန်ဖျားပိုင်းတွင်ရပ်တန့်သွားသည်။ ၎င်းကမထင်
ရှားသောအရိပ်မှ ကိုယ်ထင်ပြလိုက်ရာ အကြမ်းဖျင်းအားဖြင့်တစ်မီတာ
ခွဲလောက်ရှည် သော ကြီးမားသည့်ငွေငှက်ကြီးတစ်ကောင်ဖြစ်နေသည်။
ချွန်ထက်သောလက်သည်းများရှိ ပြီး
ကြီးမားသည့်ချိတ်များနှင့်တူသောလက်သည်းများကြားတွင်
မီတာဝက်ရှိသော ငါးတစ် ကောင်ကိုကုတ်ချီထားသည်။
ငါးကိုမြေပြင်ပေါ်ချလိုက်ပြီး သူ့အလုပ်ပြီးသွားသည်နှင့် တပြိုင်နက်
သူ၏သွယ်လျသောခြေတံများသုံးကာ
မုရုန်ချိုးယှဲဘက်သို့သွားလိုက်သည်။ ထို့နောက်သူ့ခေါင်းဖြင့်
မုရုန်ချိုးယှဲကိုပွတ်သပ်လိုက်ပြီးမှီခိုအားထားသောမျက်လုံးတွေနှင့်
ကြည့်လိုက်သည်။

# စာစဉ် ၁

ဒါက ငွေတောင်ပံငှက်ဘဲ အများအားဖြင့် မြင့်သောငှက်အမျိုးအစားသားရဲဖြစ်သည်။ ငွေတောင်ပံငှက်မှာ မျိုးပွားနိုင်စွမ်း၊ များပြားလှသောအစာများကိုစားနိုင်ခြင်း၊ အလွယ်တကူမြင့်တင်နိုင်ခြင်း နှင့် ခွန်အားကိုထိန်းသိမ်းနိုင်စွမ်းရှိကြသည်။ ဒါကြောင့် အများစုက မြင့်တင်နိုင်စွမ်းမြင့်သော ငှက်မျိုးစိပ်သားရဲအဖြစ်ကိုပိုင်ဆိုင်သော ငွေတောင်ပံငှက်ကို ရွေးချယ်ကြသည်။

ကောင်းဖန်ဖတ်ခဲ့သောစာအုပ်များအရ ငွေတောင်ပံငှက်များသည် ပြည့်ပြည့်ဝဝအရွယ် ရောက်ချိန်အထိ တစ်မီတာအရှည်ထိသာရှည်လျားကြီးထွားနိုင်သည်။ ဒီငွေတောင်ပံငှက်ကတစ်မီတာအပြည့်နဲ့တစ်ဝက်တောင်ရှိသည်၊ အခြားမျိုးတူသားရဲတွေနှင့်ယှဉ်ကြည့်လျှင် ဒီငှက်က ကြီးမားသောငှက်ဖြစ်သည်။

## စာစဉ် ၁

[မကောင်းဆိုးဝါးအမည်] : ငွေတောင်ပံငှက်(မှုကွဲကြီးထွားမှု)

[မကောင်းဆိုးဝါးအဆင့်အတန်း] : အထူးအဆင့်

[မကောင်းဆိုးဝါးအဆင့်] : အဆင့် ၁၂

ဆိုတော့_ဒါကြောင့်သီးခြား

ကြီးထွားတဲ့သန္ဓေပြောင်းလဲမှုကိုတောင့်ခံနိုင်ခဲ့တာပေါ့၊ မှုကွဲ

သန္ဓေပြောင်းလဲခြင်းကကြီးမားတဲ့အရွယ်အစားရှိပြီးသာမန်မျိုးတူသားရဲမ

ျားထက် အဆင့်

လည်းပိုမြင့်ကြတယ်။ဒီဆင်ခြေဖုံးပိုင်းနေရာတွေမှာဆိုရင်

အထူးအဆင့်သားရဲတွေက အစွမ်းထက်တဲ့သားရဲအစာကွင်းဆက်၏

ထိပ်ဆုံးသားကောင်နေရာရခဲ့ကြတယ်။

အဆင့်၁၂သားရဲဖြစ်ပြီးအထူးအဆင့်၊ ဒီကြီးမားတဲ့

ငွေတောင်ပံငှက်ကြီးကရေအိုင်အနီးနား တစ်ဝိုက်မှာ

သူ့ရဲ့သဘာဝရန်သူသားရဲတွေနဲ့ တွေ့ဆုံခြင်းမရှိခဲ့ဘူး။

## စာစဉ် ၁

ငှက်မျိုးစိပ်သားရဲတွေဟာ ကြီးမားပြီး အကွာအဝေးလှုပ်ရှားမှုတွေမှာကျွမ်းကျင်ကာ သူတို့ကိုလျင်မြန်စွာအထောက်အပံ့ပေးသည်။ ဤအရာကကျောင်းသားများ၏လုံခြုံရေးအတွက်ဒုတိယအလွှာအနေနဲ့ကျောင်းမှသေချာအောင်စီစဉ်ထားခြင်းဖြစ်သည်။

“ပိုး....မစ္စမုရုန် ဆရာမမှာတော်တော်ကြီးတဲ့ငှက်ကြီးရှိတာဘဲ” လို့လီကျီကုန်းကပြော လိုက်တယ်။

အနားမှာရှိတဲ့လူတွေအားလုံး ရုတ်တရက်တိတ်ဆိတ်သွားတော့တယ်။

“ ဖတ်” လီဟုန်တုံ့က ကျယ်လောင်တဲ့အသံထွက်လာတဲ့အထိ လီကျီကုန်းရဲ့ခေါင်းနောက် ကိုရိုက်လိုက်တယ်။

“နင်စကားကိုဘယ်လိုသင့်တော်အောင်ပြောရမယ်ဆိုတာမသိဘူး

လား??”လီကျီကုန်းကသူ့အစ်မကို စိတ်ပျက်တဲ့မျက်လုံးတွေနဲ့ကြည့်လိုက်ကာ “ အစ်မ နင်ငါ့ခေါင်းကိုရိုက်နေတာ တော်လိုက်တော့နော်၊ ငါ ငါ့ဉာဏ်ရည်နိမ့်နေတာနဲ့ပတ်သတ် ပြီးသံသယ ဖြစ်နေတာ ဒါတွေက နင်ငါ့ကိုအဲ့ခေါင်းနောက်ဘဲရိုက်လို့ဖြစ်ရတာဘဲ။

“အိုး” လီဟုန်တုံ့ကသူမလက်ကောက်ဝတ်ကိုပွတ်သပ်လိုက်ကာ သူ့ကိုစိုက်ကြည့်လိုက် တယ်။ “ဘယ်လိုဘဲဖြစ်ဖြစ် ငါနင့်ကိုရိုက်ရတာ လက်တောင်နာတယ်။”

ဘယ်သူမှထိုမျှကြီးမားတဲ့ ငွေတောင်ပံငှက်ကိုတစ်ခါမှမမြင်ဖူးကြဘူး။ မကြာခင်မှာဘဲ ငွေတောင်ပံငှက်ရဲ့ဘေးပတ်လည်မှာ လူတွေစုလာကြတော့သည်။

# ကောင်းဖန်

## စာစဉ် ၁

အကယ်၍ငွေတောင်ပံငှက်ဆီမှဆိတ်ခံရမည်ကိုသာမကြောက်ရဘူး ဆိုရင်တချို့ကသေချာ ပေါက် ရင်းနှီးတဲ့သားရဲအနေနဲ့မွေးမြူဖို့အရယူကြမှာဖြစ်သည်။

မုရုန်ချိုးယွဲ့ကသူကရဲ့ပြည့်ဝိုင်းနေတဲ့မျက်နှာနဲ့ပြုံးပြလိုက်ကာ "ကျောင်းသားတွေ ဖြေးဖြေးလေးဘဲချဥ်းကပ်ကြ၊ လင်ချွဲ့ပုံစံကသိပ်ဆက်ဆံရေးကောင်းတာမဟုတ်ဘူး၊ မင်းတို့အားလုံးကြည့်နိုင်တယ် ဒါပေမယ့်ကျေးဇူးပြုပြီးမထိကြပါနဲ့။"

" ဟိုင်း..ငွေတောင်ပံငှက်; အကယ်၍ကျနော်ခေါ်ရင် မင်းပြန်ပြီးတုံ့ပြန်မှာလား??" လို့ ထန်ချင်ကျင်းကနားရွက်တက်ချိတ်တော့မတတ် ပြုံးကာပြောလိုက်တယ်။

ငွေတောင်ပံငှက်ကရိုးရိုးတန်းတန်းခေါင်းကိုလှည့်လိုက်ပြီး မလိုလားတဲ့အကြည့်တွေပြည့် နေတဲ့မျက်လုံးနဲ့ကြည့်လိုက်သည်။

## စာစဉ် ၁

ထန်ချင်ကျင်းမျက်ရည်အချို့ကိုမကျအောင်ချုပ်တည်းလိုက်ရသည်၊ သူတွေးနေတာ ငှက် ကိုများမထိမဲ့မြင်ပြုမိသလားလို့လေ။

“........”

အဆုံးမှာတော့ ငွေတောင်ပံငှက်က သည်းမခံနိုင်တော့ဘဲ သူ့အတောင်တွေကိုဖြန့်ကာ ပျံသန်းသွားရာ ၎င်း၏ငွေရောင်တောင်ပံအနည်းငယ်လည်းမြေပြင်ပေါ်သို့ကျကျန်နေခဲ့သည်။

“မစ္စမုရုန်, ကျနော့်ကင်းကောင်ကြီးပျောက်သွားလို့!!! ကျနော့်သွေးစာချုပ်ကိုသုံးပြီးဆင့် ခေါ်ကြည့်ပြီးပြီ ဘာမှတုံ့ပြန်မလာဘူး၊ သူ့မှာတစ်ခုခုများဖြစ်နေတာလားဟင်??” ဟိုင်လန်ယွိကရုတ်တရက်ဘေးကနေတဟုန်ထိုးပြေးလာသည်၊ သူ့မျက်နှာပေါ်မှာလည်း မျက်ရည်တွေကစီးကျနေကာ သူ့ပုံစံက ပေါင်၄၀၀လောက်ရှိတဲ့ကလေးကြီးငိုနေသလိုဘဲ။

# စာစဉ် ၁

***

# စာစဉ် ၁

## *အခန်း ၁၀ နတ်ဆိုးရှိခိုးကောင်*

“မင်းရဲ့အနက်ရောင်အမျက်ဒေါသကင်းကောင်ကဘယ်မှာလဲ၊” မုရုန်ချိုးယဲ့ကမျက်မှောင် တွေကျုံ့ကာမေးလိုက်တယ်။ ပုံမှန်အားဖြင့်ဒီတော်ဝင်သားရဲတွေရဲ့လုံခြုံမှုက သူ့မလက်ထဲ မှာရှိတယ်၊ဒါပေမယ့် ဟိုင်လန်ယွိကမျက်ရည်တွေနဲ့ပြည့်လျှံနေပြီး ကလေးတစ်ယောက်လို ငိုနေတာကြောင့်သူမနှလုံးသားလေးကနူးညံ့သွားတော့တယ်။

“ဟိုဘက်မှာ” အပြာရောင်ယူနီဖောင်းဝတ်ထားတဲ့ ဒိုင်းပြာလုံခြုံရေးအဖွဲ့ကလူက သူတို့ နောက်က တောအုပ်လေးကို လက်ညှိုးထိုးပြကာပြောလာသည်။

မျက်ရည်တွေကကျဆင်းနေဆဲ ဖြစ်သော်လည်းသူ့ဘေးမှာရုတ်တရက်ပေါ်လာတဲ့လူကို

## စာစဉ် ၁

ဟိုင်လန်ယွိကဟောက်ကာ “ခင်ဗျား ဘယ်လိုလုပ်သိတာလဲ။” ဟုမေးလိုက်သည်။

“ဘာလို့လဲဆိုတော့ငါကမင်းနောက်က မီတာတစ်ရာအကွာမှာရပ်နေတာလေ”ဒိုင်းပြာလုံ ခြုံ ရေးအဖွဲ့ကလူကပြုံးလိုက်သည်။

“ ဒါဆို ခင်ဗျားကျွန်တော့် ကင်းကောင်ကို ဘာလို့ပြန်ခေါ်လာမပေးတာလဲ” ဟိုင်လန်ယွိက ထိုလူအားသူ့အသံကိုကျယ်လောင်စွာအော်ဟစ်မေးလိုက်တယ်၊ သူ့ဒေါသကြောင့် သွေးကြောတွေထောင်လာတော့သည်။

“ရှူး” လုံခြုံရေးကသူ၏လက်ချောင်းများကို သူ့နှုတ်ခမ်းပေါ်တင်ကာပြောလိုက်သည်။

ဟိုင်လန်ယွိ သူခန္ဓာကိုယ်မှ အေးစိမ့်နေတဲ့ရောင်ခြည်မျိုးခံစားလိုက်ရသည်၊ သူခေါင်းကို

## စာစဉ် ၁

နိမ့်လိုက်သဖြင့်

တိတ်ဆိတ်နေတဲ့အနက်ရောင်ပုံရိပ်ကသူ့ကိုလွှမ်းထားတော့သည်။

တခြားကျောင်းသားတွေလည်းဆူညံလာကြသည်။

သူနောက်လှည့်လိုက်ကာတစ်ခုခုကိုတိုက်မိတော့မတတ်ဖြစ်သွားသ

ည်၊ သူခေါင်းကိုမြှင့် ကြည့်လိုက်ကာသူ့ရင်ဘတ်ထဲမှနှလုံးက

အပြင်ဘက်သို့ထွက်ကျတော့မယောင်ပင်။

ကြီးမားပြီးရက်စက်ကြမ်းကြုတ်သည့် အကောင်ကြီးက ဖွင့်လိုက်

ပိတ်လိုက်နှင့် စိတ်လှုပ် ရှားမှုကင်းမဲ့နေသောမျက်လုံးများဖြင့်

သူ့ကိုစိုက်ကြည့်နေသည်မှာ သွေးအေးလူသတ်

သမားတစ်ယောက်ကသူ၏သားကောင်ကို

ငုံ့ကာကြည့်နေသလိုမျိုးဖြစ်သည်၊ အမွှေးများ

ကသူ၏ပါးစပ်ထဲမှထွက်နေပြီး ထိုးထွက်နေသောသွားတွေက

အဖြူရောင်တောက်ပနေသည်။

## စာစဉ် ၁

အရှေ့ဘက်တွင်ရှိသော ကြီးမားပြီးချွန်ထက်နေသောလက်မောင်းများသည် ခေါင်းဖြတ် သတ်သောဓားပြားရှည်ကြီးသဖွယ်ဖြစ်နေကာ ကမ္ဘာပေါ်တွင်အထီးအကျန်ဆုံးပန်းပု ရုပ်ထုကြီးသဖွယ်ဖြစ်နေသည်။

“ငါ့ကလေးလေးက စိတ်ဆိုးသွားပြီ၊ အထူးသဖြင့်တစ်ယောက်ယောက်က ငါ့ကိုအော်လိုက် တာတွေ့လို့လေ။” လုံခြုံရေးကြီးက ဟိုင်လန်ယွိကိုပြုံးပြလိုက်သည်၊ ဒါပေမယ့် ဒီအပြုံးက ဟိုင်လန်ယွိမျက်လုံးထဲမှာတော့ နတ်ဆိုးတစ်ယောက်အပြုံးနဲ့တူနေသည်။

“ ဆရာ ရှင်ကကျမကျောင်းသားကိုခြောက်လန့်နေတာဘဲ” မုရုန်ချိုးယွဲ့ကစိတ်ဆိုး မာန်ဆိုးပြောလိုက်သည်။

## စာစဉ် ၁

ခြသေ့်အမေကြီးက ခြသေ့်ပေါက်လေးတွေကိုကာကွယ်သလိုမျိုး မုရုန်ချိုးယွဲ့က ဟိုင်လန်ယွိကိုဆွဲကာသူမ နောက်ကိုပို့လိုက်ပြီးကာလိုက်သည်။

"ဆောရီး; ကျွန်တော် ဒီလူကြီးလူကောင်းလေးကိုခြောက်ဖို့မရည်ရွယ်ပါဘူး၊ ပြီးတော့ သူအရင်ဆုံးကျွန်တော့်ကိုလာအော်တာလေ၊ဒါကြောင့်ကျွန်တော့်သားရဲ ေးက အထိတ်တလန့် ဖြစ်သွားပြီးထွက်လာတာ။" လုံခြုံရေးလူကြီးက သူ၏နတ်ဆိုးရှိခိုးကောင်ကို ဆင့်ခေါ် လိုက်တာဖြစ်သည်။ ၇ပေလောက်ရှည်တဲ့ရှိခိုးကောင်က မုရုန်ချိုးယွဲ့ကိုစိုက်ကြည့်နေသည်၊ သူ့ခေါင်းကိုဘဲဂဝဒီဂရီလှည့်လိုက်ပြီးသူ့ရဲ့သန်မာတဲ့ခြေထောက်တွေကိုအန ည်းငယ်ကွေးလိုက်သည်၊ ထို့နောက်၎င်းကအရိပ်အဖြစ်ပြောင်းသွားပြီး ပျောက်ကွယ်သွားတော့သည်။

## စာစဉ် ၁

“ဒါငါထိခိုက်မှုမရှိဘူးဆိုတာသက်သေပြဖို့လုံလောက်သွားပြီ” လုံခြုံရေးလူကြီးက သူ၏ လက်တွေကိုဖြန့်ကာ မုရုန်ချိုးယဲ့နောက်မှာရပ်နေတဲ့ အဓိပ္ပါယ်အပြည့်ပါတဲ့မျက်ဝန်းတွေ နဲ့ကြည့်လိုက်သည်။ သူကပုံမှန်တိုင်းဘဲ ပြောလိုက်တယ် “ ငါမင်းကိုပြောစရာရှိတာက ငါတို့အလုပ်က မင်းတို့တစ်ဦးချင်းစီရဲ့လုံခြုံရေးကိုဘဲတာဝန်ယူရတာ၊ မင်းရဲ့ကိုယ်ပိုင် သားရဲတွေကတော့ ငါတို့ကာကွယ်မှုအောက်မှာမရှိဘူး၊ မင်းကအရွယ်ရောက်နေပါပြီ၊ အရွယ်ရောက်သူတစ်ယောက်အနေနဲ့ မင်းရဲ့အပြုအမူတွေအတွက်တာဝန်ရှိတယ်။ မင်းမိဘတွေအလိုလိုက်သလိုဘယ်သူမှမင်းကိုအလိုလိုက်မှာမဟုတ်ဘူး”

သူကပြောပြီးနောက်, လုံခြုံရေးအစောင့်ကကောင်လေးကိုသရော်ပြုံးပြုံးကာ ကြည့်လိုက် ပြီး လှည့်ကာထွက်သွားတော့သည်။

ကောင်းဖန်

# စာစဉ် ၁

ဟိုင်လန်ယွိမျက်နှာကသူ့ဒေါသတွေနဲ့မှောင်မဲနေသည်။ သူ့လက်ချောင်းတွေကတင်းကျပ် သွားပြီး ခန္ဓာကိုယ်ကတုန်လှုပ်လာသည်၊ ဒါပေမယ့်သူဒေါသမထွက်ရဲဘူး။ ဟိုင်လန်ယွိကသွားတွေကိုကြိတ်လိုက်ပြီး သူ့ရင်ဘတ်တွေကနိမ့်ချည်မြင့်ချည်ဖြစ်နေ သည်။

မုရုန်ချိုးယွဲ့သူမစိတ်ထဲမှာသက်ပြင်းချလိုက်သည်။ သူမကသူ့ကိုနှစ်သိမ့်ပေးချင်ပေမယ့် သူလည်းဘာပြောရမှန်းမသိဘူး၊ သူမသိတယ် ဒီလိုအလယ်အလတ်ကို့လို့ကန့်လန့်အရွယ် တွေကကိုယ့်ကိုကိုယ်တန်ဖိုးထားပြီး စိတ်မြန်လက်မြန်ရှိတဲ့အရွယ်တွေ။

သူမကကပ်ဆိုးကြီးမဖြစ်ခင်ကတည်းကဆရာမဖြစ်ခဲ့သည်၊ သူမဤတစ်ကြိမ်တွင်တော့ ဟိုင်လန်ယွိကို သူမအကျင့်အလျောက် ကာကွယ်ပေးခဲ့သည်။ပြဋ္ဌာန်းထားသောတရားဝင် ဥပဒေအရ အရွယ်ရောက်သူများအသက်ကို၁၆နှစ်ထိလျော့ချလိုက်ပေမယ့်

## စာစဉ် ၁

သူမအမြင်တွင် တော့ထိုအရွယ်များသည်

ကလေးအရွယ်တွေဘဲဖြစ်သည်။

“သွားရှာကြစို့”

မုရုန်ချိုးယဲ့သူမကိုယ်ပိုင်သားရဲကိုခေါ်လိုက်ကာအနက်ရောင်အမျက်ဒေါ

သ

ကင်းကောင်ပျောက်သွားတဲ့ဘက်ကိုဦးတည်ပြီးလျှောက်သွားလိုက်သည်။

ကျောင်းသားအများစုကတွန့်ဆုတ်နေပေမယ့်

နောက်ဆုံးတော့သူတို့ကိုယ်ပိုင်သားရဲများ ကိုခေါ်ဆောင်ရင်း

အုပ်လိုက်ကြီးသူတို့ဆရာမနောက်ကလိုက်သွားကြတော့သည်။

သူမကစိတ်သက်သာရာရကာသက်ပြင်းချလိုက်ပြီးထိုကလေးကိုစိုးရိ

မ်မနေတော့ပေ။ လူအများကြီးအတူတူသွားကြပေမယ့်

ဒါကဘာမှစိုးရိမ်စရာအကြောင်းမရှိဘူး။ ကောင်းဖန် လည်းလိုက်သွားပြီး

## စာစဉ် ၁

ကိုယ်ပိုင်သားရဲတွေကိုခေါ်လာတာက သူ့အတွက်နည်းနည်း

သက်တောင့်သက်သာမဖြစ်စေဘူး။

ကိုယ်ပိုင်သားရဲရှိသူတွေတစ်ချိန်လုံးမြို့မှာနေပေမယ့်

ဘာသွေးတစ်စက်မှကျတာမမြင်ရ တာက

အိမ်မွေးဝက်နှင့်တောဝက်တစ်ကောင်ခြားနားခြင်းနှင့်တူညီသည်။အိမ်မွေး

ဝက် တွေက တောဝက်တွေထက်ကြီးသည်ဟုထင်ရသော်လည်း

အိမ်မွေးဝက်သည် တောဝက်နှင့်ရင်ဆိုင်ရပါက

မသန်မစွမ်းဖြစ်သွားနိုင်သည်။

သူ့ကိုသက်တောင့်သက်သာဖြစ်စေတဲ့အရာက

နတ်ဆိုးရှိုးကောင်ပြုလုပ်လိုက်သည့် အကိုင်းအခက်များပေါ်တွင်

ပြုလုပ်လိုက်သောရှည်လျားတဲ့အရိပ်ပင်ဖြစ်သည်။

နတ်ဆိုးရှိုးကောင်သည်သစ်ကိုင်းပေါ်မှာရပ်လိုက်ပြီးယိမ်းထိုးကာပျော

က်ကွယ်သွား သည်။

# ကောင်းဖန်

## စာစဉ် ၁

စက္ကန့်အနည်းငယ်လောက်ကြာပြီးလောက်ဒင်းကအခြားသစ်ကိုင်းတစ်ခုေ
ေါ်တွင် ထိုပုံစံအတိုင်းပြန်ပေါ်လာသည်။

မစ္စမုရှန်၏သားရဲငွေတောင်ပံငှက်ကိုယ်တိုင်ပင်
နတ်ဆိုးရှိုခိုးကောင်၏သားကောင်ဖြစ် သွားနိုင်သည်။

သူနတ်ဆိုးရှိုခိုးကောင်၏အချက်အလက်များကိုအလျင်းသင့်ရွေးကြ
ည့်လိုက်သည်။

[မကောင်းဆိုးဝါးအမည်] : နတ်ဆိုးရှိုခိုးကောင်

[မကောင်းဆိုးဝါးအဆင့်] : အဆင့်၁၅(ထိပ်တန်းအဆင့်)

[မကောင်းဆိုးဝါးအဆင့်အတန်း] : အထူးအဆင့်

[မကောင်းဆိုးဝါးစွမ်းအင်] : သစ်သား

[မကောင်းဆိုးဝါးအခြေအနေ] : ကျန်းမာ(တည်ငြိမ်)

[မကောင်းဆိုးဝါးအားနည်းချက်] မီး

# ကောင်းဖန်

## စာစဉ် ၁

ဒီသားရဲကသူတွေ့ဖူးသမျှသားရဲတွေထဲမှာ အသန်မာဆုံးသားရဲဖြစ်ပြီး

အထူးအဆင့်ကိုမှ

အထက်တန်းအဆင့်ဖြစ်နေသေးသည်။ဒိုင်းပြာလုံခြုံရေးမှလူတိုင်းကို

နတ်ဆိုးရှိုးခိုးကောင် နှင့်ဆက်သွယ်ပေးထားသည်၊

နတ်ဆိုးရှိုးခိုးကောင်တွေရဲ့အဆင့်ကွဲပြားမှုက နှစ်ဆင့်သုံး

ဆင့်လောက်သာကွာသည့်အတွက်

၎င်းတို့၏အရည်အချင်းများသည်လည်းအနည်းငယ်

လောက်သာကွာခြားနိုင်သည်။

ဤမျှလောက်များပြားသော နတ်ဆိုးရှိုးခိုးကောင်များက

မည်သည့်အုပ်ချုပ်သူသားရဲနှင့် ပင်တွေ့လျှင်ဖြစ်စေ

၎င်းတို့အတွက်အန္တရာယ်မရှိပေ။

သူတို့အနက်ရောင်အမျက်ဒေါသကင်းကောင်ရဲ့ပျောက်သွားတဲ့လမ်း

အတိုင်းလိုက်လာကြ သည်၊ တောင်ရဲ့အနောက်ဘက်က

## စာစဉ် ၁

ကြည်လင်လှသည့် မှန်ရေကန်သည်အရမ်းမကြီးသော်လည်း ၎င်းကို ထူထပ်သောတောအုပ်ကြီးကဖုံးလွှမ်းထားသည်။

သူတို့အတွက် အနက်ရောင်ကင်းကောင်ချန်ခဲ့တဲ့သဲလွန်စတွေ၊ အနားကသွေးအိုင်နဲ့အဝါရောင်အရည်တွေကြောင့် ရှာဖွေဖို့အချိန်သိပ်မယူလိုက်ရဘူး။

“သားရဲကဒီနားတစ်ဝိုက်မှာဘဲရှိရမယ်” မုရုန်ချိုးယဲ့က တည်ငြိမ်စွာနဲ့ညွှန်ကြားလိုက်သည်၊ “သတိထားကြ ကျောင်းသားတို့၊ သိပ်အဝေးကြီးမသွားကြနဲ့ ကိုယ့်အတန်းဖော်တွေနဲ့ဘဲ ကပ်နေကြ။”

ဒိုင်းပြာလုံခြုံရေးအဖွဲ့က သူတို့ရဲ့နတ်ဆိုးရှိခိုးကောင်တွေကို ကျောင်းသားတွေကို ကာကွယ်ဖို့ သတိပေးလိုက်ကြသည်။

ခေါင်းဆောင်တစ်ယောက်လိုဝတ်ဆင်ထားသည့် လူသည်တော့ ကျောင်းသားအဖွဲ့သွားရာလမ်းကို စိတ်ဝင်စားစရာတစ်ခုလို ကြည့်နေခဲ့သည်။ ထိုအရာ၏ပုံစံက သူစဉ်းစားထားတာနှင့် တူလှသည်။

## စာစဉ် ၁

စိတ်ပူစရာအကြောင်းမရှိဟု ထိုလူယူဆလိုက်ကာ စိတ်ကို ပြန်လျှော့ချလိုက်သည်။ ထိုအရာက ခြိမ်းခြောက်မှုလဲ မဖြစ်နိုင်သလို သူတို့၏ထိန်းချုပ်မှုအောက်တွင်သာ ရှိနေနိုင်သည့် အရာဖြစ်သည်။ ကလေးတွေအတွက်ကတော့.... ထိုလူ၏မျက်နှာထက်တွင် ကောက်ကျစ်စဉ်းလဲသည့် အပြုံးတစ်ခု ဖြစ်ပေါ်လို့လာသည်။ ဒီကလေးတွေတော့ ဒီည အိပ်မက်ဆိုးကြီးကို ဖြတ်ကျော်ရတော့မှာပဲ။ ဒီလမ်းမှာ သွေးစွန်းမှုလဲ ဖြစ်လာနိုင်တယ်။

မုရုန်ချိုးယဲ့ ခေါင်းကိုင့်ကာ သွေးစများကို စစ်ဆေးကြည့်လိုက်သည်။ သွေးစများသည် သစ်ရွက်ခြောက်များအောက်တွင် ပုံ့ကွဲနေကာ ရေ့ခပ်လှမ်းလှမ်းမှ ရေညှိတက်နေသည့် ကျောက်တုံးအထိ ရှိနေခဲ့သည်။

“ငွေတောင်ပံငှက်၊ ရှေ့ကကျောက်တုံးကို စစ်ဆေးကြည့်လိုက်။ အန္တရာယ်တစ်ခုခု ရှိနိုင်လားဆိုတာ?” မုရုန်ချိုးယဲ့ အမိန့်ပေးလိုက်သည်။

## စာစဉ် ၁

ငွေတောင်ပံငှက်က တောအုပ်ထဲတွင် ခပ်နိမ့်နိမ့်ပျံသန်းရင်း ကြည်လင်ပြတ်သားသည့် အသံတစ်သံကိုလဲ ထုတ်လွှတ်လိုက်သည်!

အောက်ဘက်သို့ဆင်းလာသည်နှင့်အမျှ နံဘေးမှသစ်ကိုင်းသစ်ခက်များကို သူ၏ငွေရောင်အတောင်ပံများက ဓါးထက်ထက်တစ်ချောင်းပမာ ဖြတ်တောက်သွားခဲ့သည်။ နောက်ဆုံးတွင်တော့ ကျောက်တုံးအနောက်ဘက်ရှိ သစ်ကိုင်းတစ်ခုတွင် ဆင်းသက်လိုက်ကာ အေးစက်သည့် အငွေ့အသက်များ ထုတ်လွှတ်နေသည့် အကြည့်စူးစူးများဖြင့် ကြည့်လိုက်သည်။ ကျောက်တုံးအောက်ခြေဘက်သို့ စိုက်ကြည့်လိုက်ပြီးနောက် စူးရှသည့် မြည်ကြွေးသံတစ်သံကို ထုတ်ဖော်လိုက်သည်။

တစ်ချိန်တည်းတွင်ပဲ ထိုကျောက်တုံး၏အောက်ဘက်မှနေပြီး ကလေးငိုသံတစ်သံလဲ ထွက်ပေါ်လို့လာခဲ့ပေသည်။

# စာစဉ် ၁

***

စာစဥ် ၁

## ***အခန်း ၁၁ ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများ***

လေထုထဲတွင် အပုပ်နံ့က ပျံ့လွင့်နေသည်။ လေပြင်းတစ်ချက်က မြေပြင်ပေါ်ရှိ သစ်ရွက်ပြင်ထူများကို လွင့်သွားစေသကဲ့သို့ မျက်စိတစ်မှိတ်အတွင်းမှာပဲ အပုပ်နံ့ကိုလဲ တစ်တောလုံးပျံ့နှံ့သွားစေလေသည်။

“အွမ်း!!” ကျောင်းသားအနည်းငယ်ကတော့ ထိုပြင်းထန်လှသည့် အပုပ်နံ့ကို သည်းခံမထားနိုင်စွာဖြင့် ဒူးကွေးကာ အန်ချမိကြတော့သည်။

ကျောက်တုံးကြီး၏နောက်ကွယ်မှနေပြီး ကြီးမားသည့်လက်သည်းများရှိသည့် သားရဲကြီးတစ်ကောင် ဖြည်းညှင်းစွာ ထွက်ပေါ်လာခဲ့သည်။ တစ်ချက်ကြည့်လိုက်ရုံနှင့် ၎င်းသားရဲကြီးသည် ၄-၅မီတာလောက်အထိရှည်လျားကာ သူ၏ခြေထောက်ထူထူကြီးများက

# ကောင်းဖန်

## စာစဥ် ၁

မြေပြင်ထက်ရှိ သစ်ရွက်ချောက်များပေါ် နှင်းချေမှုကြောင့် ဆူဆူညံညံအသံများ ထွက်ပေါ်လာစေသည်။

သားရဲကြီး၏ခြေထောက်များကို အဖြူရောင်အမွေးအမြှင်များဖြင့်ဖြင့် ဖုန်းအုပ်ထားကာ အရိုးအဆစ်များကလဲ မှုမမှန်စွာဖြင့် လိမ်ကွေးလို့နေသည်။ ၎င်း၏ခန္ဓာကိုယ်ကိုတော့ အစိမ်းရင့်ရောင်အခွံမာဖြင့် ဖုံးအုပ်ထားတာကြောင့် ကျောက်တုံးတစ်တုံးပေါ်တွင် ရေညှိများတက်နေသလို ပုံစံမျိုးဖြစ်နေစေသည်။ သို့ပေမည့် ကြောက်စရာအကောင်းဆုံးကတော့ ထိုကျောခွံကြီး၏ အစင်းကြောင်းများမှတဆင့် ဦးခေါင်းများစွာ ရှိနေခြင်းဖြစ်သည်။ အဆိုပါ ကျောခွံကြီး၏အစင်းကြောင်းများကြားတွင် အဝါရောင်ပြည်ပုပ်များ တစ်စိမ့်စိမ့်ထွက်နေကာ အချို့နေရာများသည်တော့

## စာစဉ် ၁

တစ်ဝက်လောက်ခြောက်နေကာ အချို့နေရာများတွင်တော့ သစ်ရွက်များ အမှိုက်များဖြင့် ကပ်ငြိနေသည်။

ငင်း၏ခန္ဓာကိုယ်နှင့်ကပ်ထားသည့် ဦးခေါင်းအချို့သည်တော့ ထိုနေရာတွင် အချိန်ကြာမြင့်စွာ တည်ရှိနေခဲ့၍ ခြောက်သွေ့ကာ ပျောက်ကင်းအောင် ကုသထားသည့် အသားများနှင့်ပင် တူလှသည်။

သို့ပေမည့် အခြားသောခေါင်းများသည်တော့ လတ်ဆတ်ကာ သွေးတစ်တောက်တောက်ကျနေစဲဖြစ်ပြီး မျက်လုံးများကိုလဲ ပြူးကျယ်စွာဖွင့်ထားရင်း စိုက်ကြည့်နေဟန်ပေါ်သည်။

ဟိုင်လန်ယွိသည်တော့ မျက်ရည်များကျလုမတတ်ပင်။ ထိုလတ်လတ်ဆတ်ဆတ်ခေါင်းကြီးမှာ သူပိုင်ဆိုင်သည့် အနက်ရောင်အမျက်ဒေါသကင်းကောင်

၏ ဦးခေါင်းဖြစ်ကြောင်း အသေအချာမှတ်မိနေသည်။

## စာစဉ် ၁

ဟိုင်လန်ယွိအလွန်ဝမ်းနည်းနာကျင်သွားရတော့သည်။

အနက်ရောင်အမျက်ဒေါသကင်းကောင်ကို ဝယ်ယူရန်အတွက် များစွာ ကုန်ကျထားပေသည်။ ၎င်းသည် ကမ္ဘာပျက်ကပ်မဖြစ်ခင်အချိန်နှင့် ယှဉ်လျှင် ကားတစ်စီးတန်ဖိုးလောက်ရှိကာ ၎င်းကို လွန်ခဲ့သည့်နှစ်ရက်ကမှ ဝယ်ယူခဲ့ပေမည့် အခုတော့ သေဆုံးသွားခဲ့ပေပြီ။ ဟိုင်လန်ယွိအိမ်ပြန်ရောက်သည်နှင့် သူ့အဖေကတော့ သေချာပေါက် သေလောက်အောင် ဆူပူကြိမ်းမောင်းပေတော့မည်။

အင်း…အင်း…. ထိုထိတ်လန့်ကြောက်ရွံ့ဖွယ်ရာကြီးမားလှသည့် ကင်းခြေများကြီးဟာ မွေးကင်းစကလေးငယ်လေးတစ်ယောက်၏ ငိုသံလိုမျိုး ငိုကြွေးနေခဲ့သည်။

ဒီကောင်က ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများဖြစ်နေနိုင်မလား? ကောင်းဖန်

# ကောင်းဖန်

## စာစဉ် ၁

အတန်းထဲတွင် ဆရာသင်ပေးခဲ့ဖူးသည့်အကြောင်းများကို ပြန်လည်တွေးတောလိုက်သည်။ ၎င်းကတော့ ကြောက်မက်ဖွယ်ရာသတ္တဝါများဖြစ်ပေါ်လာပုံအကြောင်းနှင့် ပတ်သတ်သည့်သင်ခန်းစာဖြစ်ကာ ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများကတော့ အဓိပ္ပါယ်ပြည့်ဝလှသည့် ဥပမာတစ်ခုပင်ဖြစ်သည်။ ၎င်းသည်လဲ အလွယ်တကူခွဲခြားနိုင်သည့် အင်္ဂါရပ်များရှိသည့် သားရဲတစ်ကောင်ပင်ဖြစ်ကာ ကြောက်စရာကောင်းကာ ရွံစရာလဲကောင်းလွန်းသည့် အဆင့်နိမ့်ရှားပါးသားရဲများထဲတွင်ပါဝင်လေသည်။

ထိုအကြောင်းအရာများမှနေပြီး ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများသည် ရောဂါပိုးများကြောင့် ရုတ်တရက် သန္ဓေပြောင်းလဲလာသည့် သားရဲပင်ဖြစ်သည်။ တကယ်တမ်း ၎င်းသည် မူလတုန်းက

## စာစဉ် ၁

ကြီးမားသည့်ကင်းခြေများမျိုးကွဲတစ်ခုသာဖြစ်သည်။ ကမ္ဘာပျက်ကပ်ကြုံတွေ့စဉ်က လူပေါင်းများစွာ သေဆုံးခဲ့ရတာကြောင့် ပြန်လည်ပြုပြင်ရေးကာလမတိုင်ခင်တွင် နေရာအများစုတွင် လူသေပုံကြီးများသာ ကျန်ရစ်ခဲ့သည်။

ကမ္ဘာပျက်ကပ်ဖြစ်ပြီး အစောပိုင်းကာလများတွင် ကြီးမားသည့်ကင်းခြေများတို့သည် အလွန်များပြားကာ အလွယ်တကူပဲ သန္ဓေပြောင်းကုန်ကြသည်။ လူသေအလောင်းများစွာရရှိနေခြင်းကြောင့် ထိုကြီးမာသည့်ကင်းခြေများအချို့သည် အချိန်ကြာမြင့်စွာ ထိုလူသေလောင်းများကိုသာ စားသောက်ခဲ့ရပြီး သူတို့၏ခန္ဓာကိုယ်ထက်တွင် လူသေခေါင်းများနှင့် တန်ဆာဆင်သည့် ဆိုးဝါးလှသော အလေ့အထများပေါ်ပေါက်လာခဲ့သည်။ ဖြစ်နိုင်တာကတော့ သူတို့ဟာ လူ့ခန္ဓာကိုယ်များကို စားသောက်ခဲ့ခြင်းကြောင့်

## စာစဉ် ၁

ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများအဖြစ်သို့ မျိုးစိပ်ပြောင်းလဲသွားခြင်းဖြစ်ပေမည်။

သုတေသီများ၏အဆိုအရ ထိုသို့ဦးခေါင်းများကို တန်ဆာဆင်ခြင်းမှာ သဘာဝအလျောက် ကိုယ့်ကိုကိုယ်ကာကွယ်ရန်နှင့် ပြိုင်ဘက်များကို ခြိမ်းခြောက်လိုခြင်းကြောင့်ဖြစ်သည်ဟု ဆိုခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ထိတ်လန့်ဖွယ် လူမျက်နှာကင်းခြေများတို့သည် အဆိပ်ထုတ်ခြင်းကို အဓိကပိုင်ဆိုင်ကြပြီး သူတို့၏ကြီးမားလှသော ခန္ဓာကိုယ်ကြောင့် သူတို့ကိုယ်သူတို့ ခေါင်းရိုးတန်ဆာများဖြင့် အကာအကွယ်လုပ်လိုခြင်းဖြစ်ဖြစ်ပေသည်။ အရွယ်ရောက်ပြီးသား ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများသည် ၅-၆မီတာအထိ ရှည်လျားပေမည့် တောရိုင်းထဲတွင်မူ ထိုအရွယ်အစားမှာ အလယ်အလတ်မျှသာ တန်း၀င်ပေသည်။

# စာစဉ် ၁

“အားလုံး သတိထားကြ။ ဘာကြောင့်ပဲဖြစ်ဖြစ် ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများနားကို မကပ်သွားကြနဲ့။ သူ့ပါးစပ်ကနေ အဆိပ်တွေကို ၁၀မီတာထက်မက ဝေးဝေးအထိ ပစ်ထုတ်လာနိုင်တယ်။ အဲ့ဒီအဆိပ်တွေက အရမ်းပြင်းပြီး အသားတွေကို လောင်ကျွမ်းသွားနိုင်လို့ အရမ်းကြောက်ဖို့ကောင်းတယ်။” မုရုန်ချိုးယဲ့ မျက်ခုံးများကို တွန့်ချိုးရင်းပြောလိုက်သည်။ သူမ၏စိတ်အခြေအနေလဲ သိပ်မကောင်းလှပေ။ ဒါက သူမအနေနှင့်လဲ ရက်စက်ကြမ်းကြုတ်သည့် သားရဲတစ်ကောင်ကို ပထမဆုံးအကြိမ်အဖြစ် မျက်မြင်ကိုယ်တွေ့ တွေ့ဖူးခြင်းမဟုတ်ပါလား။

“ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများမှာ တခြားအဆိပ်ထုတ်တဲ့ကောင်တွေထက် ပိုသာတဲ့နည်းလမ်းတစ်ခုရှိသေးတယ်။ သူ့အဆိပ်ကို ထိသွားတာနဲ့ အဆိပ်ထိတဲ့နေရာအရွယ်အစာက ပိုပြီးကြီးလာတာပဲ။ အားလုံးပဲ၊

စာစဉ် ၁

ငါတို့တတ်နိုင်သလောက် အနားမကပ်ဖို့လိုမယ်။ ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများက သိပ်ပြီးမြန်မြန်ဆန်ဆန် မလှုပ်ရှားနိုင်ဘူး။ သူကအမြဲတမ်း ကျောက်တုံးကြီးတွေ လိုဏ်ဂူကြီးတွေထဲမှာပဲ ပုန်းအောင်းနေပြီး သူ့သားကောင် အနားရောက်လာတာကိုစောင့်တတ်တယ်။ အန္တရာယ်ကင်းဖို့ ငါတို့နောက်နည်းနည်းထပ်ဆုတ်ထားသင့်တယ်။” ကောင်းဖန် နောက်သို့ ဂရုတစိုက်နှင့် ခြေနှစ်လှမ်းလောက်မဆုတ်ခင် တည်ငြိမ်အေးဆေးစွာဖြင့် ပြောလိုက်သည်။

အရင်သင်ခန်းစာတုန်းက မစ်စတာကျန်းက ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများ၏ အားနည်းချက်များကို ပြောပြထားက သူတို့၏ကျောင်းမှတ်စုစာအုပ်များထဲတွင်လဲ ချရေးထားကြပြီးဖြစ်သည်။ ဒါပေမယ့် ဒီထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများမှာ

# စာစဉ် ၁

နောက်ထပ်စွမ်းရည်အသစ်ရှိနေတာတို့ အသိဉာဏ်ပိုရှိနေတာတို့ ဖြစ်နေနိုင်မလားဆိုတာကိုတော့ ဘယ်သူသိနိုင်မှာလဲ။ ကောင်းဖန်ကတော့ စာအုပ်ထဲမှ စကားလုံးလေးအနည်းငယ်နှင့် ရုပ်ပုံလေးတွေပေါ်မူတည်ကာ သူ့အသက်လုံခြုံရေးကို လောင်းကြေးမထပ်လိုပေ။

လူအုပ်ကြီးဆုတ်ခွာခြင်းသည် ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများအတွက် အနည်း ငယ်အနားယူရန် အခွင့်အရေးပင်ဖြစ်သည်။ နောက်ဆုံးတော့လည်း သူ့သားကောင်စာရင်း ထဲမှာလူသားကအရသာအရှိဆုံးဖြစ်သည်။

ငါးမန်းတစ်ကောင်က လူရဲ့လတ်ဆတ်တဲ့အသားကိုစားပြီး လူသားတွေရဲ့သတိထားမှုကို လျော့ချရန် နှင့် လူအသားကိုစားပြီးသောကျားတစ်ကောင်သည် သဘာဝအားဖြင့်

## စာစဉ် ၁

လူသားတွေကို

သူတို့သားကောင်စာရင်း၏အောက်ဆုံးတွင်ထားထားကြသည်။

ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများ၏မျက်လုံးများကိုပင့်ကြည့်လိုက်တော့ နေရထိုင်ရ ခက်နေတဲ့လူအုပ်ကြီးက နောက်ကိုခြေနှစ်လှမ်းဆုတ်လိုက်ကြသည်။ ၎င်းက မရပ်ခင် ရှေ့သို့ခြေနှစ်လှမ်းအစမ်းထပ်လှမ်းကြည့်ပြီး သူရဲ့ဦးမျှင်တွေကိုမြှောက်လိုက်ကာသတိ အပြည့်နှင့် ထောင်မတ်လိုက်သည်။

ချက်ချင်းဘဲ လူအုပ်ကြီးက အနောက်သို့ နောက်ထပ်ခြေနှစ်လှမ်းထပ်ဆုတ်လိုက်တာကို ၎င်းကတွေ့လိုက်သည်၊

ဒါကသူ့စိတ်ကိုသက်သာလာစေသည်၊ ဘာမှစိတ်ပူစရာမလိုဘူး။

၎င်းကရှုးသွပ်စေတဲ့အရာတစ်ခုကိုစတင်လိုက်ပြီး သူ၏ခြေထောက်အောက်မှ သစ်ရွက် ခြောက်တွေပေါ်ကိုနင်းလာကာ

## စာစဉ် ၁

တကျွတ်ကျွတ်အသံကိုဖြစ်ပေါ်စေသည်။ ၎င်း၏ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုစီမှလှုပ်ရှားမှုများကြောင့် လူခေါင်းတွေနှင့်အနက်ရောင်အမျက် ဒေါသကင်းကောင်၏ခေါင်းတို့ ရွေ့လျားသွားတော့သည်။ထိတ်လန့်ဖွယ်လူမျက်နှာကင်း ခြေများ၏ ချိုင့်ဝင်နေသော မျက်လုံးများက ငရဲ၏အနက်ရှိုင်းဆုံးနေရာမှ ရယ်မောနေသည့်အလား သူ့ရှေ့တွင် ရှိနေသောလူအုပ်ကြီးကိုတည့်မတ်စွာနှင့် စိုက်ကြည့်နေသည်၊

ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများက ကြီးမားသောကျောက်တုံးကြီးနောက်မှ တည်ငြိမ်စွာထွက်လာကာ သူ၏ခန္ဓာကိုယ်တစ်ခုလုံးကိုထုတ်ဖော်ပြလိုက်သည်။ ၎င်းက လူအုပ်ကြီးဆီသို့အောင်ပွဲခံသည့် ဟိတ်ဟန်အပြည့်နှင့်လျှောက်လာကာ အဆက်မပြတ် ကလေးငိုသံကဲ့သို့သော ဆူညံသည့်အသံကိုပြုလုပ်နေသည်။ အိမ်ပိုင်ရှင်က သူရဲ့

# ကောင်းဖန်

## စာစဉ် ၁

ပစ္စည်းတွေအတွက် ကင်းလှည့်နေသလိုမျိုးပြုလုပ်နေကာ

ဘာကမှရပ်တန့်လို့ရတဲ့ အခွင့် အရေးမရှိပါ။

[မကောင်းဆိုးဝါးအမည်] : ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများ

[မကောင်းဆိုးဝါးအဆင့်] : အဆင့်၁၂( ထိပ်တန်းအဆင့် )

[မကောင်းဆိုးဝါးအဆင့်အတန်း] : သာမန်

[မကောင်းဆိုးအားစွမ်းအင်] : အလောင်းကောင်လုပ်ခြင်း/ အဆိပ်

[မကောင်းဆိုးဝါးအခြေအနေ] : ဒဏ်ရာအသေးအမွှား (

စိတ်ကြီးဝင်နေခြင်း )

[မကောင်းဆိုးဝါးအားနည်းချက်] : ၁၊ အလင်း, ၂၊ မီး

အလင်းအမျိုးအစားနဲ့ မီးအမျိုးအစား

....ကောင်းဖန်ထိုစာလုံးနှစ်လုံးကိုအာရုံစိုက်ကြည့် လိုက်တော့

## စာစဉ် ၁

ထိုစာလုံးတွေကရုတ်တရက်တုန်ခါသွားပြီးမှေးမှိန်သွားသည်။ ထို့နောက်ၚင်း၏အောက်တွင်ရုတ်တရက်စာလုံးအသစ်ပေါ်လာသည်။

[တန်ပြန် နည်းလမ်းများ] ၁။ အလင်းပုံစံတိုက်ခိုက်ခြင်း( ထိတ်လန့်ဖွယ်လူမျက်နှာ ကင်းခြေများအား ပို၍ပျက်စီးစေနိုင်ခြင်း ) ၂။ တောက်ပသောအလင်း ( နမူနာ လူငယ်တစ် ယောက်ကို မူးမေ့စေနိုင်အောင် အကျိုးသက်ရောက်မှုကိုဖြစ်စေပြီးရေရှည်ထိတွေ့လျှင် မှုကွဲသန္ဓေပြောင်းခြင်းကိုဖြစ်စေနိုင်) ၃။ အလင်းမှုန်စွမ်းအင်သုံးအိပ်ဆေးဖော်ဆေးပင်က ပြင်းထန်သောဒဏ်ရာရစေနိုင်သော စွမ်းအားအပြည့်တွန်းလှန်ခြင်းတွင်အသုံးပြု နိုင်သည်......

ဒီအောက်မှာနောက်ထပ်အများကြီးရှိနေသေးတာဘဲ ဒါပေမယ့် ဒီဟာနဲ့တင်ကောင်းဖန် အတွက်အံ့ဩဖို့ လုံလောက်နေပြီ။

# ကောင်းဖန်

## စာစဉ် ၁

ဒီလောက်များပြားတဲ့သတင်းအချက်အလက်တွေက

ကောင်းဖန်ဖတ်တဲ့စာအုပ်တွေထဲမှာတစ်ခုမှဖော်ပြမထားဘူး။

တချို့စာအုပ်တွေဆို ဒီထဲက

နည်းလမ်းအချို့ကိုရွေးချယ်ကောက်နှုတ်ထားတာဘဲဖြစ်နိုင်တယ်

ဒါပေမယ့် အများစုကသေချာပေါက် ကောင်းဖန်တစ်ခါမှမမြင်ဘူးတဲ့

အချက်အလက်အပိုင်းအစ အသစ်တွေဖြစ်နိုင်သည်။

ထိုအချိန်မှာဘဲ ဘယ်သူမှသတိမထားမိခင်

ကြီးမားတဲ့ရှိုးကောင်တွေကတစ်ကောင်ချင်း

သစ်ကိုင်းတွေပေါ်မှာပေါ်လာကြသည်။

ဒီသားရဲတွေက ဒိုင်းပြာလုံခြုံရေး ကိုယ်စားလှယ်လုပ်ငန်းက

စံပြုသုံးသော နတ်ဆိုး ရှိုးကောင် ဖြစ်သည်၊ နတ်ဆိုးရှိုးကောင်တွေ၏

အချက်အလက်များအရ တစ်ကောင် ချင်းစီတိုင်းက

ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများသားရဲကို ဇီဝိန်ချွေပေးနိုင်သည်။

## စာစဉ် ၁

အခုတော့ကောင်းကင်ကလည်းမှောင်မဲလာပြီဖြစ်ပြီး အလင်းမှုန်လေးနည်းနည်းသာ တောအုပ်ထဲသို့ကျရောက်နေသည်။ မီးရှူးတိုင်မှအလင်းအနည်းငယ်နှင့် ထိုအလင်းမှုန်တို့ ပေါင်းစည်းနေပေမယ့် နတ်ဆိုးရှိုခိုးကောင်တွေကတော့ အမှောင်နှင့်ပြည့်ဝစွာ တသားထဲ ကျနေကြသည်။

“ခေါင်းလောင်းစာကလေး”

မုရှန်ချိုးယဲ့ရုတ်တရက်အော်လိုက်သည်။

ငွေတောင်ပံငှက်ကတိတ်ဆိတ်စွာနဲ့သစ်ကိုင်းပေါ်မှာအနားယူနေပြီး ရုတ်တရက် ငွေရောင် အလင်းတန်းလေးလိုမျိုးထိုးဆင်းလာသည်၊ ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများက ဘာမှမတုံ့ပြန်ရသေးခင် ငွေငှက်က ကင်းခြေများ၏နောက်ကျောမှပျံသန်းသွားသည်၊ ၎င်း၏နောက်ကျောပေါ်ကပြည်ဖုတစ်ဖုကဖြတ်ခံလိုက်ရပြီး အဝေးကိုလွင့်ထွက်သွား သည်။

## စာစဥ် ၁

ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများ၏နောက်ကျောမှပေါက်ထွက်လာသော အဝါရောင် ပြည်များသည်စတင်စီးကျလာသည်။စီးကျလာခြင်းကြောင့် ပြည်နာကပိုပြစ်လာပြီး အဝါရောင်မှ အဝါညစ်ညစ်အရောင်ကိုပြောင်းသွားတော့သည်။ ဒီပြစ်နေတဲ့အရည်တွေက ဒဏ်ရာတစ်ခုလုံးကိုဖုံးလွှမ်းသွားပြီး ပိတ်သွားသည်။

လူမျက်နှာကင်းခြေများသားရဲက ရုတ်တရက်ညည်းသံကြည်လောင်စွာထွက်လာပြီး ကောင်းကင်ပေါ်သို့ဦးတည်၍ဆိုးညစ်သောအရည်မည်းများကိုထုတ်လွှတ်လိုက်သည်။ ဒါကလုံးဝကို လွဲချော်သွားခဲ့သည် ။

ထိုအရည်များမြေပြင်ပေါ်သို့ကျလာသောအခါ သစ်ရွက်များတစ်ရွှေ့ရွှေ့နှင့်ခြောက်သွေ့ လောင်ကျွမ်းသွားပြီး မီးခိုးငွေ့များအဖြစ်အပေါ်သို့တက်လာတော့သည်။

# စာစဉ် ၁

***

စာစဉ် ၁

## *အခန်း ၁၂ မူကွဲနတ်ဆိုးရှိခိုးကောင်*

ငွေတောင်ပံငှက်သည် သစ်တောများအတွင်း ဖြတ်သန်းပြေးလွှားနေပုံက ငွေရောင်အလင်းတန်းလေးတစ်ခုနှယ်ထင်ရပြီး ကြီးမားလှသည့် လူမျက်နှာကင်းခြေများကို ပစ်မှတ်ထားနေခဲ့သည်။

ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများသည်လဲ သူ၏ခေါင်းထက်မှ ငွေရောင်အလင်းတန်းသဏ္ဍာန်ထိုးဆင်းလာသည့် ငှက်ကြောင့် သူ၏ကြီးမားလှသော ပါးစပ်ကြီးကို ဖွင့်ဟကာ ဟိန်းဟောက်လိုက်သည်။

ငွေတောင်ပံငှက်ကတော့ လုံး၀ကြောက်ရွံ့သွားခြင်းမရှိပါဘဲ ထိုငွေရောင်အလေးတန်းလေးက ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများကို ဖြတ်တိုက်လိုက်တာကြောင့် မြေပြင်ထွက်သို့ သွေးများ ပတ်ဖြန်းသွားတော့သည်။

## စာစဉ် ၁

ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများ၏ဒါရာများမှာ ပို၍ပို၍ပြင်းထန်လာကာ နောက်ဆုံး ပြင်းထန်လွန်းလှသည့် နာကျင်မှုများကြောင့် မတ်တပ်ပင် မရပ်နိုင်တော့ဘဲ ကျောက်တုံးခြေရင်းသို့ပြေးသွားကာ လူးလိမ့်ငိုကြွေးနေတော့သည်။

ထိုအချင်းအရာကြောင့် ငွေတောင်ပံငှက်လဲ သူ၏တိုက်ခိုက်နှုန်းကို ပိုလို့ပင် တိုးမြှင့်လိုက်လေသည်။

ကင်းခြေများ၏မျက်လုံးထဲတွင်တော့ ကောက်ကျစ်ကာ လိမ်လည်လှည့်ဖျားလိုသည့် အရိပ်အယောင်များထင်ဟက်နေကာ သူ၏ခန္ဓာကိုယ်အလယ်ပိုင်းကို ခုံးလိုက်သည်။

ငွေတောင်ပံငှက် နောက်တစ်ကြိမ် ထိုးဆင်းတိုက်ခိုက်လာသည့် အချိန်တွင်ပဲ ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများက ရုတ်တရက် ခုန်ထလိုက်သည်က လေးကြိုးမှပစ်လွှတ်လိုက်သည့် မြှားတစ်စင်းလိုပင်။

ဘန်း!

## စာစဉ် ၁

ငွေတောင်ပံငှက်မှာ ကင်းခြေများ၏အမြီးဖြင့် ပုတ်ထုတ်ခံလိုက်ရကာ ဘော့စ်ဘောတစ်လုံးပမာ လွင့်ထွက်သွားတော့သည်။

ချက်ချင်းပင် ကင်းခြေများ၏အမြီးမှ အနက်ရောင်နှင့်အဝါရောင် ရောယှက်နေသည့် ပြည်ပုပ်ရည်များမှာ ငွေတောင်ပံငှက်သို့ ပတ်ဖျန်းလိုက်သလိုဖြစ်သွားတော့သည်။

ငွေတောင်ပံငှက်မှာ အဝေးသို့ ရိုက်ထုတ်ခံလိုက်ရတာကြောင့် နာကြည်းစွာအော်ဟစ်ရင်း မြေပြင်သို့ ကျဆင်းသွားတော့သည်။

ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများသည်တော့ ချက်ချင်း ငွေတောင်ပံငှက်ဆီသို့ ဆက်လိုက်သွားကာ သူ၏အမြီးမှ များပြားလှသည့်ပြည်ပုပ်အရည်များဖြင့် ပတ်ဖျန်းလိုက်ပြန်သည်။

ထိုပြည်ပုပ်ရည်များသည် မြေပြင်ထက်သို့လဲ ကျဆင်းသွားကာ အလွန်ရွံ့ရှာစက်ဆုပ်ဖို့ကောင်းလှသည်။

## စာစဉ် ၁

ငွေတောင်ပံငှက် ထပ်မံပျံသန်းချင်ပေမည့် ထိုပြည်ရည်များက သူ၏အမွေးများကို ကော်သဖွယ်မြေပြင်နှင့် ကပ်ညိနေစေတာကြောင့် တောင်ပံကိုမဖြန့်နိုင်ခဲ့ပေ။ အချို့သော အမွေးအတော်များဆိုလျှင် အနက်ရောင်အရည်များကြောင့် ပုပ်သို့လို့သွားတော့သည်။

ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများသည်လဲ ငွေတောင်ပံငှက်ကဲ့သို့ပင် အဆင့်၁၂ရှိသည့် သားရဲဖြစ်တာကြောင့် ၎င်းတို့နှစ်ကောင်မှာ အဆင့်တူများဖြစ်သည်ဟု ဆိုနိုင်သည်။ ဒါ့အပြင် ငွေတောင်ပံငှက်သည်က အထူးအဆင့်ဖြစ်ကာ သာမာန်အဆင့်ဖြစ်သည့် ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများထက် တစ်ဆင့်မြင့်နေသေးသည်။ ဒါကြောင့်မို့ သာမာန်အဆင့်ကင်းခြေများက တိုက်ပွဲတွင် အနိုင်ရသွားသည်မှာ လက်မခံနိုင်စရာရလဒ်ပင်။

အောင်နိုင်သူကို ဘယ်တော့မှ အဆင့်သတ်မှတ်ချက်များနှင့် မဆုံးဖြတ်နိုင်ဘဲ တိုက်ခိုက်သည့်အတွေ့အကြုံနှင့်

## စာစဉ် ၁

ပတ်ဝန်းကျင်အနေအထားများက ပို၍သက်ရောက်မှုရှိသည်။ ယခုတော့ ထိုအချက်ကို ကောင်းဖန် လက်တွေ့ကျကျနားလည်လို့သွားပေပြီ။

ကင်းခြေများသည် အတော်လေးစဉ်းစားဆုံးဖြတ်နိုင်စွမ်းရှိသူဖြစ်သည်။ အစပိုင်းတွင် သူဘယ်လောက်ပဲ ပြန်တိုက်ခိုက်ဖို့ ကြိုးစားပါစေ ကျရှုံးနေတာကြောင့် ခွန်အားကို ချွေတာဖို့ရန်အတွက် ထွက်ပြေးခဲ့ပေသည်။

ထို့နောက် ရန်သူဘက်က သတိအနေအထားအနည်းငယ်လျော့သွားသည်နှင့် သူ၏ခန္ဓာကိုယ်ကို အသုံးပြုကာ သေစေနိုင်လောက်သည့် တိုက်ခိုက်မှုအပြင်းစားကို လုပ်ဆောင်ခဲ့သည်။

တာ့ဇီသည်တော့ ဒေါသတကြီးအော်ဟစ်နေသည့် ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများကို သတိအနေအထားဖြင့် စောင့်ကြည့်လို့နေသည်။

ကောင်းဖန်

## စာစဥ် ၁

ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများ အော်ဟစ်နေခြင်းကို ရပ်တန့်လိုက်ကာ ဘေးတွင်ရှိနေသည့် တာ့ဇီနှင့် တာ့ဇီကို ဆွဲထားသည့် ကောင်းဖန်တို့ကို ဖျက်ခနဲတစ်ချက်လှမ်းကြည့်လိုက်သည်။

ထို့နောက် သူတို့နှစ်ဦးကို လျစ်လျူရှုကာ တစ်ဖက်ပြန်လှည့်သွားပြီးနောက် ငွေတောင်ပံငှက်ကို သူ၏လက်သည်းများဖြင့် ထိုးစိုက်လိုက်တော့သည်။

မုရုန်ချိုးယွဲ့သည်တော့ သူမပါးစပ်ကို လက်ဖြင့်ထိန်းအုပ်ကာ မျက်ရည်များကျဆင်းလာတော့သည်။

ငွေတောင်ပံငှက်သည် လွန်ခဲ့သည့်၂နှစ်ကတည်းက သူမနှင့်အတူရှိနေခဲ့ခြင်းဖြစ်ကာ ထိုငွေတောင်ပံငှက်ကလေးကို ဝယ်ယူကာ အိမ်သို့ခေါ်ဆောင်ခဲ့သည့် နေ့ကိုပင် အခုထိ အမှတ်ရနေစဲဖြစ်သည်။ ၎င်းမှာ သူမလက်များထဲတွင် ကြောင်ပေါက်လေးတစ်ကောင်ပမာ နူးညံ့လွန်းနေခဲ့သည်။

## စာစဉ် ၁

ပြီးခဲ့သည့်၂နှစ်လုံး ငွေတောင်ပံငှက်ကို သူမအမြဲတမ်းလေ့ကျင့်ရန် ခေါ်ဆောင်သွားကာ မြို့ဆင်ခြေဖုံးနေရာများ၊ လယ်ပြင်များတွင် အပြင်းအထန်လေ့ကျင့်မှုများ ပြုလုပ်ပေးခဲ့သည်။ ငွေတောင်ပံငှက်ကလေး တဖြည်းဖြည်း ကြီးထွားလာသည်ကို သူမ၏ကလေးတစ်ဦးနှယ် စောင့်ကြည့်နေခဲ့ရသူလဲဖြစ်သည်။

အခုများတော့ ငွေတောင်ပံငှက်မှာ မြေပြင်ထက်တွင် အားနည်းစွာလဲလျောင်းလို့နေရင်း မုရုံချိုးယွဲ့ရှိရာသို့ ခံစားချက်များ ပြည့်နှက်နေသည့် မျက်ဝန်းများဖြင့် ကြည့်လို့နေလေသည်။

“တော်လောက်ပြီ။ အခန်းဆက်ပြဇာတ်တစ်ပုဒ်ကြည့်နေရသလိုပဲ။” ခေါင်းဆောင်က ခေါင်းရမ်းလိုက်သည်။

အမိန့်တစ်ခုရရှိလိုက်သလိုပဲ သစ်ကိုင်းများထက်မှ အဖွဲ့မှာ အနည်းငယ်စတင်လှုပ်ရှားလာကြသည်။

## စာစဉ် ၁

ထို့နောက်တွင်တော့ အရိပ်တစ်ခုက တောအုပ်ကြီးထဲသို့ စူးရှသည့်အော်ဟစ်သံတစ်သံနှင့် အတူ ဖြတ်သန်းလို့သွားသည်။

ဝှစ်!

ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများ၏ ခန္ဓာကိုယ်မှာ တုန်ရီလာခဲ့ပြီး သူ့ခေါင်းသည်လဲ ကောင်းကင်ပေါ်သို့ လွင့်တက်သွားတော့သည်။

ကင်းခြေများ၏ခေါင်းမှာ လေထဲတွင် တစ်ပတ်လောက်လည်သွားပြီးနောက် မြေပြင်ထက်သို့ ပြန်လည်ကျဆင်းလာတော့သည်။ ရုတ်တရက် အခြေအနေတွေအားလုံး ရပ်တန့်သွားသလို ခံစားလိုက်ရပြီးနောက် ခေါင်းပြတ်သွားသည့်နေရာမှ သွေးများတလလဟောဖြာထွက်လာသည်။

အချိန်များရပ်တန့်သွားသလိုပင်။ တစ်ဆက်တည်းလိုလိုပဲ ခရမ်းရောင်ဖျော့ဖျော့ ဓါးသဏ္ဍာန်ရှည်လျားသည့် လက်မောင်းများကို

## စာစဉ် ၁

ကြက်ခြေခတ်ပုံစံထားထားသည့် ရှိခိုးကောင်ပုံရိပ်က မြေပြင်ထက်သို့ ဆင်းသက်လာတော့သည်။

[မကောင်းဆိုးဝါးအမည်] : မှုကွဲနတ်ဆိုးရှိခိုးကောင်

[မကောင်းဆိုးဝါးအဆင့်] : အဆင့်၂၀(ထိပ်တန်းအဆင့် )

[မကောင်းဆိုးဝါးအဆင့်အတန်း] : ပြီးပြည့်စုံခြင်းအဆင့်

အဆင့်၂၀(အထူးအဆင့်) ပြီးပြည့်စုံခြင်းအဆင့်အတန်း ;အုပ်ချုပ်သူအဆင့်ထိရောက်ဖို့လို အပ်ချက်ရှိနေတဲ့သားရဲတွေနဲ့ကြည့်တွေ့တာဘဲ၊ အုပ်ချုပ်သူအဆင့်ထိမြှင့်တင်ဖို့ဆိုတာ အချိန်တစ်ခုဘဲလိုအပ်သည်၊ နောက်ထပ်တစ်ဆင့်ဘဲဆိုရင် အုပ်ချုပ်သူအဆင့်ကို ဖြစ်ဖို့ သေချာနေပြီ။

သောက်ရမ်းသန်မာတာဘဲ။ အတန်းထဲကကျောင်းသားအများစုကကြောက်မက်ဖွယ် နတ်ဆိုးရှိခိုးကောင်သားရဲကိုမနာလိုစွာနဲ့ကြည့်နေကြသည်။သူတို့မျက်လုံ းထဲမှာတော့ ငွေတောင်ပံငှက်တင်ကိုဘဲတော်တော်သန်မာတဲ့ကိုယ်ပိုင်သားရလို့ထင်နေ

## စာစဉ် ၁

ပြီ၊ ပြီးတော့ ထိတ်လန့်ဖွယ်လူမျက်နှာကင်းခြေများကတော့ ငှက်ကိုရှုံးသွားလို့ဖြုံနေလောက်ပြီ။

ဒါပေမယ့်စွမ်းအားပြည့်ဝတဲ့ကင်းခြေများကဒုတိယတစ်ကြိမ်နတ်ဆို းရှိခိုးကောင်ရဲ့သတ် တာကိုခံလိုက်ရပြန်သည်။

"ဒါ....ဒါက အုပ်ချုပ်သူအဆင့်ကိုယ်ပိုင်သားရဲလား" ကျောင်းသားတစ်ယောက်က မေးရိုး ကြီးအောက်ပြုတ်ကျသည့်အတိုင်းမေးလာသည်။

"မဟုတ်ဘူး၊ ဒါပေမယ့်နီးစပ်တယ်။" ချန်ဟန်ချောင်က မူကွဲနတ်ဆိုးရှိခိုးကောင်ကိုသေချာ ကြည့်ကာဖြေလာသည်၊

ဟိုင်လန်ယွိဘက်ကိုဖြတ်ခနဲကြည့်မိပြီး သူ့ရဲ့ဟာသဉာဏ်လည်းပျောက်ဆုံးနေသည်၊ ချန်ဟန်ချောင်ကဟိုင်လန်ယွိပုခုံးကိုပုတ်ကာ " ဟား....တအားလည်းဝမ်းနည်းမနေပါနဲ့ ကွာ။" လို့ပြောကာနှစ်သိမ့်လိုက်သည်။

ခဏလောက်စဉ်းစားပြီးနောက် ချန်ဟန်ချောင်က " ငါ့ငါ့အဖေကိုနောက်တစ်ခါ သူအလုပ် သွားတဲ့အချိန်ကျရင်

## စာစဉ် ၁

မင်းအတွက်သားရဲပေါက် အသစ်လေးမေးပေးမယ်လေ၊” လို့ပြော
လိုက်တယ်။

“ကျေးဇူး”

ဟိုင်လန်ယွိကမျက်ရည်တွေနဲ့သူ့နှုတ်ခမ်းကိုဆူလိုက်ကာပြောလိုက်
သည်။

“ဒါကဘာမှမဟုတ်ပါဘူး၊ ငါတို့က ညီနောင်တွေဘဲကို”

ချန်ဟန်ချောင်တခစ်ခစ်ရယ်ကာ ပြောလိုက်သည်။

“ဟုတ်ပြီ ငါ့ညီနောင်ကြီး”

……

ကောင်းဖန်တိတ်ဆိတ်စွာလှည့်လိုက်သည်၊
သူကိုယ်သူပြန်ဖက်လိုက်ပြီး သူ့နောက်ကျော ဘက်က
ကြက်သီးထနေတာကိုဖုံးလိုက်သည်။ သူ့နှလုံးထဲမှာတော့ တစ်ခုခုက
မှုမမှန်တာ ကိုခံစားနေရသည်။

ညီနောင်….ဘာညီနောင်တွေလဲ။ကောင်းဖန်ရှုပ်ထွေးသွားသည်၊

## စာစဉ် ၁

သူ့မိဘတွေကွယ်လွန်ပြီးတဲ့နောက်,အမျိုးတွေကရှားရှားပါးပါးလာလည်ကြတယ်။သူ့ချစ်ရတဲ့အဖိုးကလည်းပျောက်သွားတယ်။ကပ်ဆိုးကြီးဖြစ်တုန်းကအဖိုးကအင်္ဂလန်ကသူဝယ်ထားတဲ့နေရာမှာအားလပ်ရက်ခရီးထွက်သွားနေခြင်းဖြစ်သည်။ သူအသက်ရှင်ကျန်ရစ်ဖို့ဆို တာမဖြစ်နိုင်သလောက်ဘဲ။

ငါ့အတွက်တခြားညီနောင်တွေဆိုတာမလိုအပ်ဘူး၊ ငါ့မှာသူတို့ရှိတယ် ဒါနဲ့တင်လုံလောက် တယ်။

ကောင်းဖန်သူ့လက်မောင်းထဲကတဘ့ဇီကိုကြည့်လိုက်ရင်း သူ့မျက်နှာပေါ်မှာလုပ်မယူထား တဲ့အပြုံးတစ်ခုပေါ်လာသည်။ တဘ့ဇီကခေါင်းကိုမြှင့်ကာ အိပ်ပျော်နေပြီး သူ့ဦးမျှင်အစုံက လေတိုက်နေတာကြောင့်ယိမ်းထိုးနေတယ်။ သူကကောင်းဖန်ရဲ့လက်မောင်းထဲမှာနွမ်းလျ စွာနဲ့လဲလျောင်းနေပြီး အတွင်းဘက်ကိုလှည့်လိုက်ကာမှီလိုက်သည်။

“မလှုပ်နဲ့,......ငါမင်းကိုပွေ့ဘဲပွေ့ထားနိုင်တာ။”

ကောင်းဖန်က တဘ့ဇီကိုအောက်ချပေးလိုက်ပြီး အသက်ပြင်းပြင်းရှူလိုက်သည်။ ဒီကောင် တော်တော်လေးတာဘဲ။

# ကောင်းဖန်

## စာစဉ် ၁

ကြည့်လိုက်ရင်သိပ်မသိသာပေမယ့် သူကနှစ်မီတာလောက်ထိ ရှည်ပြီးတော့ အလေးချိန်ကပေါင်တစ်ရာထက်ကျော်တယ်။

ဟိုင်လန်ယွိရဲ့ မတော်တဆမှုပြီးတဲ့နောက် တခြားကျောင်းသားတွေက နိုးနိုးကြားကြားရှိ လာကြသည်။ သူတို့ကိုယ်ပိုင်သားရဲတွေ လျှောက်ထွက်သွားတာတွေခွင့်ပြုမှာမဟုတ်ဘူး။

ကောင်းဖန် ဒူးကိုညွှတ်ကာထိုင်လိုက်ပြီး တဲ့ဇီရဲ့ကျောရိုးအကာ ပေါ်ကိုပွတ်ပေးလိုက် တယ်။ သူ့ရဲ့အေးနေတဲ့ကျောရိုးအကာက သံလိုဘဲ။

ကောင်းဖန် ကျောက်ခဲကိုကောက်ယူလိုက်ပြီး တည့်မတ်စွာရပ်လိုက်တယ်၊ သူ့မျက်လုံး တွေကိုကျဉ်းမြောင်းလိုက်ပြီး အကွာအဝေးတစ်ခုကိုစူးစိုက်ကြည့် လိုက်ကာ၊သူ ကျောက်တုံးကို လေထဲသို့မြင့်မြင့်ပစ်လိုက်တယ်။ သူ့ဘေးမှာ, စိတ်ခံစားချက်ချင်း ဆက်သွယ်ထားတဲ့ တဲ့ဇီက အပြေးအလွှားထွက်သွားသည်။ ကင်းခြေများရဲ့ အရှိန်က တခြားသားရဲတွေနဲ့ အရွယ်အစားအတူတူလောက်ဘဲမလို့ တအားနှေးမနေဘူး။

# စာစဉ် ၁

မျက်စိတစ်မှိတ်အတွင်းမှာတင်
သူကမီတာတော်တော်ဝေးဝေးကိုရောက်နေပြီ။

စက္ကန့်အနည်းငယ်အတွင်းမှာဘဲ ၎င်းကအရှေ့ကိုခုန်လိုက်ကာ သူ့ခန္ဓာကိုယ်ကိုတင်းတင်း ကျပ်ကျပ်ကွေးလိုက်ပြီး ရုတ်တရက် ဆတ်ခနဲကောက်ဆွဲလိုက်တယ်။ သူ့ရဲ့ချွန်ထက်တဲ့ သွားတွေနဲ့ကြိတ်ထားပြီးသူ့ပါးစပ်ထဲမှာကျောက်ခဲကိုကိုက်ကာ ပစ်လိုက်တဲ့နေရာကို ပြန်လာတော့သည်။

တာ့ဇီကမြန်မြန်ပြန်ပြေးလာပြီး ကျောက်ခဲကိုကောင်းဖန်ရဲ့လက်ထဲသို့ထည့်လိုက်ပြီး သူ့ရဲ့ဦးမျှင်တွေကိုလှုပ်ယမ်းလိုက်ကာ သူကဆုရသင့်သလိုပုံစံမျိုးလုပ်ပြနေသကဲ့သို့ ဖြစ်နေသည်၊ ကောင်းဖန်သူ့ခေါင်းကိုပုတ်လိုက်သည်က ဆုဖြစ်သည်။

“ မင်းတို့က ပါတီကျင်းပနေကြတာလား?” အသံကသူ့နောက်ကသစ်ပင်မှထွက်ပေါ်လာ သည်။ကောင်းဖန်လှည့်လိုက်တော့ ဒိုင်းပြာလုံခြုံရေးအဖွဲ့ခေါင်းဆောင်ကသစ်ကိုင်းပေါ်မှာ

## စာစဉ် ၁

ဆောင့်ကြောင့်ထိုင်နေပြီး သူ့ကိုစိတ်ဝင်တစားကြည့်နေမှန်း သိသွားတော့သည်။

"အမ်....မဟုတ်ပါဘူး ကျနော်ကတော့ဇီရဲ့အမြန်နှုန်းနဲ့သူ့ရဲ့တိကျမှန်ကန်မှုကို စစ်ဆေး နေတာ" ကောင်းဖန်သူ့မျက်ခုံးတွေကိုပင့်ကာဖြေလိုက်၏။

ဖွီး....

ကောင်းဖန်သူ့ လျှောင်ရယ်သံကိုကြားလိုက်တယ်ဆိုတာသေချာတယ်။

"တဆိတ်လောက်.....ဒါကဒီတိုင်း.....မင်းလေ့ကျင့်တဲ့နည်းလမ်းက အိမ်မှာကစားနေ သလိုမျိုးရှိစရာကောင်းတယ်။" ခေါင်းဆောင်က သူ့မျက်နှာကိုပုတ်လိုက်သည်။ ဒါကသူ့အတွက်အတော်ရယ်စရာကောင်းသည်။

"အရိုးသားဆုံးပြောရမယ်ဆိုရင်, မင်းရဲ့လေ့ကျင့်တဲ့နည်းလမ်းက တကယ့်ကိုကလေး တစ်ယောက်ကစားနေသလိုမျိုးဘဲ၊ ပျင်းဖို့ကောင်းပြီး အချိန်ဖြုန်းနေသလိုမျိုး" ခေါင်းဆောင်က သူ့ခေါင်းကိုခါလိုက်ပြီး ကောင်းဖန်ကိုသေချာစူးစိုက်ကြည့်လိုက်ကာ "မင်းဘယ်တော့မှ

## စာစဉ် ၁

မင်းရဲ့ကိုယ်ပိုင်သားရဲကိုဒီလိုနည်းလမ်းနဲ့မလေ့ကျင့်ရဘူး၊ အထူးသဖြင့် မင်းကိုယ်ပိုင်သားရဲက ရက်စက်ပြီးခရမ်းရောင်ကျောခွံနဲ့အဝါရောင်ခြေချောင်းတွေပါတဲ့ ကင်းခြေများဖြစ်နေရင် မင်းကသူ့စွမ်းအင်အလားအလာကို အလေအလွင့်ဖြစ်သွားအောင် လုပ်သလိုမျိုးဖြစ်နေလိမ့်မယ်။”

“ဒါဆို ကျနော်ဘယ်လိုလုပ်ရမလဲ” ကောင်းဖန်ရဲ့မျက်လုံးတွေကရုတ်တရက်တောက်ပ လာတော့တယ်။

***

## စာစဉ် ၁

## *အခန်း ၁၃ အန်ကယ်လျို*

"ကင်းခြေများတွေဆိုတာ ရက်စက်တဲ့စရိုက်ရှိကြတယ်။ မင်း သူတို့ကိုလေ့ကျင့်ပေးမယ်ဆိုရင် သူတို့ကို သားကောင်တွေအမဲလိုက်သတ်ဖြတ်ဖို့အတွက်လဲ ခွင့်ပြုပေးထားရမယ်။ ပြီးတော့ သူ့ရဲ့ရက်စက်ကြမ်းကြုတ်မှုကို ထိန်းသိမ်းဖို့အတွက်လဲ နေ့စဉ်လတ်ဆတ်တဲ့အသား ကျွေးဖို့လိုသေးတယ်။ ဒါမှသာ အစစ်အမှန်တိုက်ပွဲမှာ သူ့ရဲ့လုပ်နိုင်စွမ်းတွေကို ကန့်သတ်ထားသလို အပြည့်အဝမထုတ်သုံးနိုင်တာမျိုး ဖြစ်မှာ။"

လုံခြုံရေးအဖွဲ့ခေါင်းဆောင်က ထိုစကားကိုပြောပြီးနောက် သူရပ်နေခဲ့သည့် သစ်ကိုင်းထက်မှ ခုန်ဆင်းဖို့လုပ်လိုက်သည်။ သို့ပေမည့် သစ်ကိုင်းနှင့်မြေပြင် ဘယ်လောက်ကွာဝေးလဲဆိုသည်ကို

## စာစဉ် ၁

ကြည့်ပြီးနောက်တွင်တော့ ပင်စည်ကနေတဆင့်ပဲ ဖြည်းဖြည်းချင်း တွယ်ဆင်းဖို့ ရွေးချယ်လိုက်တော့သည်။

သူ၏ခပ်မိုက်မိုက်ပုံစံဟန်ဆောင်မှုကြီးမှာ ရုတ်တရက်အဆုံးသတ်သွားတော့သည်။

“ဒါဆို ခင်ဗျားက ကင်းခြေများတွေကို ဘယ်လိုပုံစံလေ့ကျင့်ရလဲသိတယ်ပေါ့?” ကောင်းဖန် သံသယဖြစ်စွာမေးလိုက်သည်။ ဒီမုတ်ဆိတ်မွေးတွေနဲ့ လူငယ်ယောင်ဆောင်နေသည့် လုံခြုံရေးခေါင်းဆောင်သည် သားရဲများလေ့ကျင့်ရာတွင် ကျွမ်းကျင်သူတစ်ယောက်ဟု မထင်ရပေ။

“ဟေး၊ ကောင်ကလေး၊ တခြားလူတွေကို အထင်သေးသလိုမလုပ်ရဘူးလေ။ ဒီနတ်ဆိုးရှိခိုးကောင်ကို ငါ့နည်းငါ့ဟန်နဲ့ပဲ လေ့ကျင့်ပေးခဲ့တဲ့လူပါ။” ခေါင်းဆောင်က သူ့ညာလက်ကို ဆန့်ထုတ်ရင်းပြောလိုက်သည်။

## စာစဉ် ၁

ဘယ်နေရာရောက်နေလဲမသိသည့် နတ်ဆိုးရှိခိုးကောင်သည်လဲ သူ၏ဘယ်ဘက်တွင် ရုတ်တရက်ထွက်ပေါ်လာကာ မြေပေါ် ဒူးတစ်ဝက်ထောက်ထိုင်နေပြီး ၎င်း၏သန်မာထွားကြိုင်းလှသည့် ရင်အုပ်မှာတော့ ဝင်သက်ထွက်သက်ကြောင့် လှုပ်ရှားလို့နေသည်။

“ဒါပေမယ့် နယ်ပယ်တိုင်းမှာတော့ အထူးပြုတာတွေ ရှိတာပေါ့။ ငါဆို ရှိခိုးကောင်တွေလေ့ကျင့်တာကို အထူးပြုတယ်။ ဒါပေမယ့် ကင်းခြေများတွေကို လေ့ကျင့်တာမှာ ကျွမ်းကျင်မှုမရှိဘူးလို့ ဆိုလိုတာတော့မဟုတ်ဘူးနော်။ မင်း ဒီကင်းခြေများကို သတ်ဖြတ်ရေးစက်တစ်ခုလို သင်ကြားပေးချင်ရင် မင်းကိုယ်တိုင်က ဒီနယ်ပယ်မှာ ကျွမ်းကျင်သူဖြစ်နေဖို့လိုတယ်။ ငါမင်းကို ပေးနိုင်တာအားလုံးက နည်းနည်းပါးပါး ညွှန်ပြ အကြံပြုရုံပဲ။”

“အမ်၊ ကျေးဇူးတင်ပါတယ်၊” ကောင်းဖန် ခေါင်းညိတ်ကာ ကျေးဇူးတင်စကားပြောလိုက်သည်။

## စာစဉ် ၁

“ဆရာက ဒီချန်အန်းမြို့ထဲက ကင်းခြေများကျွမ်းကျင်လေ့ကျင့်သူတွေကို သိလား?” ကောင်းဖန်မေးလိုက်သည်။

ခေါင်းဆောင်လဲ ရုတ်တရက် အံ့သြလို့သွားသည်။ ဒါက သူ့ကို ‘ဆရာ’ဟုတ တစ်စုံတစ်ယောက်က ပထမဆုံးခေါ်ဆိုဖူးခြင်းဖြစ်သည်။ ဒီလိုမျိုးခေါ်ဆိုလိုက်ပုံက သူ့အတွက် အနည်းငယ်ထူးဆန်းသလိုခံစားရပေသည်။

ခဏလောက်တိတ်ဆိတ်ပြီးနောက်တွင်တော့၊ ခေါင်းဆောင်က၊

“ချန်အန်းမြို့မှာ ကင်းခြေများကိုယ်ပိုင်သားရဲအမျိုးအစားရှိတဲ့ နာမည်ကြီးအင်အားကြီးသူတွေအများကြီးရှိတယ်။ ဒါပေမယ့် သူတို့ထဲကတစ်ယောက်ကပဲ သူ့ကိုယ်ပိုင်လေ့ကျင့်ရေးနည်းစနစ်တစ်မျိုးကို အခြေခံပြီး

စာစဉ် ၁

အင်အားကြီးလာတယ်လို့ လူသိများတယ်။” ခေါင်းဆောင်က ဆက်ပြီး၊ “အဆိပ်၅မျိုးရဲ့ခေါင်းဆောင် ချောင်ကျင်းယန်ပဲ။”

“ဒါပေမယ့် ချောင်ကျင်းယန်ကိုက လူအများစုအတွက် ချဉ်းကပ်ဖို့ ခဲယဉ်းတဲ့ အထီးကျန်သူလို့ လူသိများတယ်။ သူ့မိသားဝင်အားလုံးကလဲ ကပ်ဘေးကြုံရတုန်းက ဝမ်းနည်းစရာကောင်းအောင် သေဆုံးသွားကြတယ်လေ။ သူ့ရှေ့မှာဆို သူ့မိသားစုနဲ့ စပ်ဆက်တာတစ်ခုကိုမှာ မပြောဖို့တားမြစ်ထားတယ်။”

“အို၊ ဒါဆိုလဲ မေ့လိုက်ပါတော့၊ ကျွန်တော့်ဘာသာပဲ ကိုယ်ပိုင်နည်းလမ်းစဉ်းစားပြီး လေ့ကျင့်ပေးသင့်ပါတယ်။” ကောင်းဖန်ချက်ချင်းပဲ စိတ်ဝင်စားမှုမရှိတော့ပေ။ သူကိုယ်တိုင်ကလဲ အေးစက်စက်စရိုက်ရှိသည့်လူများကို နွေးထွေးလာအောင် လုပ်ပေးဖူးခြင်းမရှိပေ။ ဒါက သူ့ရဲ့နွေးထွေးလှတဲ့ပါးပြင်မှ အပူချိန်ကိုသုံးပြီး တခြားလူရဲ့အေးစက်လှတဲ့ပါးပြင်ကို နွေးထွေးအောင်

# ကောင်းဖန်

## စာစဉ် ၁

လုပ်ပေးရသည်နှင့်တူကာ တစ်ဖက်လူက သူ့မျက်နှာရှေ့

လေလည်လာနိုင်သည့် ဆိုးကျိုးပင် ရှိနိုင်သေးသည်။

ဒီလုံခြုံရေးခေါင်းဆောင်က အတော်တော့စကားများတာပဲ။

ကိုယ်ပိုင်သားရဲ၏တိုက်ပွဲဝင်အတွေ့အကြုံကို လက်တွေ့အစစ်အမှန်တိုက်ပွဲကပင် သင်ယူနိုင်မည်ဟု ကောင်းဖန်တွေးလိုက်မိသည်။ သူဘာတွေသိဖို့လိုအပ်သေးလဲဆိုသည်ကိုလဲ သူသိပေသည်။ ဒါ့အပြင် သူ့ကိုသူလဲ ယုံကြည်မှုအပြည့်ရှိနေသေးသည်။

လုံခြုံရေးခေါင်းဆောင်၏ ပါးစပ်ကို ခပ်ကျယ်ကျယ်ပွင့်ဟလို့သွားခဲ့သည်။ ဒါကတော့ ပြောနေသည့်လမ်းကြောင်းနဲ့ လုံးဝကွဲထွက်သွားပါလား။ ဒါက ဇာတ်ညွှန်းတွေထဲကနဲ့ မတူတော့ဘူးလေ။ တကယ်ဆို ဒီကလေး သူ့ကို ချောင်ကျင်းယန်အကြောင်း ပိုပြီးမေးသင့်တယ်မဟုတ်ဘူးလား?!

# ကောင်းဖန်

## စာစဉ် ၁

လုံခြုံရေးခေါင်းဆောင်၏လုပ်ရပ်များနောက်တွင် ရည်ရွယ်ချက်ရှိနေသည်က ထင်ရှားလှပေသည်။ တကယ်တမ်း သူ့အစော အရမ်းကို ဂုဏ်ယူဝံ့ကြွားနေဟန်ဆောင်ထားခဲ့ခြင်းဖြစ်သည်။ ဒီလိုမျိုး အကျိုးကို မမျှော်ကိုးပဲ လုပ်ဆောင်ပေးတဲ့လူက တကယ်တမ်း ကောင်းသော ထွက်ပေါ်လာခြင်းမျိုးမဟုတ်ပေ။

ကောင်းဖန်ကတော့ ချက်ချင်းပဲ တုန့်ဆိုင်းခြင်းအလျဉ်းမရှိ လှည့်ထွက်သွားတော့သည်။ သူ့အနေနှင့် ဘယ်ဇာတ်လမ်းဇာတ်ကွက်ကိုမှ အထုပ်ဖြည်ပြပေးဖို့ရန် စိတ်ကူးမရှိပေ။ ဘယ်လိုမျိုးသန်မာလာအောင် လုပ်ဆောင်ရမလဲဆိုသည်ကိုက ကောင်းဖန်သိထားပြီးမဟုတ်ပါလား။ သူ့အခုလိုအပ်နေတာက သန်မာလာဖို့ရန် သူ့အစီအစဉ်အတိုင်း တစ်ဆင့်ခြင်း တက်လှမ်းသွားဖို့ရန်သာ။

………

## စာစဉ် ၁

သုံးရက်တာ လေ့လာရေးခရီးမှာ မြန်မြန်ဆန်ဆန်ပဲ အဆုံးသတ်သွားခဲ့သည်။

ဆင်ခြေဖုံးရပ်ကွက်တွင် နောက်ထပ်သားရဲအချို့ရှိနေစဲဖြစ်သော်လည်း အားလုံးမှာ သာမာန်အဆင့်နိမ့်သားရဲအဆင့်များသာဖြစ်သည်။ နေရာတိုင်းတွင် ကျောင်းသားများကို လျှို့ဝှက်စောင့်ရှောက်ပေးနေသည့် နတ်ဆိုးရှိခိုးကောင်များ ရှိနေသည်ကိုပါ ထပ်ပေါင်းလိုက်တော့ ကျောင်းသားတစ်ယောက်အနေဖြင့် မတော်တဆမှုဖြစ်မည်ဆိုလျှင်ကမှ အမှန်တကယ်ထူးဆန်းနေပေလိမ့်မည်။

ဒီရက်ပိုင်းလေးကပဲ ကျောင်းသားများအတွက် အစစ်အမှန်သားရဲရိုင်းများကို လက်တွေ့ဘဝတွင် ထိတွေ့သွားနိုင်ခဲ့သည်။ ထိုသားရဲများသည် သူတို့အိမ်တွင် မွေးမြူထားသည့် သားရဲများနှင့် လုံးဝကွဲပြားခြားနားပေသည်။ သူတို့အိမ်မှသားရဲများသည်

## စာစဉ် ၁

အလွန်ယဉ်ပါးကာ ဒေါသရန်လိုထွက်သည်မှာ ရှားလှသော်လည်း သားရဲရိုင်းများသည်တော့ အလွန်ကြမ်းတမ်းကာ ယဉ်ပါးဖို့ရန် ခဲယဉ်းလှပေသည်။ ဤကဲ့သို့ ကျောင်းသားများကို လက်တွေ့ဘဝတွင် ထိုသို့သားရဲရိုင်းများနှင့် တွေ့ဆုံခွင့်ပေးခြင်းက သူတို့အနာဂါတ်အတွက်ကော လက်ရှိစွမ်းရည်များအတွက်ပါ အကျိုးအမြတ်များစွာ ရသွားစေသည်။

ဘက်စ်ကားပေါ်ပြန်ထိုင်ပြီးသည်နှင့် တာ့ဇီသည် ကောင်းဖန်၏ခြေထောက်နားတွင် တိတ်ဆိတ်စွာထိုင်ရင်း ပြတင်းပေါက်အပြင်ဘက်မှ မှုန်ဝါးဝါးမြင်တွေ့နေရသည့် ပတ်ဝန်းကျင်ကို ကျင့်ရှုနေခဲ့သည်။ ပြီးခဲ့သည့်ရက်များအတွင်း တာ့ဇီ၏အပြင်ပိုင်းသွင်ပြင်သည် အနည်းငယ်သိသာမြင်သာအောင် ပြောင်းလဲလို့လာခဲ့သည်။ သို့ပေမည့် သေချာအနီးကပ်ကြည့်မိမည်ဆိုလျှင်တော့ တာ့ဇီ၏မျက်လုံးများသည်

## စာစဉ် ၁

အရင်နေ့များကထက် ပို၍ခက်ထန်လာသည်ကို တွေ့မြင်ရပေမည်။ ၎င်း၏ခြေတစ်ချောင်းချင်းစီသည်လဲ အေးစက်သည့်အလင်းရောင်များ တောက်ပနေကာ ပခုံးပတ်ဝန်းကျင်တွင်လဲ လူသတ်သမားတစ်ယောက်လိုရောင်ဝါများ ထင်ဟက်နေသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း တာ့ဇီ၏သွက်လက်မှုနှင့် ခွန်အားအပြည့်အဝကို လေ့ကျင့်ထုတ်ဖော်ခဲ့ကာ တောထဲတွင်လဲ သားရဲရိုင်းများနှင့် ထိပ်တိုက် ရင်ဆိုင်တိုက်ခိုက်ခဲ့ရခြင်းကြောင့်ဖြစ်သည်။

သူတို့ကြုံတွေ့ခဲ့ရတဲ့အန္တရာယ်အရှိဆုံးကြုံတွေ့မှုမှာ တာ့ဇီကို ကျည်ပိုးတောင်မာ တိုက်ခိုက်ခဲ့ပြီး သူ့ဦးနှောက်တွေပေါက်ထွက်လုနည်းပါးဖြစ်ချိန်ကဖြစ်သည်။ ကင်းခြေများ၏ပျော့ကွက်နေရာက ဦးခေါင်းဖြစ်ပြီး တစ်ကိုယ်လုံးတွင် အနုဆုံးအစိတ် အပိုင်းဖြစ်သည်။

တာ့ဇီ၏ဦးနှောက်နေရာက ထူပြီးမာတဲ့အခွံနဲ့ဖုံးအုပ်ထားပေမယ့် ၎င်း၏အောက်တွင်ပျက် စီးလွယ်သောဦးနှောက်ရှိသည်။ဒဏ်ရာက

ကောင်းဖန်

## စာစဉ် ၁

တဘ္ဗဇီရဲ့ဘဝကိုဆုံးရှုံးလုနီးပါးဖြစ်ခဲ့သည်။ အဆုံးမှာတော့ လုံခြုံရေးခေါင်းဆောင်ရဲ့ကိုယ်ပိုင်သားရဲနတ်ဆိုးရှိခိုးကောင်ကကျည်ပိုးတောင်မာကိုသတ်လိုက်ပြီး တဘ္ဗဇီရဲ့အသက်ကိုကယ်တင်လိုက်သည်။

ဒါကြောင့်ကောင်းဖန်ကလုံခြုံရေးခေါင်းဆောင်ရဲ့အပေါ်မှာတစ်ကြိမ် အကြွေးတင်နေပြီဖြစ်သည်။

ဒါပေမယ့်ထူးဆန်းစွာနဲ့လုံခြုံရေးခေါင်းဆောင်က ရိုးရိုးတန်းတန်းလက်ကိုဝှေ့ယမ်း လိုက်ကာ ကျေးဇူးတင်ဖို့မလိုကြောင်းကောင်းဖန်ကိုပြောလာသည်။သူကကောင်းဖန် ကို ရှုပ်ထွေးတဲ့မျက်ဝန်းတွေနဲ့ကြည့်လာပြီးနောက် လှည့်ပြီးထွက်သွားတော့သည်။

ကောင်းဖန်က တဘ္ဗဇီရဲ့ဦးခေါင်းခွံလေးကို ပွတ်သပ်လိုက်သည်။ အဲ့ဒီမှာအကွက်လေးရှိနေပြီး အဲ့တာလေးရဲ့ဘေးပတ်လည်မှာ မတူညီတဲ့အရောင်လေးတွေထွက်နေတယ်။ ၎င်းက တောက်ပပြီးအညိုဖျော့ဖျော့အခွံလေးဖြစ်သည်။ ထိုနေရာက ကျည်ပိုးတောင်မာ ထိုးဖောက်ဖို့လုပ်တဲ့နေရာဘဲ။

## စာစဉ် ၁

ပြန်ပြီးနလန်ထူနိုင်ဖို့တစ်နေ့လုံးအချိန်ယူပြီးတဲ့နောက် ဒါကကောင်းဖန်ကို ကောင်း ကောင်းကြီး တုန်လှုပ်သွား စေတယ်။ ဘယ်လိုတောင်မြန်တဲ့ နလန်ထမှုလဲ… .. ဒါကတကယ့်သားရဲစစ်စစ်ဘဲ။ ကပ်ဆိုး ကြီးမတိုင်ခင် ဒီလိုမြန်တဲ့ ပြန်ကောင်းမှုမျိုးဆိုတာ လက်တွေ့မှာစိတ်ကူးကြည့်လို့တောင်မရနိုင်ဘူး။

ဘတ်စ်ကားကကျောင်းကိုကျော်မောင်းသွားပြီးမြို့အတွင်းထဲကိုဝင်မောင်းသွားပြီး နောက်ဆုံးထိုနေရာမှာဘဲအတူတကွဆင်းခိုင်းသည်။

မုရုန်ချိုးယဲ့ကသူမရဲ့မျက်လုံးတွေကိုပွတ်သပ်လိုက်ပြီး အနက်ရောင်သားရေစာအုပ်ကို ထုတ်လိုက်ကာပြောလိုက်သည် “
ဒီကနေဆင်းသွားပြီးရင် မင်းတို့အားလုံးအိမ်ဘဲတန်းပြန် ကြနော်၊
ဘယ်မှမသွားကြနဲ့ သားရဲအပန်းဖြေဥယျာဉ်တွေ၊
အမဲလိုက်ဖို့ရှာတဲ့အိမ်တွေ၊
သေချာပေါက်သွားမလည်သင့်တဲ့သားရဲပြိုင်ပွဲတွေကိုမသွားကြနဲ့။
နောက်နာရီဝက်နေရင် ငါ
မင်းတို့အားလုံးရဲ့မိဘတွေဆီဖုန်းလှမ်းဆက်မှာနော်၊
အကယ်၍အိမ်တန်းပြန်တာမ ဟုတ်ဘဲ

## စာစဉ် ၁

အဲ့အစားခိုးပြီးအပြင်ထွက်တာငါသိလို့ကတော့ မင်းတို့ရဲ့ဖတ်စာအုပ်ကို၁၀ကြိမ် ပြန်ကူးပြီးရေးရမယ်”

“ဟုတ်ကဲ့………နားလည်ပါပြီ” ဆယ်ကျော်သက်ကောင်လေးတွေနဲ့မိန်းကလေးအုပ်စု လိုက်ကြီးက အားလျော့စွာနဲ့ပြန်ဖြေလာကြတယ်။

ကျောင်းကားပေါ်ကဆင်းလာပြီးတဲ့နောက် ထန်ချင်ကျင်းကကောင်းဖန်ဆီကိုသွားလိုက် ကာအားပါးတရပြုံးပြရင်း ပုခုံးကိုပုတ်လိုက်ပြီး “ မင်းသားရဲအပန်းဖြေဥယျာဉ်ကိုသွားချင် လား?”

“ ဟင့်အင်း, ငါအိမ်ပြန်သင့်တဲ့အချိန်ရောက်ပြီ” ကောင်းဖန်ယဉ်ကျေးစွာနဲ့ငြင်းလိုက်တယ်၊

“ ဒါပေမယ့်မင်းက…..” ထန်ချင်ကျင်းကတစ်ခုခုကိုပြောချင်နေပေမယ့် သူသတိရသွားပြီး ကိုယ့်ယို့ကားယားရယ်လိုက်ကာ သိမ်မွေ့စွာနဲ့တောင်းပန်လိုက်တယ်။

“ဒါကရပါတယ်” ကောင်းဖန်ကသူ့ခေါင်းကိုယမ်းကာပြောလိုက်ပြီး သူအဆင်ပြေကြောင်း ပြလိုက်တယ်၊ သုံးနှစ်ကြာပြီးတဲ့နောက်မှာတော့ သူတကယ့်အစစ်အမှန်ကိုလက်ခံနိုင်ပြီ ဖြစ်သည်။

# စာစဉ် ၁

သူကတစ်ချက်ကလေးထိတာနဲ့ပေါက်ထွက်တတ်တဲ့ဆယ်ကျော်သက်ကောင်လေးမဟုတ်တော့ဘူး။ သူကမိဘတွေကိုဆုံးရှုံးလိုက်ရလို့ကမ္ဘာကြီးကိုမုန်းနေပြီး တခြားလူတွေကိုမနာလိုဝန်တိုနေတဲ့သူမဟုတ်ဘူး။

အဲ့ဒီအစားသူကပုဂ္ဂိုလ်ရေးအရနာကျင်မှုတွေနဲ့အတွေ့အကြုံရှိဖူးပြီး သူ့ရဲ့ဘဝကိုတန်ဖိုး ထားတယ်။

“ အိုကေ ” ထန်ချင်ကျင်းက သူအနည်းငယ်ငြင်းခံလိုက်ရတာကိုတွေ့လိုက်ရပြီးနောက် နောက်ထပ်တစ်ခုခုထပ်ပြောချင်ပေမယ့် သူ့ရှေ့ကကောင်းဖန်ကလှည့်ထွက်သွားပြီဖြစ်သည်။သူနဲ့အတော်ဝေးနေပြီဖြစ်တဲ့ ကောင်းဖန်ရဲ့ စိတ်ဓာတ်ကျနေတဲ့ နောက်ကျော ကိုကြည့်ရင်း ထန်ချင်ကျင်းလည်း သူပြောချင်တဲ့စကားတွေကိုသာ ပြန်မျိုချရန်မှအပ ရွေးချယ်စရာမရှိပေ။

ကောင်းဖန် သူ့နှုတ်ခမ်းကိုအနည်းငယ်ဆူလိုက်ပြီး သူနှင့်အတူတာ့ဇီ ကိုဦးဆောင်ပြီး နှေးကွေးစွာသွားရင်း လူအုပ်ထဲမှပျောက်ကွယ်သွားတော့သည်။

## စာစဉ် ၁

“ကောင်းအာလေး, မင်းပြန်လာပြီပေါ့”
အန်ကယ်လျိုကဥယျာဉ်အသေးလေးထဲမှာ
အေးအေးဆေးဆေးနဲ့လမ်းလျှောက်လာကာမေးလိုက်တယ်။
သူကကောင်းဖန်နဲ့အတူ လမ်းလျှောက်လာတဲ့ တာ့ဇီကိုတွေ့လိုက်တယ်။

“ အန်ကယ်လျို” ကောင်းဖန်ကပြုံးကာခေါင်းညိတ်ပြလိုက်တယ်၊
အန်ကယ်လျိုကသူ၏ အိမ်နီးချင်းဖြစ်ပြီး
လွန်ခဲ့တဲ့၂နှစ်ကပြောင်းလာခဲ့တာဖြစ်သည်။ ထိုအချိန်တုန်းက ကောင်းဖန်
အမှောင်မိုက်ဆုံးအချိန်နဲ့တွေ့ကြုံနေရပြီး
သူ့ဘဝမှာအနာကျင်ရဆုံးအချိန်ဖြစ် သည်။
ဦးလေးလျို၏သေချာလမ်းညွှန်မှုနဲ့
သေချာစီမံကွတ်ကဲပေးမှုကြောင့်သာမဟုတ်ရင်
သူရဲ့မကြည်လင်တဲ့စိတ်တွေကို သေချာဖျောက်နိုင်မှာမဟုတ်ဘူး။

သူကြားတာတော့ ဦးလေးလျိုရဲ့သားနဲ့သမီးက
ကပ်ဆိုးကြီးပြီးတဲ့နောက်မတော်တဆမှု ဖြစ်ပြီးသေဆုံးသွားခဲ့ပြီး
သူ့ကိုတစ်ယောက်တည်းချန်ထားခဲ့ကြတယ်။ဒါကြောင့် လူကြီး နဲ့လူငယ်
တူညီတဲ့အတွေ့အကြုံတစ်ခုတည်းကိုတောင့်ခံခဲ့ကြတဲ့သူတွေဖြစ်တာေြ
ြေောင့်

# ကောင်းဖန်

## စာစဉ် ၁

အသက်အရွယ်ကွာခြားကြပေမယ့်ရင်းနှီးတဲ့သူငယ်ချင်းတွေလိုဆက်ဆံခဲ့ြ ြသည်။
ကောင်းဖန်ကအကြောင်းအရာအများစုကိုအခြားအပြင်လူတွေနဲ့မျှဝေလေ့မရှိပေမယ့် အန်ကယ်လျိုနှင့်တော့ အများစုတိုင်ပင်ဝေမျှလေ့ရှိသည်။

“အာ…ဒီကင်းခြေများပေါက်ကိုကြည့်ရတာ အရင်တစ်ခေါက်ငါပြန်လာတုန်းကထက် ပိုပြီး စွမ်းအားများလာသလိုဘဲ။ ကောင်းအာ မင်းသူ့ကိုသွေးမြင်ရမယ့်အတွေ့အကြုံကိုပွဲဦး ထွက်ယူခိုင်းလိုက်ပြီပေါ့??”

“ ဟုတ်၊ ကျနော်တို့ မြို့စွန်ကမှန်ရေကန်ဘက်ကနေပြန်လာတာ၊ အဲ့မှာသုံးရက်လောက် ကြာတယ်လေ” ကောင်းဖန်ခေါင်းညိတ်ကာပြောလိုက်သည်။

“အင်း မဆိုးပါဘူး၊ ဒီကင်းခြေများရဲ့ပုံစံက အခြားကိုယ်ပိုင်ခွေးတွေကြောင်တွေလိုသားရဲ မျိုးမဟုတ်ဘူး။သဘာဝတရားထဲမှာကိုက တိုက်ပွဲဝင်ပြီး အသက်ရှင်ရမယ့် ကိုယ်ပိုင်သားရဲ မျိုး ; ဆိုတော့

## စာစဉ် ၁

မကြာခဏသွေးမြင်ရဖို့အတွေ့အကြုံရှိကိုရှိရမှာ” အန်ကယ်လျိုက ခဏ လောက်ရပ်သွားပြီးနောက်ဆက်ပြောလာတယ် ၊

“ ပြီးတော့ဒီသားရဲပေါက်ကိုပျိုးထောင်ဖို့ ဆိုတာ တော်တော်လေးကောင်းတယ်၊ နောက်ဆုံးတော့ ဒါကသာမန်အဆင့်သားရဲတစ် ကောင်ဘဲလေ။ ပထမဆုံးကိုယ်ပိုင်သားရဲတစ်ကောင်ကို သေသေချာချာဂရုတစိုက်နဲ့ရွေးသင့်တယ်။ မင်း စိတ်မရှိဘူးဆိုရင် ငါ မင်းကိုအတော်အသင့်ကောင်းတဲ့နောက်ထပ်ကိုယ်ပိုင် သားရဲ နှစ်ကောင်ကို အဆင့်မြှင့်ဖို့ပေးမယ်လေ။” ဦးလေးလျိုက သူပြောပြီးတဲ့အခါမှာပြုံးပြလိုက် တယ်။

***

# စာစဉ် ၁

## *အခန်း ၁၄ ပထမဆုံးသောကိုယ်ပိုင်သားရဲ*

"အမ်?" ကောင်းဖန် အေးခဲသွားကာ ချက်ချင်းပင် ခေါင်းခါလိုက်သည်။ "ဦးလေးရဲ့ကြင်နာမှုအတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် တာ့ဇီက ကျွန်တော့်မိဘတွေ ထားခဲ့တဲ့ကောင်လေးဖြစ်သလို ကျွန်တော့်နားမှာ နေတာ သုံးနှစ်တောင်ရှိနေပါပြီ။ သူ့ကိုပဲ ကျွန်တော့်ရဲ့ ပထမဆုံးကိုယ်ပိုင်သားရဲအဖြစ်ထားဖို့ ဆုံးဖြတ်ပြီးသားပါ။"

ဦးလေးလျို အံ့အားသင့်သွားပုံရသည်။ ကောင်းဖန်၏ခြေထောက်ဘေးတွင် ရပ်နေသည့် တာ့ဇီကလဲ ဦးလေးလျို၏စကားများကို နားလည်နေသလိုပင်။ သူက ဦးလေးလျိုကို စိတ်အနှောက်အယှက်ဖြစ်သလို တရှူးရှူးအော်နေကာ လက်သည်းများကိုလဲ ထုတ်ဖော်နေသည်။

## စာစဉ် ၁

"တော်တော့၊ တော်လောက်ပြီ။" ကောင်းဖန်တားမြစ်လိုက်သည်။ တဲ့ဇီကလဲ သူ့ပိုင်ရှင်ကို စိတ်မကောင်းဖြစ်နေသည့် အကြည့်များဖြင့် ပြန်ကြည့်လာကာ ဦးလေးလျိုကို သဘောမကျမလိုလားကြောင်းပြဖို့ရန် ကောင်းဖန်ဘေးတွင် ဦးလေးလျိုအား နောက်ကျောပေးကာ လဲလျောင်းလိုက်သည်။

ဦးလေးလျိုနှင့် စကားဆက်ပြောပြီးနောက် ကုနင်း တဲ့ဇီကို ခေါ်ကာ အပေါ်ထပ်သို့ ပြန်လာခဲ့သည်။ တံခါးရှေ့ရောက်သည်နှင့် ကဒ်သော့ကို ထုတ်ကာ ဆွဲချလိုက်ပြီးနောက် 'ဘိ'ဆိုသည့် အသံတစ်ချက်မြည်ကာ တံခါးက ပွင့်လာခဲ့သည်။

ကောင်းဖန်၏နောက်ကျောကို တစ်ချက်ကြည့်ကာ တဲ့ဇီကိုလဲ ကြည့်လိုက်ရင်း ဦးလေးလျိုသက်ပြင်းသာချလိုက်တော့သည်။ ဒါကြောင့်ပဲ

# စာစဉ် ၁

ခရမ်းရင့်ရောင်ကျောပြင်နဲ့ အဝါရောင်ခြေချောင်းရှိတဲ့ ကင်းခြေများဖြစ်နေတာပေါ့၊ ပြီးတော့ သူ့မှာက စိတ်ဝိညာဉ်အခန်းတွေအများကြီးပါတာမဟုတ်ဘူး။ အမ်… ငါအဘိုးကြီးကျန်းကို ပြောပြလိုက်သင့်လား?

အတော်ကြာ တုန့်ဆိုင်းနေပြီးနောက် ဦးလေးလျိုထပ်ပြီး သက်ပြင်းချလိုက်ပြန်သည်။ ရှေးအယူအဆရှိတဲ့လူတွေက တစ်နည်းနည်းနဲ့ခေါင်းမာကြတာပဲ။ ရှောင်ဖန် စာချုပ်ချုပ်ပြီးတဲ့အထိ ငါစောင့်လိုက်ပါဦးမယ်။

ကောင်းဖန် ဒုတိယထပ်ကို ဖြတ်လာချိန်တွင် တစ်ခုခုက နံရံကိုပွတ်တိုက်နေသည့်အသံကို ကောင်းဖန်ကြားလိုက်ရသည်။ ထို့နောက် မီးခိုးရောင်အရိပ်တစ်ခုက လှေကားထစ်နားရှိ ပြတင်းပေါက်မှနေပြီး ခေါင်းပြူထွက်ကာ သူ့ကို လျှို့ဝှက်စောင့်ကြည့်နေသည်ကို တွေ့လိုက်ရသည်။ တာ့ဇီက

## စာစဉ် ၁

စိတ်မရှည်စွာဖြင့် မာန်ဖီပြလိုက်ကာမှ ထိုမီးခိုးရောင်အရိပ်လဲ ချက်ချင်းပျောက်ကွယ်သွားတော့သည်။

အိမ်ထဲသို့ဝင်ပြီးနောက်တွင်တော့ ကောင်းဖန် တံခါးကိုပြန်ပိတ်ကာ ကျောင်းလွယ်အိတ်ကိုချပြီး မီးခိုးခန်းထဲသို့ဝင်ခဲ့သည်။

သွေးစာချုပ်ချုပ်ဆိုရာတွင် လူသစ်ကလေးများအနေဖြင့် သူတို့၏ ဘယ်ဘက်လက်သူကြွယ်၏ အလယ်လောက်မှ သွေးတစ်စက်လောက် ဖောက်ထုတ်ရမည်ဖြစ်သည်။ လက်သူကြွယ်ဆုံးရှုံးထားသည့်လူကတော့ အကျိုးသက်ရောက်မှုတူသည့် နှလုံးသွေးကို အသုံးပြုရပေမည်။

ကောင်းဖန် သူ့အိမ်ပြန်လမ်းတွင် ဝယ်လာခဲ့သည့် ဆေးဖန်ပုလင်းတစ်လုံးကို ညာလက်ဖြင့်ကိုင်ထားသည်။ထို့နောက် ပန်းကန်လုံးတစ်လုံးထဲသို့ အရက်ပြန်ကို လောင်းထည့်ကာ

## စာစဉ် ၁

ဂွမ်းလုံးတစ်လုံးနှင့် အရက်ပြန်စွပ်လိုက်ပြီးနောက် အရင်ဆုံး သွေးဖောက်မည့်ခါးကို အရက်ပြန်ထဲနှစ်လိုက်ပြီးကာမှ သုတ်လိုက်သည်။

ခါး၏အဆုံးဖက်က ငွေရောင်မတောက်လာခင်အထိ အရက်ပြန်နှင့် ဖိသုတ်ခြင်းကို ကောင်းဖန် မရပ်တန့်ခဲ့ပေ။

ခါးသွေးကျောက်နှင့်တိုက်၍လဲ ခါးကိုထက်ရှအောင်လုပ်ကာ ရေလောင်းချပြီး ငွေရောင်တစ်လက်လက်တောက်ပလာသည်အထိ ဆက်လက်ပွတ်တိုက်နေသည်။ နောက်ဆုံး ထိုခါးကိုထောင်လိုက်လျှင်ပင် သူ့မျက်နှာသူပြန်မြင်ရကာမှ ရပ်သွားတော့သည်။

ထိုတော့မှ ကောင်းဖန် စိတ်ချသွားဟန်ဖြင့် သက်ပြင်းတစ်ချက်ချလိုက်သည်။ သူဒီလောက် အချိန်အကြာကြီးဆွဲကာ ပြင်ဆင်နေရသည်က

စာစဥ် ၁

နာမည်ကိုကြောက်သလို မေးခိုင်ပိုးဝင်မည်ကိုလဲ စိုးရိမ်တာကြောင့်ဖြစ်သည်။ ဒီဓါးကို ဝက်ခြေထောက်ဖြတ်ရာတွင်လဲ သုံးထားတာကြောင့် သေချာပေါက် ပိုးမွှားများကပ်ညိနေပေလိမ့်မည်။

ထို့နောက် အံတင်းတင်းကြိတ်ကာ သူ၏ညာဘက်လက်သူကြွယ်ထက်သို့ ဓါးအစွန်းကို ခပ်ပေါ့ပေါ့လေး လှီးဖြတ်လိုက်တော့သည်။

ဓါးရာမှာ ဆံတစ်မျှင်လောက်သာရှိပြီး ထိုဒဏ်ရာမှနေပြီး ကမ္ဘာမြေကြီး၏ဆွဲငင်အားကြောင့် သွေးနီနီးတစ်စက် စီးကျလာသည်။

“တော့ဇီ၊ ဒီကိုလာခဲ့ဦး!” ကောင်းဖန် ချက်ချင်းပင် အော်ခေါ်လိုက်သည်။

## စာစဉ် ၁

တန့်…တန့်..တန့်! ညွှေ့ခန်းမှနေပြီး သံမဏိပြားတစ်ပြားကို လက်သည်းနှင့် တောက်နေသလိုမျိုး အသံများအဆက်မပြတ်ထွက်ပေါ်လာသည်။

ကောင်းဖန် မျက်လုံးကို စုံမှိတ်ကာ တဇ္ဇဲခေါင်းပေါ်သို့ သူ့လက်သူကြွယ်ကို တင်ရင်း သွေးစာချုပ်ကို ရွတ်ဆိုလိုက်သည်။ သူ့မျက်လုံးများမှိတ်လိုက်သည်နှင့် အရာအလားလုံး မှောင်မိုက်သွားခဲ့သည်။ သို့ပေမည့် တဇ္ဇဲပေါ်သို့ သူ့လက်ချောင်းတင်လိုက်ချိန်တွင်တော့ နှလုံးသားထဲသို့ အေးစက်သည့် ထိရှမှုလေးတစ်ခု တိုးဝှေ့လာသလို ခံစားလိုက်ရသည်။

မမြင်နိုင်သည့် ကမ္ဘာကြီးတစ်ခုတည်းတွင် ကောင်းဖန် ဆူညံသံအချို့ကို ကြားလာရသည်။ လူပေါင်းထောင်ချီက

# စာစဉ် ၁

သူ့ဘေးတွင် ညည်းညူပြောဆိုနေသည့်အလား ရှင်းလင်းပြတ်သားသော်လည်း ရှုပ်ထွေးလို့နေပြန်သည်။

*ဗိုက်ဆာတယ်....*

*ဘာလို့ ညစာစားချိန်မရောက်သေးတာလဲ....*

*သခင်ဆိုးကြီး၊ ငါ့ကို အစာငတ်ထားတော့မလို့လားပဲ?*

*ဗိုက်ဆာလိုက်တာ...*

သူကြားရသမျှမှာ အတွေးများဖြစ်ကာ အလားလုံး ရိုးရှင်းလှသည်။

ဒါတွေက တာ့ဇီရဲ့အတွေးတွေလား? ငါ တာ့ဇီနဲ့စိတ်ချင်းဆက်သွယ်သွားပြီလား?

*တာ့ဇီ?* ကောင်းဖန် အတွေးဖြင့် ပို့လွှတ်ရန် ကြိုးစားကြည့်သည်။

# စာစဉ် ၁

အမ်? အစောက ဆူညံလှသည့်အသံများမှာ ချက်ချင်းပျောက်ကွယ်လို့သွားပြီး စုပေါင်းထားသည့် အတွေးတစ်ခုသာ ကျန်ရှိခဲ့သည်။ *မင်းဘယ်သူလဲ?*

သားရဲလေ့ကျင့်သူတွေနဲ့ သူတို့ရဲ့ကိုယ်ပိုင်သားရဲတွေက အချင်းချင်း စိတ်ချင်းဆက်သွယ်နိုင်ကြလို့ ကိုယ်ပိုင်သားရဲတွေကို ရှုပ်ထွေးတဲ့ လုပ်ဆောင်ချက်တွေ ညွှန်ကြားခိုင်းစေလို့ရနေတာပေါ့။ ဒါကြောင့်ပေါ့။

ဒါပေမယ့် အခုက စကားစမြည်ပြောနေဖို့ အချိန်မဟုတ်သေးပေ။ ကောင်းဖန် တဲ့ဇီကိုမြန်မြန်လေးမေးလိုက်သည်။ *ငါမင်းနဲ့ သွေးစာချုပ်ချုပ်ချင်တယ်။ မင်းငါ့ရဲ့တွဲဖက်အဖြစ် လက်ခံချင်လား?*

# ကောင်းဖန်

## စာစဉ် ၁

မဲမှောင်နေသည့် စိတ်ဝိညာဉ်စက်ကွင်းထဲတွင်

သွေးနီစက်မှနေပြီး ဆက်နွယ်စာချုပ်တစ်ခုပေါ်လာကာ

ရွှေမီးလျှံများ တောက်လောင်လာခဲ့သည်။

အတုံးဆုံးဖြစ်တဲ့သတ္တဝါတောင်ဒီဆက်နွယ်စာချုပ်အကြောင်းတစ်ြ
ြမ်တည်းနဲ့နားလည်
နိုင်တယ်။ထို့နောက်ကောင်းဖန်ထိုစာချုပ်လောင်ကျွမ်းသွားတာကိုမြင်လို
က်ပြီး ထိုနက်နဲစွာ
ပျက်ပြယ်နေတဲ့အရာဆီကိုဖြေးညင်းစွာရွေ့လျားသွားတော့သည်၊ ဒါက
သူတို့ရဲ့ ဆက်နွယ် စာချုပ်ကိုအောင်မြင်စွာနဲ့ချုပ်နိုင်ကြောင်းပြနေသည်။

တုံ့ဆိုင်းခြင်းမရှိဘဲ တာ့ဇီက
ကောင်းဖန်ကိုအမှန်တကယ်ယုံကြည်သည်၊ သူကစာချုပ်ကို
တိုက်ရိုက်လက်ခံလိုက်ကြောင်း လက္ခဏာပြသည်။

နွေးထွေးတဲ့အသိတစ်ခု ကောင်းဖန်၏
နှလုံးသားအောက်ခြေတွင်ဖြစ်ပေါ်လာသည်ကို အာရုံခံစားမိသည်။

စာစဉ် ၁

သူ့လက်ချောင်းကိုဖယ်လိုက်ကာ မျက်လုံးကိုဖွင့်လိုက်သည်။ မကြာခင်မှာဘဲ တာ့ဇီရဲ့ အသံကသူ့ခေါင်းထဲမှာထပ်ကြားလာတယ် *ဗိုက်ဆာတယ်…ဗိုက်ဆာတယ်!!*

တာ့ဇီသူ့သွားတွေကိုဖြဲပြကာ ချွန်ထက်တဲ့အစွယ်တွေကိုပြလိုက်ပြီး ကောင်းဖန်ကိုကြည့် နေသည်။ သူ့ရဲ့ဦးမျှင်နှစ်ခုက လေထဲမှာဆက်လွင့်နေတယ်။

ကောင်းဖန်ရဲ့အေးစက်တဲ့မျက်နှာပေါ်မှာ နွေးထွေးတဲ့အပြုံးတစ်ခုပေါ်လာတော့သည်၊ "ဟုတ်ပြီ ညစာသွားစားကြရအောင်"

ထို့နောက်သူလှည့်ထွက်လိုက်ပြီး ရေခဲသေတ္တာထဲက မုန်လာဥဖြူ၊ ပန်းသီးနဲ့ အေးဆက်နေ တဲ့ဝက်သားကိုထုတ်ယူလိုက်သည်။

သူကအသီးအရွက်တွေကိုဆေးကြောလိုက်ပြီး အိုးအတွင်းက ဆူပွက်နေတဲ့ရေထဲကို ထည့် လိုက်သည်၊ ကောင်းဖန်တစ်ယောက်မီးဖိုချောင်ထဲမှာအလုပ်ရှုပ်နေတော့သည်။

အချိန်တိုလေးအတွင်းမှာဘဲ ရောကျော်သောင်းပြောင်းကျော်လှော်ထားတဲ့ဟင်းက အဆင်

## စာစဉ် ၁

သင့်ဖြစ်နေပြီဖြစ်သည်။သူကစတီးပန်ကန်ပြားတစ်ချက်ကိုပြင်ဆင်ပြီးနေ ာက် မွှေးပျံ့တဲ့ အနံ့ကိုပေးလိုက်သည်။

ခဲနေတဲ့ဝက်သားအစိတ်အပိုင်းလေးတွေကိုဆူပွက်ဖို့ အချိန်တော်တော်လိုအပ်သည် ထို့ကြောင့် စတီးပန်းကန်ထဲကဝက်သားကတော့ အလယ်အလတ် ကျက်ရုံမျှသာဖြစ်သည်၊ ကောင်းဖန် အဲ့ဒါကိုနည်းနည်းအပူပေးလိုက်ပြီး အရင်ကိစ္စတုန်းကအေးနေတဲ့အသား ကြောင့်တာ့ဇီ နေမကောင်းဖြစ်သွားသေးသည်။အစားအစာကသင့်တော်တဲ့အပူချိန် လောက်မှာရှိရင်အဆင်ပြေသည်။

*အရသာရှိတယ်....အရသာရှိတယ်!!* တာ့ဇီက အစားအသောက်ကြောင့်ပျော်နေတော့ သည်။ တစ်ခါတစ်ရံ သူ့ဦးခေါင်းကိုမြှင့်ကာ ကောင်းဖန်ကို တိတ်တဆိတ် ကြည့်တတ်သေး သည်။

ကောင်းဖန်က သူ့အတွက်တော့ ခေါက်ဆွဲစွပ်ပြုတ်အနည်းငယ်ကိုလုပ်လိုက်သည်၊ ကြက်သွန်နီအနည်းငယ်လှီးလိုက်ကာ ထည့်လိုက်တော့

## စာစဉ် ၁

အရသာရှိစေတဲ့အနံ့က မီးဖိုချောင်ထဲကလေထဲ တွင်လွင့်ပျံ့လာတော့သည်။

ရုတ်တရက်တာ့ဇီက စားနေတာကိုရပ်လိုက်သည်။ သူက ကောင်းဖန်ရဲ့အံ့ဩစရာကောင်း တဲ့စွပ်ပြုတ်ကို စိုက်ကြည့်နေတော့သည်။

ကောင်းဖန်သူ့နှုတ်ခမ်းတွေကိုတွန့်လိုက်ပြီး အရှက်မရှိစွာနဲ့ပတ်လာလိုက်ကာ သူ၏ခေါက် ဆွဲကိုစားရန်ပြင်ဆင်တော့သည်။ သူ ကြမ်းပြင်ပေါ်က လျှောက်လာတဲ့ခြေသံကိုကြား လိုက်သည်။

ထို့နောက် ခရမ်းရောင်ပုံရိပ်တစ်ခုကသူ့ရှေ့တွင် လာလှဲပြီး စိတ်အားထက်သန်စွာနဲ့ ကြည့်နေတော့သည်။

“ ဟေး…မင်းက ကင်းခြေများနော်”

ကောင်းဖန်ရွှဲ့စောင်းကာပြောလိုက်သည်။

ဟစ်ဇ်!!!တာ့ဇီကရှူးနှမ်းခြင်းတွေအပြည့်နဲ့ သူ့ရဲ့ခြေချောင်းတွေကိုရမ်းလိုက်ပြီး သွားတွေ ကိုဖြဲပြကာ ကောင်းဖန်ကို ဆက်လက်ခြိမ်းခြောက်နေတော့သည်။ ကောင်းဖန် သူလုပ်တာ တွေကငြင်းပယ်ခံနေရတာဘဲ ။

# ကောင်းဖန်

## စာစဉ် ၁

“ ဟုတ်ပြီ ဟုတ်ပြီ ဒီမှာရော့၊ မင်းနေမကောင်းဖြစ်တဲ့အချိန်ကျမှ ငါ့ကိုစိတ်ညစ်အောင် လာမလုပ်နဲ့” ကောင်းဖန်စူအောင့်သွားတော့သည်။ သူကပန်းကန်လုံးကိုကြမ်းပြင်ပေါ်သို့ချ လိုက်သည်။

တာ့ဇီက ဘာမှတုံ့ပြန်မလာဘူး၊ တာ့ဇီကဒင်းတို့ကိုခုန်အုပ်ကာ ဝံပုလွေလို အငမ်းမရစား နေတော့သည်။ ကောင်းဖန် သူ့ခန္ဓာကိုယ်မှာအဆက်မပြတ် ပျော်ရွှင်မှုတွေဖြတ်စီးသွား တော့သည်။

နောက်ထပ် သူ့အတွက်ခေါက်ဆွဲတစ်ပန်းကန်လုပ်ပြီးတဲ့နောက် ကောင်းဖန်တုံ့ဆိုင်းစွာနဲ့ တာ့ဇီရဲ့အဆင့်တက်လာဖို့အတွက် စတင်စဉ်းစားတော့သည်။

တာ့ဇီရဲ့ ယခုအဆင့်ကို ထိပ်တန်းအဆင့်ထိရောက်အောင်မြှင့်တင်ရန် နှစ်၁၀၀ကြာ လျှပ်ရိုက်ခြင်းခံရတဲ့သစ်သားတွေ၊ အဆင့်၁၀အထက် လျှပ်စီးသားရဲ့သလင်း အမြုတေနဲ့ အလင်းကာမြက်ရဲ့ရိုးတံတို့လိုအပ်သည်။

# စာစဉ် ၁

ဒီထဲမှာဈေးအကြီးဆုံးကတော့ သားရဲသလင်းအမြုတေဘဲ၊ အဆင့်၁ကနေ၁၀ထိက သာမန် အဆင့်သားရဲတွေဖြစ်ပေမယ့် အဆင့်၁၁ကနေ၂၀ထိက(ထိပ်တန်းအဆင့်) သားရဲ တွေဖြစ်ကြသည်။

ဒါ့အပြင်သားရဲက လျှပ်စီးလည်းလိုအပ်သေးသည်။ အများအားဖြင့် ပင်ကိုအရည်အချင်း များမှာ ရွှေ၊ သစ်သား၊ ရေ၊ မီး၊ မြေကြီး,ထိုအရာတွေက စွမ်းအင်ငါးမျိုးကအလွန် အရေး ပါပြီး အများအားဖြင့်မြင်တွေ့နိုင်သည့် စွမ်းအားများဖြစ်သည်၊ ဒါပေမယ့်လျှပ်စီးသားရဲအမျိုး အစားသားရဲများကရှာဖွေရခက်ပြီး ရှားပါးတယ်လို့မှတ်ယူနိုင်သည်။

အနိမ့်ဆုံးဈေးပင်လျှင် မဟာမိတ်ငွေကြေး၁၀မှတ်ပင်ဖြစ်ပြီး ဒါကအတူနေဖို့ ကိုယ်ပိုင်သားရဲဝယ်ဖို့ပင်လုံ လောက်နေပြီဖြစ်သည်။

အလင်းကာမြက်သည် ထူးခြားတဲ့အပင်ဖြစ်ပြီး ယင်းချီ အကောင်းဆုံးနတ်ဆိုးတွေနဲ့စုစည်း ထားတဲ့ဧရိယာတွင်ကြီးထွားကြသည်။ အထူးအဖြင့် ထိုနတ်ဆိုးများ၏ဧရိယာသည် သန်မာပြီး အလင်းကာသည့်နေရာကိုကြိုက်သော သားရဲများကိုဆွဲဆောင်သည်၊

ထို့ကြောင့် ဒါကအလင်းကာမြက်ကိုကောက်ယူဖို့အတွက် တကယ့်ကိုစိန်ခေါ်မှုကြီး တစ်ရပ်ဖြစ်နေတော့သည်။

ကောင်းဖန်ကငင်း၏ဈေးကိုမေးမြန်းကြည့်တော့ ရိုးတံတစ်ခုအတွက် မဟာမိတ်ဒေါ်လာ ငွေ၂၀၀ဖြစ်ပြီး ရိုးတံ၁၀ခုအတွက် မဟာမိတ်ဒေါ်လာငွေ၂၀၀၀ဖြစ်သည်။ ဒါပေမယ့်ဒီဈေး ကသိသိသာသာကိုအရမ်းမြင့်လွန်းသည်။ အမခတ်(ယင်)၊ အမှောင်နှင့်အလောင်းကောင် သားရဲများအတွက်တန်ဖိုးရှိတဲ့အစားအစာအဖြစ်တည်ခင်းမှုမှအပ အလင်းကာမြက်ကို သိပ်ပြီးအသုံးမပြုကြသောကြောင့် သူကတစ်ချိန်ထဲတွင် အလင်းကာမြက်ရိုးတံ၁၀ချောင်းကိုဝယ်မည်ဆိုပါက နှစ်ဦးနှစ်ဖက် ငွေကြေးညှိနှိုင်းနိုင်သည်။

ဈေးအပေါ်ဆုံးပစ္စည်းမှာ နှစ်၁၀၀ကြာလျှပ်ရိုက်ခံရသည့်သစ်သားဖြစ်သည်၊ ဒါက သစ်ပင်တစ်ပင်အနည်းဆုံးနှစ်၁၀၀အသက်ရှင်ရန်မလိုအပ်သော်လည်း တစ်စုံတစ်ခုက ဂျင်ဆင်းကဲ့သို့ ဆေးအကျိုးသက်ရောက်မှုကိုစီမံပေးပြီး သာမန်ပတ်ဝန်းကျင်တွင်ဘဲ နှစ်ပေါင်းတစ်ရာကြီးထွား လာစေသည့်အရာတစ်ခုဖြစ်သည်။

# ကောင်းဖန်

## စာစဉ် ၁

***

## စာစဉ် ၁

## *အခန်း ၁၅ သားရဲပျိုးထောင်သူအဖြစ် မှတ်ပုံတင်ခြင်း*

လွန်ခဲ့သည့် ကောင်းဖန်၏မိဘများ မတော်တဆမှုဖြစ်ခဲ့ပြီးသည့်အချိန်တုန်းက အစိုးရဘက်မှနေပြီး လျော်ကြေးငွေများစွာ ပေးခဲ့ဖူးသည်။ ထိုအချိန်တုန်းက ကပ်ဘေးကြောင့် ဒုက္ခရောက်ခဲ့ရသည့်လူတိုင်းကို တစ်ဦးလျှင် မဟာမိတ်ငွေကြေး၁ဂမှတ်စီ ပင်စင်သဘောမျိုးဖြင့် ပေးခဲ့ခြင်းဖြစ်သည်။

မဟာမိတ်ငွေကြေး၁မှတ်လျှင် မဟာမိတ်ဒေါ်လာ၁သိန်းနှင့် ညီမျှသည်။ ထိုပမာဏမှာ သိပ်မများသလို ထင်ရပေမည့် ကပ်ဘေးအန္တရာယ်ကြောင့် ကနဦးကာလအတွင်း မတော်တဆမှုများနှင့် ကြုံတွေ့ခဲ့ရသူများအတွက်တော့

## စာစဉ် ၁

အလွှန်များပြားလှသည့် ငွေပမာဏဖြစ်ကာ ကြောက်စရာကောင်းလောက်အောင် ကုန်ကျခဲ့ပေသည်။

အစပိုင်းတွင်တော့ ထိုသို့ပင်စင်ပေးမှုများကို ပေးလိုသည်မှာ တရုတ်တစ်နိုင်ငံတည်းသာရှိခဲ့သည်။ ထိုကြောင့်ပဲ တရုတ်နိုင်ငံသည် ကပ်ဘေးဒုက္ခရင်ဆိုင်ရပြီးနောက် ရာဇဝတ်မှုဖြစ်ပွားမှုအနိမ့်ဆုံး နိုင်ငံဖြစ်လာကာ
အစိုးရ၏ပြန်လည်ထူထောင်ရေးအစီအစဉ်များကိုလဲ အများစုက ထောက်ခံပေးခဲ့ကြသည်။

ထိုဖြစ်ရပ်သည် အနောက်နိုင်ငံများစွာကို အံ့အားသင့်စေခဲ့ကာ တရုတ်ကို နမူနာယူကာ စတင်လုပ်ဆောင်လာစေခဲ့သည်။ မဟာမိတ်ငွေကြေးများက လူအများစုကို သက်သောင့်သက်သာနှင့် ရှင်သန်နေထိုင်၍ရနိုင်သည်အထိ မဖြစ်စေခဲ့သော်လည်း

## စာစဉ် ၁

အနည်းဆုံးတော့ အသက်ရှင်စေနိုင်ခဲ့ကာ ဘဝကြီးအဆုံးသတ်သွားသည့် အခြေအနေသို့ မရောက်ရှိခဲ့ပေ။

ကောင်းဖန်သည် အစိုးရဘက်က လျော်ကြေးအဖြစ်ပေးထားသည့် မဟာမိတ်ငွေကြေးအမှတ် ၂၀ကို အသုံးပြုပြီးပြီဖြစ်ကာ အခုတော့ ၁၁မှတ်သာကျန်ပေတော့သည်။ အကယ်၍ သူသာချွေချွေတာတာအသုံးပြုသွားပါက တာ့ဇီကို အဆင့်မြှင့်တင်ပေးရန် လိုအပ်သည့် ပစ္စည်းများကို ဝယ်ဖို့တော့ တတ်နိုင်ဦးမည်ဖြစ်သည်။

ဒါပေမယ့် တကယ်တမ်း တွက်ချက်ထားတဲ့အတိုင်း တရားသေတော့ဖြစ်လာမည်မဟုတ်ပေ။ သူသာ ငွေအားလုံးကို သုံးပစ်လိုက်ပါက သူ၏နေ့ထိုင်စားရိတ်များ၊ ရေဖိုးမီးဖိုးများကို ဘာနဲ့ဆက်ပေးရတော့မလဲ? ထို့အတွက်ကြောင့် ကောင်းဖန်

## စာစဉ် ၁

ချက်ချင်းလက်ငင်း အဆင့်မြှင့်ဖို့ရန် လိုအပ်သည့်ပစ္စည်းများကို ဝယ်ဖို့ရန် ဈေးသို့ မသွားခဲ့ခြင်းဖြစ်သည်။

သို့သော်လဲ ဒါတွေက အရင်အချိန်က ကောင်းဖန်၏ စိုးရိမ်မှုများသာဖြစ်သည်။ ဆင်ခြေဖုံးတောအုပ်ဘက်သို့ ခရီးထွက်ခဲ့ပြီးနောက်တွင်တော့ သူ၏ငွေများကို ပို၍လွယ်လွယ်ကူကူ သုံးနိုင်ပေတော့မည်။

အရင်ရက်များအတွင်း တာ့ဇီသည် ဆက်တိုက်ဆိုသလို သားရဲများဖြင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ရကာ အချို့ကို အနိုင်ယူနိုင်ခဲ့သည်။ အိမ်ပြန်သည့်လမ်းတွင်ပဲ ထိုသားရဲအသေကောင်များကို သုံးသပ်ချက်ကောင်းကောင်းရထားသည့် ဆိုင်တစ်ဆိုင်တွင် ကောင်းဖန် ဝင်ရောက်ရောင်းချခဲ့ရာ စုစုပေါင်း မဟာမိတ်ငွေကြေး၂မှတ် ရရှိခဲ့ပေသည်။

## စာစဉ် ၁

ထိုပမာဏက နှစ်ဝက်စာ နေထိုင်စားသောက်စားရိတ်အတွက်တော့ လုံလောက်ပေမည်။

အခုချိန်တွင် ကမ္ဘာပေါ်၌ အမြတ်အစွန်းအများဆုံးရသည့် အလုပ်ကတော့ သားရဲလေ့ကျင့်သူတစ်ယောက်၏ အလုပ်အကိုင်ဖြစ်သည်။ ကျွမ်းကျင်အဆင့်သို့ရောက်အောင် ထိန်းသိမ်းဖို့ရန်က ငွေကုန်ကြေးကျမြင့်မားပေမည့် ငွေမြန်မြန်ဆန်ဆန် ပြရပေလိမ့်မည်။ အကယ်၍ကံကောင်းခဲ့လျှင်တော့ တောထဲတွင် အံ့ဖွယ်သားရဲရိုင်းရတနာအချို့ကို ရှာတွေ့ကာ ချက်ချင်းလက်ငင်း သူကြွယ်ဘဝသို့ရောက်သွားဖို့ရန်မှာ မဖြစ်နိုင်သည့် အရာတော့မဟုတ်ပေ။

တစ်ခုတည်းသော အားနည်းချက်သည်က သားရဲရိုင်းများကို အမြဲလိုက်ခြင်းသည် အန္တရာယ်ကြီးမားတာပင်ဖြစ်သည်။

# ကောင်းဖန်

## စာစဉ် ၁

အကယ်၍များ ကံမကောင်းဘဲ အဆင့်အရမ်းမြင့်သည့်
သားရဲနှင့်ကြုံဆုံခဲ့ပါက အသက်ရှင်ရက်ပြန်လာနိုင်ဖို့မှာ
ကံကြမ္မာနှင့်သာ သက်ဆိုင်တော့သည်။

သို့သော်လည်း တိုက်ပွဲဝင်
သားရဲလေ့ကျင့်သူတစ်ယောက်ဖြစ်ဖို့ရန်
စိတ်ကိုကြိုတင်ပြင်ဆင်ထားပြီးသားသူသည်တော့
ထိုသို့အန္တရာယ်များကို အနေးနှင့်အမြန်သေချာပေါက်
ရင်ဆိုင်ကြရမည်သာ။ အိပ်ရာပေါ်တွင် လှဲအိပ်နေရုံနဲ့ကတော့
ဘယ်သူကမှ ချမ်းသာကြွယ်ဝကာ
ခွန်အားတိုးပွားလာလိမ့်မည်မဟုတ်ပေ။

ကောင်းဖန် ဆိုဖာပေါ်တွင် ထိုင်နေရင်း ဘေးတင်လဲ တဲ့ဇီက
လှဲနေတာကြောင့် တီဗီဖွင့်လိုက်ကာ ရုပ်သံလိုင်းများစွာကို
တစ်ခုပြီးတစ်ခုပြောင်းနေခဲ့သည်။

# စာစဉ် ၁

လက်ရှိအချိန်တွင် ရုပ်သံလိုင်းအများစုသည် ကိုယ်ပိုင်သားရဲများနှင့်ပတ်သတ်သည်များသာဖြစ်သည်။ အကယ်၍များ ကိုယ်ပိုင်သားရဲများနှင့်ပတ်သတ်သည့် သတင်းများများစားစားမရှိပါက သားရဲပိုင်ရှင်အကြောင်း အချက်အလက်များကို ထည့်သွင်းဖော်ပြပေလိမ့်မည်။ လွန်ခဲ့သည့်သုံးနှစ်က ဖြစ်ပေါ်ခဲ့သည့် ကြီးမားလှသော ပြောင်းလဲမှုကြီးက လူသားများ၏လိုက်လျောညီထွေမှုရှိခြင်းအတွက် အကောင်းဆုံးစမ်းသပ်မှုတစ်ခုဖြစ်သွားခဲ့သည်။

"ဟဲလို၊ အားလုံးပဲ၊ 'ကျန်းနန်သားရဲဘုရင်' အစီအစဉ်ကနေ ပြန်လည်ကြိုဆိုလိုက်ပါတယ်။ ကျွန်တော်ကတော့ အစီအစဉ်တင်ဆက်သူ ကျူးတကျန်းပါ။"

## စာစဉ် ၁

အစီအစဉ်တင်ဆက်ရာနေရာသည်က ပြင်ပစင်တစ်ခုတွင်ဖြစ်ကာ ပြိုင်ပွဲဝင်အတွဲပေါင်း ၁၀တွဲပါဝင်ပြီး လူတိုင်း ခါးတွင် သူတို့၏နံပါတ်စဉ်များကို ချိတ်ဆွဲထားသည်။

ပြိုင်ပွဲဝင်တိုင်း၏ မျက်နှာချင်းဆိုင်တွင်တော့ မတူညီသည့်သားရဲများပါရှိသော သတ္တုလှောင်အိမ်တစ်လုံးစီရှိသည်။

အဆိုပါ သားရဲအားလုံးမှာ ဂဏာမငြိမ်ဖြစ်နေကြကာ အချို့ဆိုလျှင် လှောင်အိမ်ထဲမှ ရုန်းထွက်နေပြီး အချို့သည်ကတော့ ကြောက်စရာကောင်းလောက်အောင် မာန်ဖီနေကြသည်။ သူတို့ထဲမှအဆိုးဆုံးသည်ကတော့ ခြင်္သေ့နှင့်တူသည့် အကျွမ်းဝင်ကောင်ဖြစ်သည်။ တစ်စုံတစ်ယောက်က ငွေရောင်အရည်များကို ခြင်္သေ့ပုံစံအကျွမ်းဝင်သားရဲရှိနေသည့် လှောင်အိမ်ထဲသို့ လောင်းထည့်လိုက်ချိန်တွင်တော့

# စာစဉ် ၁

အံ့ဩစရာအဖြစ်အပျက်တစ်ခုဖြစ်လာတော့သည်။ ထိုသားရဲက လှောင်အိမ်ကို တွန်းတိုက်ကန်ကျောက်ကာ တစ်ခါတစ်ခါ အော်ဟစ်လိုက်တိုင်း မိုးကောင်းကင်ကိုပင် တုန်ခါသွားစေတော့မတတ်ပင်။

သို့ပေမည့် လှောင်အိမ်ကို အထူးသတ္တုစပ်များဖြင့် ပြုလုပ်ထားပုံရကာ ဘယ်လောက်ပဲ တိုက်ခိုက်နေပါစေ ကွေးသွားခြင်းမရှိသလို ကျိုးသွားခြင်းလဲ မရှိပေ။

သို့ပေမည့် ကောင်းဖန်ကို ထိတ်လန့်အသွားစေဆုံးအရာကတော့ သူ့ရှေ့တွင် ပေါ်ထွက်လာသည့် သားရဲအချက်အလက်များကြောင့်ပင်ဖြစ်သည်။

[မကောင်းဆိုးဝါးအမည်] : ငွေနတ်ဆိုးခြသေ့်

[မကောင်းဆိုးဝါးအဆင့်] : အဆင့်၂၂(အုပ်ချုပ်သူအဆင့် )

[မကောင်းဆိုးဝါးအဆင့်အတန်း] : အထူးအဆင့်

# စာစဉ် ၁

[မကောင်းဆိုးအားစွမ်းအင်] : ရေခဲ

[မကောင်းဆိုးဝါးအခြေအနေ] : ကျန်းမာ (ကြမ်းတမ်းခက်ထန်နေ )

[မကောင်းဆိုးဝါးအားနည်းချက်] : လျှပ်စစ်

တီဗီဖန်သားပြင်ပေါ်မှ သားရဲ၏အချက်အလက်များကိုပါ မြင်နိုင်နေကြောင်း ကောင်းဖန်သိလိုက်ရတော့ စကားပင် မပြောနိုင်ဖြစ်သွားတော့သည်။

ဒီလိုသာဆို ဒီစွမ်းရည်ကို သုံးနိုင်တဲ့ နည်းလမ်းတွေက အများကြီးကျယ်ပြန့်တာပေါ့။

တီဗွီကိုပိတ်လိုက်ပြီး ကောင်းဖန်သူ့မေးကိုလက်နှစ်ဖက်လုံးနှင့်ထောက်ထားလိုက်ပြီး နက်နဲစွာစဉ်းစားနေမှုတွင်နစ်မြောသွားပြန်သည်။

# ကောင်းဖန်

---

## စာစဉ် ၁

အခုတာ့ဇီက သူ့ရဲ့ကိုယ်ပိုင်သားရဲဖြစ်လာပြီးတဲ့နောက် သူကပိုပြီး(သို့) ဒီထက်နည်းနည်း စဉ်းစားကြည့်တော့ သူကအခုသားရဲလေ့ကျင့်သူအဖြစ် ပထမခြေလှမ်းကိုလှမ်းလိုက်ပြီဖြစ်သည်၊

ဒါပေမယ့်သူက တကယ့်ကိုတိုက်ဖျက်ခြေမှုန်းနိုင်သည့် သားရဲလေ့ကျင့်သူဖြစ်လာဖို့ဝေး ကွာနေတုန်းပင်၊ ထိုလိုမျိုးဖြစ်လာရန် စံသတ်မှတ်ထားမှုများမရှိသော်လည်း အထူးအဆင့် အကျွမ်းတဝင်ရှိသူ(သို့) ထိပ်တန်းအဆင့်အကျွမ်းတဝင်ရှိသူသည်အနည်းဆုံးမဖြစ်မနေလို အပ်သည်ဟုထင်ရသည်။

မှန်ရေကန်တွင် ရက်အနည်းငယ်လောက်အပြင်းအထန် အသေအလဲလေ့ကျင့်ပြီးတဲ့ နောက် တာ့ဇီရဲ့ သားရဲအဆင့်သည်တက်လာသည်ကိုသတိပြုမိသည်၊ ယခုဆိုရင် သားရဲ အဆင့်၇ကိုတောင်ရောက်ပြီဖြစ်သည်။

တိုက်ခိုက်ခြင်းသည် တကယ့်ကိုအမြန်ဆုံးအဆင့်တက်ရန် အကောင်းဆုံးနည်းလမ်းဖြစ် သည်၊

ကောင်းဖန်

---

# စာစဉ် ၁

အဲ့ဒီထက်လူနေမှုစရိတ်လျှော့ချရန်အတွက်မြို့ပြင်မှာသားရဲအားအမဲလိုက်လို့ရသည့်အ ပြင်
တခြားဖြစ်နိုင်သည့်လမ်းကြောင်းတွေလည်းရှိသေးသည်၊
ထိုအရာကတော့ သားရဲပျိုးထောင်သူဖြစ်လာရန်ဖြစ်သည်။

သားရဲပျိုးထောင်ခြင်းသည် အလုပ်အကိုင်သစ်ပုံစံဖြစ်သည်။
သားရဲပျိုးထောင်သူများကို အကဲဖြတ်သောစံသတ်မှတ်ချက်များသည်
တစ်နေရာနှင့်တစ်နေရာမတူညီကြပေ။
အကဲဖြတ်တဲ့နည်းလမ်းများတောင်မှ မြို့ကိုအခြေခံ၍ကွဲပြားကြသည်။

အကယ်၍ရင်းသည် လက်တွေ့ကျသောအကဲဖြတ်မှုများဖြစ်လျှင်
ကောင်းပေမယ့် အဲ့ဒီ အကဲဖြတ်မှုမှာ သီအိုရီနဲ့ ဗဟုသုတတွေ…၊
ဒါကအဆင်ပြေလောက်ပါတယ် ကောင်းဖန်
နည်းနည်းမသေမချာဖြစ်နေသည်။

သူ အင်တာနက်ပေါ်တက်ပြီး
သားရဲပျိုးထောင်သူများအတွက်အရင်ကအကဲဖြတ်မှု
နည်းလမ်းများကိုရှာဖွေကြည့်လိုက်သည်၊
ထူးဆန်းတဲ့နည်းလမ်းတွေအားလုံးပေါ်ထွက် လာသည်။

# ကောင်းဖန်

## စာစဉ် ၁

တချို့ကရိုးရှင်းပြီး အကဲဖြတ်ရာနေရာတွင် လျှောက်ထားသူအတွက် သားရဲတစ်ကောင်ကို သာပေးထားသည်၊ အကယ်၍လျှောက်ထားသူက သားရဲ၏အဆင့်ကိုသတ်မှတ်ထားသော အချိန်အတွင်း မြင့်တင်ပေးနိုင် လျှင်သူ(သို့) သူမက သားရဲပျိုးထောင်သူအဖြစ်အရည် အချင်းပြည့်မီသည့် တရားဝင်လက်မှတ်ကိုရမည်ဖြစ်သည်။

ဒီတူညီတဲ့အကဲဖြတ်မှုနည်းလမ်းတွေက အခက်ခဲဆုံးဆိုတာကိုလူသိများသည်။ မည်သို့ သောထူးဆန်းသည့်သားရဲတွေကို ရမည်ဆိုတာကို မည်သူမှုမသိပေ။ အကယ်၍ လူတစ်ယောက်က သူနှင့်သိပ်မရင်းနှီးသည့်သားရဲကိုရမည်ဆိုပါကတစ်ခါတည်း နှင့် အားလုံးရှုံးပြီး တစ်ကြိမ်တည်းနှင့် အပြီးသတ်သွားမည်ဖြစ်သည်၊ နောက်ဆုံးမှာတော့  အရာရာတိုင်းကိုသိမြင်နိုင်သည့် သားရဲပျိုးထောင်သူများ မရှိနိုင်တော့ဟု အခိုင်အမာ ပြောနိုင်သည်။

ဒီသားရဲတွေက ပြီးခဲ့တဲ့သုံးနှစ်အတွင်းမှာပေါ်လာခဲ့သည့်သားရဲများဖြစ်သည်၊ လူသား မျိုးနွယ်တွေကရှာဖွေရေးလုပ်ငန်းစဉ်တွေမှာ ရှိနေဆဲဖြစ်သည်။

## စာစဉ် ၁

လက်ရှိတွင်ပင်

ကပ်ဆိုးကြီးဖြစ်ပွားပြီးနောက်ကမ္ဘာ့မျက်နှာပြင်၏၂၀%ထက်နည်းသောေ
ေရာများသည် စူးစမ်းရှာဖွေသောနယ်မြေများပါဝင်သည်၊

ကျန်ရှိသည့်၈၀% နေရာတွေမှာ အန္တရာယ်ရှိ သော

မစူးစမ်းမရှာဖွေသင့်သည့်ကုန်းမြေများဖြစ်သည်။

စူးစမ်းရှာဖွေသော၂၀%အတွင်း မှာပင် အန္တရာယ်ရှိသောဧရိယာများ၊

တားမြစ်ထားသောဧရိယာများ စသည်ဖြင့် အများ အပြားရှိသည်။

ကပ်ဆိုးကြီးပြီးတဲ့နောက်ကြီးမားတဲ့ပြောင်းလဲမှုများသည်

သမုဒ္ဒရာများတွင်လည်းဖြစ်ပွား ခဲ့သည်၊ ကပ်ဆိုးကြီးမတိုင်ခင်

သမုဒ္ဒရာများသည် ကမ္ဘာ့မျက်နှာပြင်၏၇၀%ကိုယူထားပေ မယ့်

ကပ်ဆိုးကြီးနောက် ၎င်းကကျုံ့သွားတော့သည်၊ သူတို့ကယခုတွင်

၆၀%ကိုသာယူ ထားပြီး ကုန်းမြေကတော့၄၀%

ဖြစ်သည်။တနည်းအားဖြင့်ပြောရလျှင်လူသားများသည်

ကမ္ဘာမြေ၏ကုန်းမြေဧရိယာတစ်ဝက်ကိုသာ စူးစမ်း လေ့လာဖူးပြီး

ကျန်တဲ့အပိုင်းကို ခုထိမသိသေးပေ။

ထိုဒေသဧရိယာများတွင်ကွယ်ဝှက်နေသော အသစ်အဆန်းများနှင့်

ရင်းနှီးမှုမရှိ သည့်သားရဲများမည်မျှပင်ရှိမည်ကို မည်သူမျှမသိသေးပေ။

# ကောင်းဖန်

## စာစဉ် ၁

သမုဒ္ဒရာများဆို လျှင်ပိုလို့ပင်မသိသောအရာများ၊ အန္တရာယ်ရှိသောဧရိယာများ၊ တကယ်ကို သားရဲမျိုးစိတ်အသစ်များကိုနေ့တိုင်းထိုနေရာတွင်အများအပြားပင်ရှာတွေ့နိုင်သေးသည်။

ကောင်းဖန်အတွက်တော့ဘယ်လိုဘဲဖြစ်ဖြစ် ဒီအကဲဖြတ်မှုကသူ့အတွက် အောင်မြင်ဖို့ အလွယ်ဆုံးဘဲ၊ ဒီသီအိုရီအကဲဖြတ်မှုမှာ ဘာအာမခံချက်မှမရှိဘူး၊ သူအကုန်လုံးကို စနစ်တကျမလေ့လာ အမှားများကိုသာလုပ်မိပါက သူ့ရဲ့မှတ်ပုံတင်ကြေးသွင်းရန်အတွက် သုံးလိုက်သည်မှာ အလဟာသဖြစ်သွားမည်ဖြစ်သည်။

ကောင်းဖန် သားရဲပျိုးထောင်သူ ဝက်ဘ်ဆိုက်ထဲတွင် ပိတ်မိနေပြီး မှတ်ပုံတင်ရန်အတွက် ရွေးချယ်နေမိသည်၊ မှတ်ပုံတင်ကြေးသည် အလွန်ဈေးကြီး စုစုပေါင်းဆိုလျှင် မဟာမိတ် ဒေါ်လာ ၁ဂဂဂအထိတက်လာပြီဖြစ်သည်၊ ဒီလောက်ဆိုရင်တာ့ဇီကို တစ်လလောက် အစာကျွေးရန်လုံလောက်ပြီဖြစ်သည်။

## စာစဉ် ၁

မှတ်ပုံတင်တာအောင်မြင်ပြီးနောက် သူအကြောင်းကြားစာတစ်ခုကိုလက်ခံရရှိလိုက်သည်၊ သူ၏မှတ်ပုံတင်သောနေရာအရ သူ့အကဲဖြတ်မှုသည် ချန်အန်းမြို့သားရဲပျိုးထောင်သူ ဌာနတွင် သတ်မှတ်ခြင်းခံရပြီး သူ့ခန့်မှန်းချက်အရ ဒီလ၁၅ရက်နေ့ဖြစ်လောက်မည်။ ယခုရက်က၁၄ရက်ဖြစ်ပြီး ဆိုလိုသည်မှာ မနက်ဖြန်ဖြစ်မည်ဖြစ်သည်။

သူက သားရဲပျိုးထောင်သူအဖြစ်အကဲဖြတ်ရန် မှတ်ပုံတင်ထားသောကြောင့် သူ၏ လုပ်နည်းလုပ်ဟန်များကိုသင်ပေးသောဆရာမအားခေါ်ကာသတင်းပေး လိုက်သည်။

မုရုန်ချိုးယွဲ့တစ်ယောက်ကျေနပ်လို့သွားတော့သည်။ သားရဲပျိုးထောင်သူအရည်အချင်း သည် ရွှေဆန်နှင့်ပင်တူညီသည်။ သူမကတော့စောစောစီးစီး အနာဂါတ်အတွက် အစီအစဉ် ရှိသောကျောင်းသားတစ်ဦးကို သေချာပေါက်အပြည့်အဝထောက်ခံပေးမည်ဖြစ်သည်၊

# ကောင်းဖန်

## စာစဉ် ၁

တစ်ခါတည်းမှာပင် မုရုန်ချိုးယွဲ့ကကောင်းဖန်၏ကျောင်းမှခဏတာထွက်ခွာခွင့်ကိုအတည်ပြုပေးခဲ့ပြီး သားရဲပျိုးထောင်သူအကဲဖြတ်မှုအတွက် အကဲဖြတ်နည်းလမ်းများအပေါ် အခြေခံ၍ အချိန်ကာလအမျိုးမျိုးပြောင်းလဲနိုင်သည်၊ ကောင်းဖန် အကဲဖြတ်မှုပြီးတဲ့နောက် အမြဲကျောင်းပြန်လာပြီး ကျောင်းပြန်တက်နိုင်သည်။ နောက်ဆုံးတွင်တော့ သူက အမြဲတမ်းနာခံတတ်တဲ့ကျောင်းသားတစ်ယောက်ဖြစ်ပြီး သူမစိတ်ကိုသက်သာစေတဲ့ ကလေးတစ်ယောက်ဖြစ်သည်။

စကားပြောလို့အပြီးတွင် မုရုန်ချိုးယွဲ့က ကောင်းဖန်ကို သက်တောင့်သက်သာ ဖြစ်စေရန် အားပေးရန် စကားအနည်းငယ်ပြောလိုက်သည်၊ “ ကျရှုံးမှုက အောင်မြင်မှုရဲ့မိခင်ဘဲ” “သားကငယ်ပါသေးတယ်, မင်းရဲ့အနာဂါတ်က မင်းလက်ထဲမှာဘဲ”စတဲ့အရာတွေကို ပြောခဲ့သည်၊ ကောင်းဖန် ဒီကြက်သားစွတ်ပြုတ်အကြောင်းနားထောင်နေရင်း ရယ်ရမလားငိုရမလားတောင်မသိ တော့ပေ။

# စာစဉ် ၁

သူတစ်ခါတလေ မစ္စမုရှန်ချိုးယွဲ့က တကယ်တော့ လှပပြီးချစ်စရာကောင်းမှန်းသတိထား မိခဲ့သည်။

***

## စာစဉ် ၁

## *အခန်း ၁၆ သားရဲပျိုးထောင်သူ အကဲဖြတ်ပွဲ*

တစ်နေ့တာ ကုန်ဆုံးသွားပြီးနောက် နောက်တစ်နေ့မနက်စောစောတွင်တော့ ကောင်းဖန် နိုးထလာကာ ပြင်ဆင်ပြီးနောက် ဦးလေးလျို၏အိမ်တံခါးကို သွားခေါက်လိုက်သည်။

သံတံခါးကြီးပွင့်လာကာ ကောင်းဖန်ကို မြင်လိုက်ရသည်နှင့် ဦးလေးလျိုအပြုံးကြီးကြီးတစ်ခု ချိတ်ဆွဲရင်း၊ “မောနင်းကောင်းဖန်၊ မင်းဒီနေ့ထတာ စောလှချည်လား။”

“ဦးလေးလျိုကို အနှောင့်အယှက်ပေးရတဲ့အတွက် စိတ်မကောင်းပါဘူး။” ကောင်းဖန် ရှက်ကိုးရှက်ကန်းနှင့်ပြောလိုက်သည်။

## စာစဉ် ၁

"ကျွန်တော် သားရဲပျိုးထောင်သူအကဲဖြတ်ပွဲကိုသွားမလို့၊ ဒါပေမယ့် ဘယ်လောက်ကြာမလဲဆိုတာ မသေချာသေးဘူး။ တာ့ဇီကို အန်ကယ်လျိုနဲ့အတူ ရက်ပိုင်းလောက် ခေါ်ထားပေးလို့ရမလား? စိတ်မပူပါနဲ့ အန်ကယ်လျို၊ တာ့ဇီက လိမ္မာတဲ့ကောင်လေးပါ။ ပြေးလွှားတာတွေ အော်ဟစ်တာတွေလဲ မရှိဘူး။ အန်ကယ်လျိုစိတ်ရှုပ်ရင်တော့ သူ့ကို ကျွန်တော့်အိမ်ထဲမှာပဲ သော့ခတ်ပြီး သော့ကို အန်ကယ်လျို့ဆီပေးခဲ့ပါ့မယ်။ တစ်နေ့တစ်ကြိမ်လောက်ပဲ အစာသွားကျွေးပေးပါ။"

"စိုးရိမ်မနေပါနဲ့၊ ငါဂရုစိုက်လိုက်ပါ့မယ်။ အငတ်တော့မထားပါဘူး။" ဦးလေးလျိုကတိပြန်ပေးလိုက်သည်။

ကောင်းဖန်လဲ ဦးလေးလျိုကို ယုံကြည်တာကြောင့် ကျေးဇူးတင်စွာဖြင့် ခေါင်းညိတ်ပြလိုက်ကာ အအောက်ထပ်သို့ဆင်းသွားတော့သည်။

# စာစဉ် ၁

ကောင်းဖန်မသိလိုက်ရသည်က တာ့ဇီ ဦးလေးလျို၏အခန်းထဲသို့ဝင်သွားပြီးနောက် ပုံမှန်နှင့်မတူစွာ တိတ်ဆိတ်ငြိမ်သက်သွားသည်ကိုပင်။

ကောင်းဖန်ထွက်သွားပြီးနောက် ဦးလေးလျို ခဏလောက်တွန့်ဆုတ်မိနေခဲ့ပြီး နောက်ဆုံးတွင် ဖုန်းနံပါတ်တစ်ခုသို့ ခေါ်ဆိုလိုက်တော့သည်။

“အဘိုးကြီးကျန်းလား? ငါပါ။ ဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်ဘူး။ သူအဆင်ပြေပါတယ်။ မင်းမြေးက ကိုယ်ပိုင်သားရဲတစ်ကောင်နဲ့ စာချုပ်ချုပ်လိုက်ပြီ။ အရမ်းရင့်ရောင်ကျောပြင်နဲ့အဝါရောင်ခြေချောင်းရှိတဲ့ ကင်းခြေများပဲ၊ သာမာန်အဆင့်ပဲနဲ့တူတယ်။”

“သူကဘယ်လိုပုံလဲတဲ့လား? မင်းမြေးနဲ့ မင်းက တစ်ထပ်တည်းပဲ၊ မင်းတို့နှစ်ယောက်လုံး ဘာကိုမှဂရုမစိုက်ကြဘူး၊

## စာစဥ် ၁

ဒါပေမယ့် မင်းတို့က နွားရိုင်းတွေလိုပဲ ခေါင်းမာတာတော့ပြောမနေနဲ့။ တစ်ခုခုဆုံးဖြတ်ပြီးရင် ဘယ်လိုမှမပြောင်းတော့ဘူး။ ဒါနဲ့၊ ဒီခရမ်းရင့်ရောင်ကျောပြင်နှင့် အဝါရောင်ခြေချောင်းရှိတဲ့ ကင်းခြေများက မင်းသမီးနဲ့ သမက် သူ့အတွက် ချန်ထားပေးခဲ့တဲ့သားရဲပဲ။"

"ကိစ္စတွေ အခုထိ ဖြေရှင်းလို့မပြီးသေးဘူးလား? ငါပြောသားပဲ အဲ့ပြောစကားနားမထောင်တဲ့ကောင်တွေကို သတ်ပြီး ကောင်းတဲ့ကောင်လေးတွေကိုပဲ ရှာစမ်းပါလို့။ ဒီကမ္ဘာပေါ်မှာ အရည်အချင်းရှိတဲ့သူမရှားပါဘူး။" ဦးလေးလျို့က သာမာန်မိသားစုပြဿနာ အသေးအမွှားလေးတွေကို ဆွေးနွေးသလိုပြောဆိုနေပေမည့် သူ့စကားတွေကတော့ အလွန်ထိတ်လန့်စရာကောင်းလှသည်။

## စာစဉ် ၁

“ကောင်းပြီ၊ ကောင်းပြီ၊ မင်းအစီအစဉ်အတိုင်းပဲလုပ်ပါ၊ ကောင်းဖန်ကို စိတ်မပူနဲ့။ ငါနဲ့ရှိနေသ၍ သူဘာဒုက္ခမှရောက်မှာမဟုတ်ဘူး။”

ဖုန်းတစ်ဖက်တွင်တော့ ဖုန်းချလိုက်ကာ လိုက်ကာတစ်ခုကို ဖွင့်လိုက်သည်။ ထိုနေရာမှနေပြီး မှောင်မိုက်နေသည့် ရုံးခန်းတစ်ခုထဲသို့ အလင်းရောင်ဝင်လာခဲ့ကာ ပြတင်းပေါက်နှင့်မျက်နှာချင်းဆိုင်တွင်တော့ ရဲရင့်သန်မာသည့် လူရိပ်တစ်ခုရှိနေသည်။

ငွေဖြူရောင်ဆံပင်များနှင့်အမျိုးသားသည် အတွေ့အကြုံရင့်ကျက်သူတစ်ယောက်ဟု ထင်မှတ်ရသည်။ ထိုလူက ရွှေချည်ဖောက်ထားသည့် အနက်ရောင်ဟန်ဖူ(တရုတ်ရိုးရာကီမိုနို)ကို ဝတ်ဆင်ထားသည်။ အသက်အရွယ်အိုမင်းနေသလိုထင်ရသော်လည်း သူ၏ပုံစံမှာ

# စာစဉ် ၁

အချိန်မရွေး ပေါက်ကွဲနိုင်သည့် မီးတောင်တစ်လုံးနှယ် ကြောက်စရာကောင်းလှပေသည်။

ထိုအဘိုးကြီးက အနီရောင်ခလုတ်တစ်ခုကို နှိပ်လိုက်သည်နှင့် သွယ်လျှကာနုတ်သမီးတစ်ပါးနှယ်မိန်းကလေးတစ်ယောက် ဝင်လာပြီး၊ လေးစားစွာဖြင့် ဦးညွှတ်လိုက်ကာ၊ “ဥက္ကဌကြီး။”

အဘိုးကြီးက ပြတင်းပေါက်ဘက်ကိုသာ အေးဆေးတည်ငြိမ်စွာ ကြည့်နေရင်း၊

“လေ့လာစမ်းသပ်ရေးအဖွဲ့ကို စကားပါးလိုက်။ ငါ သူတို့ရဲ့စွမ်းရည်တွေကို တန်ဖိုးထားတဲ့အတွက် သူတို့ရဲ့စိတ်ရှုးပေါက်ခဲ့တာတွေကို ခွင့်လွှတ်ပေးလိုက်မယ်။ ဒါပေမယ့် ငါ့သည်းခံနိုင်မှုကို စိန်ခေါ်ခွင့်ပြုလိုက်တယ်လို့တော့ မဆိုလိုဘူး။ ငါ့အတွက် အလုပ်လုပ်ပေးမလား၊ ဒါမှမဟုတ် သေမလား။ ငါသူတို့ကို ၅လအချိန်ပေးမယ်။ ငါ့ကိုစိတ်မပျက်စေနဲ့။

# စာစဉ် ၁

ချင်းဟိုင်က ပြဿနာကိုတော့ သူတို့ကိုပဲ ဂုလအတွင်း ဖြေရှင်းစေချင်တယ်။ ငါပြောတဲ့အတိုင်း လီယွဲ့ကိုသွားပြောလိုက်။ တကယ်လို့ သူတို့မလုပ်နိုင်ဘူးဆိုရင် ငါကိုယ်တိုင် ဒီကိစ္စကို ကိုယ်တွယ်မယ်။ ပြီးရင်တော့ ဘာဖြစ်သွားမလဲဆိုတာ သူတို့သိမှာပါ၊ ငါ့အချိန်တွေကို မဖြုန်းကြနဲ့။"

ထို့နောက် အဘိုးကြီးက လက်ဝှေ့ပြလိုက်ကာ အတွင်းရေးမှူးကို ထွက်သွားစေသည်။

ပြတင်းပေါက်ဘက်သို့မျက်နှာမူနေသည့် အဘိုးကြီးသည် ပျော်ရွှင်မှုရော ဝမ်းနည်းမှုပါမရှိသည့် ပိုကာမျက်နှာထားမျိုးနှင့်ရှိနေသည်။ သူ့မျက်လုံးထဲမှ အနက်ရှိုင်းဆုံးသော နေရာတွင်သာ ချက်ချင်းမေတ္တာတစ်ပြကို မြင်နိုင်ပေသည်။

## စာစဉ် ၁

တစ်နှစ်: တစ်နှစ်အတွင်း ကိစ္စအားလုံးရှင်းလင်းသွားရမယ်။

ဒီကမ္ဘာပေါ်က သူ့ရဲ့တစ်ဦးတည်းသော သွေးသားတော်စပ်သူကို မတွေ့ရတာ အရမ်းကြာနေပြီမဟုတ်လား။

အားလုံးမဖြေရှင်းရပြီးသေးခင်တွင်တော့ သူ့မြေးကို သွားမတွေ့ရဲခဲ့ပေ။

သွေးစာချုပ်မချုပ်ထားပါဘဲနဲ့ ကောင်လေး ကိုယ့်ကိုကိုယ် ကာကွယ်နိုင်မှာမဟုတ်သောကြောင့်ပင်။ ကောင်လေးရဲ့အသက်ကို သူမစွန့်စားချင်ပေ။

………

သားရဲပျိုးထောင်သူအကဲဖြတ်ပွဲသည် ချန်အန်းမြို့၏ ဆင်ခြေဖုံးရပ်ကွက်တွင်ရှိသည့် သားရဲပျိုးထောင်သူ အဖွဲ့ခွဲတွင် ကျင်းပသည်။

## စာစဉ် ၁

ထိုနေရာကိုရောက်ဖို့ရန် နာရီပေါင်းများစွာ ကြာပေသည်။

နောက်ဆုံးတော့ ကောင်းဖန် ခရီးဆုံးကိုရောက်ရှိခဲ့ကာ နေမွန်းတည့်ခါနီးပင်ရှိနေပြီ။ အကဲဖြတ်ပွဲသည် ပြိုင်ပွဲဝင်များ သွားလာဖို့အချိန်မှီနေစရန်အတွက် နေ့လည်၂နာရီမှ စတင်မည်ဖြစ်သည်။

သူကားထဲကထွက်လိုက်သည်နှင့် အနက်နှင့်အဖြူစပ်ထားသည့် ကြီးမားလှသော အဆောက်အဦးကြီး၏ ရင်ပြင်တွင် ရပ်နေရသည်ကို တွေ့လိုက်ရသည်။ ဘေးတစ်ဖက်တစ်ချက်စီတွင်လဲ စတုရန်းပုံသစ်ပင်ကြီးများရှိနေသေးသည်။ နေရောင်ချည်ကို ထိုသစ်ပင်အုပ်ကြီးမှ ကွယ်ထားတာကြောင့် မြေပြင်ထက်တွင် သစ်ရိပ်များသာရှိနေခဲ့သည်။

သူကားပေါ်ကမှ မဆင်းရသေးခင်အထိ ဤအဆောက်အဦးကြီး ဘယ်လောက်တောင် ကြီးမားလဲဆိုသည်ကို သေချာမမြင်နိုင်ခဲ့ပေ။ ၎င်းမှာ လေထဲတွင်ရှိနေသည့် မီးခိုးငွေများလိုမျိုး

## စာစဥ် ၁

တောင်ကုန်းတစ်ခုနှင့်ပင်တူကာ ဂိတ်ပေါက်သို့ရောက်ဖို့ရန်ပင် အဝေးကြီးလျှောက်ရပေမည်။

လူတော်တော်ရောက်ရှိနေပြီဖြစ်ကာ ရင်ပြင်တွင် ပြည့်နေပြီး နေရာတိုင်း လူများရှိနေသည်။ သစ်ပင်အရိပ်များအောက်တွင် လူများနေရာယူထားပြီးဖြစ်ကာ အချို့ကတော့ သတင်းစာများဖြန့်ခင်းထိုင်ပြီး အချို့ကတော့ ပလက်စတစ်အိတ်များဖြင့် ထိုင်နေကြသည်။

အကဲဖြတ်ပွဲက နေ့လည်၂နာရီမှစမှာမဟုတ်ဘူးလား? ဘာလို့ သူတို့အစောကြီးရောက်နေကြတာလဲ? ကောင်းဖန် သူ့နဖူးပေါ်က ချွေးများကို သုတ်ရင်း ပတ်ပတ်လည်ကို ကြည့်လိုက်ပေမည့် ထိုင်ဖို့ နေရာလွတ်မတွေ့ခဲ့ပေ။

ဘာပဲဖြစ်ဖြစ်ပါလေ။ ကောင်းဖန် ခေါင်းကိုငုံ့ကာ သူ့လက်က နာရီကို ကြည့်လိုက်သည်။ ၁၂နာရီခွဲပေပြီ။ သူတစ်ချက် လှည့်ပတ်ကြည့်လိုက်ရင်း

## စာစဉ် ၁

တစ်ခုခုစားဖို့ ကော်ဖီဆိုင်တစ်ဆိုင်ကို ရှာနေချိန် ရုတ်ရက် တစ်ယောက်ယောက်၏ခေါ်သံက ထွက်ပေါ်လာခဲ့သည်။

တစ်ယောက်ယောက်က ငါ့ကိုခေါ်နေသလိုပဲ။

ပုံမှန်ဆိုလျှင် ခေါ်သံကြားသည်နှင့် လူတော်တော်များများသည် အကျင့်အရ ဘယ်သူခေါ်တာလဲဆိုသည်ကို လှည့်ပတ်ကြည့်ကြပေမည့် ကောင်းဖန်ကတော့ မလုပ်ပေ။ သူကသာမာန်လူမှမဟုတ်ဘဲ။

ကောင်းဖန်တွင် သူငယ်ချင်းအနည်းစုသာရှိကာ မိဘများကလဲ မတော်တဆမှုဖြင့် ကွယ်လွန်သွားပေပြီ။ သူ့အမေဘက်မှ အဘိုးကလဲ ပျောက်ဆုံးနေကာ အဖေဘက်မှ အဘွားနှစ်ယောက်နှင့် အဘိုးသည်လဲ ကပ်ဘေးကာလမတိုင်ခင်ကတည်းက နာမကျန်းဖြစ်ကာ ကွယ်လွန်သွားခဲ့ပေပြီ။

ဒါကြောင့် သူ့နောက်က ကောင်လေးသည် သူ့ကိုခေါ်ခြင်းမဟုတ်ဘဲ တစ်ခြားတစ်ယောက်ယောက်ကို ခေါ်ခြင်းသာဖြစ်ပေမည်။ ကမ္ဘာပေါ်တွင် နာမည်တူသည့်လူများစွာရှိသည်မဟုတ်လား။

“ကောင်းဖန်! ဟေး, စာကြမ်းပိုး” ထပ်၍ခေါ်လာပြန်သည်။

ဒီတစ်ကြိမ်မှာတော့ကောင်းဖန်ရပ်လိုက်ကာ ရှုပ်ထွေးမှုတို့နဲ့လှည့်ကြည့်လိုက်တော့သည်၊ တစ်ယောက်ယောက်သူ့ကိုခေါ်နေတာလား?

ဘာကြောင့်လဲဆိုတော့ လူတစ်ဦးတည်းကဘဲ သူ့ကိုစာကြမ်းပိုးလို့ ခေါ်တာလေ၊

သိပ်မဝေးတဲ့သစ်ပင်တစ်ပင်အောက်မှာ အဖွဲ့လိုက်ပုံစံမျိုးလူတစ်စုက အတူတူရပ်နေကြ သည်၊ သူတို့ထဲကတစ်ယောက်ဖြစ်သည့် အရပ်အလယ်အလတ်နှင့် ကိုယ်လုံးပြည့်သည့်ကောင်လေးက သူ့ဆီကိုတိကျစွာနဲ့ လက်တွေကိုဝှေ့ယမ်းပြလာသည်။ သူ့ဘေးမှာရပ်နေတဲ့ ကောင်မလေးကတော့ အင်္ကျီအနီကိုဝတ်ဆင်ထားကာ

## စာစဉ် ၁

သူတို့နှစ်ယောက်ကိုကြည့်ရတာ ရင်းနှီးနေသလိုပင်။ သူခဏလောက်တွေးပြီးတဲ့နောက် သူတို့နာမည်တွေကိုပြန်မှတ်မိလာတော့တယ် …လီဟုန်တုံ့နဲ့ လီကျီကုန်း။

အိုး.. ငါ့ရဲ့အတန်းဖော်တွေဘဲ။

ထိုနှစ်ယောက်ကကောင်းဖန်ရဲ့ အတန်းဖော်တွေဖြစ်ပြီး မောင်နှမတွေလဲဖြစ်သည်။ အကြီးကတော့ အစ်မဖြစ်သည့် လီဟုန်တုံ့ဖြစ်ကာ သူမသည် ယဉ်ကျေးပြီးကြင်နာတတ်ပြီး၊ မောင်အငယ်ကတော့ လီကျီကုန်း သူကတော့လေအိုးဘဲ။

“ဟယ်လို, မစ္စတာနဲ့မစ္စလီ” ကောင်းဖန် လူကြီးနှစ်ယောက်ကို နှုတ်ဆက်ပြီးနောက် လီဟုန်တုံ့နဲ့ လီကျီကုန်းတို့ကိုလဲ ခေါင်းညိတ်ပြလိုက်သည်။

“ကလေး, မင်းဒီမှာတစ်ယောက်တည်းလား?” မစ္စတာလီက သုံးဆယ်လောက်ရှိပြီး အနောက်တိုင်းဝတ်စုံနှင့် နက်ကတိုင်ကိုဝတ်ဆင်ထားသည်၊ သူကကောင်းဖန်ကိုတွေ့ တော့ပြုံးပြလေသည်။

“ဟုတ်” ကောင်းဖန်ခေါင်းညိတ်ပြလိုက်သည်။

## စာစဉ် ၁

“မင်းဒီကို သားရဲပျိုးထောင်သူ အကဲဖြတ်ပွဲကြည့်ဖို့လာတာလား?၊ ဟားဟား ငါတို့လည်း အမေနဲ့လာတာ, အမေလည်းဖြေဆိုသူဘဲလေ, ဒီနေ့အကဲဖြတ်ပွဲကိုလာဖြေတာ။ အမေက သုံးခါတောင်ကျထားတာ ဒီတစ်ခါတော့အောင်မယ်လို့ ယုံကြည်တယ်။” လီကျီကုန်းက မရပ်မနားပြောတော့သည်။ သူ့ဘေးမှာတော့ လီဟုန်တုံ့ရဲ့ မျက်နှာကဒေါသတွေနဲ့ပြည့်နေ ပြီး, သူမက လီကျီကုန်းရဲ့နောက်စေ့ကိုရိုက်လိုက်သည်၊

လီကျီကုန်းက သူ့အစ်မကိုလှည့်ကြည့်လာပြီး

“ ငါဘယ်နှခါပြောရမလဲ ငါ့ခေါင်းကိုမရိုက် ပါနဲ့လို့ ငါဉာဏ်မကောင်းတာ နင်ဒီလိုရိုက်နေလို့ဖြစ်နိုင်တယ်….”

“ဒါတော့ ငါ့ပြဿနာမဟုတ်ဘူးလေ” လီဟုန်တုံ့ကအေးစက်စွာပြောလေသည်၊

“မဟုတ်ပါဘူး၊ ငါဒီကို သားရဲပျိုးထောင်သူ အကဲဖြတ်ပွဲကိုလာဖြေတာ။” နောက်ဆုံး ကောင်းဖန် တုံ့ဆိုင်းစွာနဲ့ပြောလိုက်သည်။

“ဘာ?” လီကျီကုန်း မိန်းမောသွားတော့သည်၊

# စာစဉ် ၁

သူ့ဘေးက လီဟုန်တို့ကလည်း ကြက်သေသေနေတော့သည်။ မစ္စတာနဲ့မစ္စလီတို့ နှစ်ယောက်ကကောင်းဖန်ကို အပေါ်အောက်စုံဆန်ကြည့်လိုက်ကြသည်။

မစ္စတာလီကရပ်တန့်သွားပြီးနောက် ပျော်ရွှင်စွာ ရယ်မောလိုက်သည်၊ သူကကောင်းဖန် ပုခုံးကိုပုတ်လိုက်ပြီး "တော်တယ်! လူငယ်တစ်ယောက်က မင်းလိုမျိုးရည်ရွယ်ချက်ထား သင့်တယ်! ငါ့ရဲ့ကောင်လေးကတော့ ဘာမှမသိဘူး ဒါပေမယ့်သူက 'စားတယ်'; သူကပျင်း နေတဲ့ဝက်တစ်ကောင်လိုဘဲ။"

မစ္စလီကပြုံးလိုက်ပြီး " မင်းက သားရဲပျိုးထောင်သူအကဲဖြတ်မှုမှာ တစ်ဦးတည်းသော အသက်အငယ်ဆုံး ဖြေဆိုသူဖြစ်လိမ့်မယ်။ မကြာခင်မှာဘဲ ဒီနေ့ချန်အန်းမှာ ငါတို့အတွက် အသက်အငယ်ဆုံး သားရဲပျိုးထောင်သူရှိလာတော့မယ်။"

"ကျေးဇူးတင်ပါတယ် မစ္စလီ, ကျနော်အကောင်းဆုံးကြိုးစားပါ့မယ် ဒါပေမယ့် ကျနော့် အရည်အချင်းကတော့ ၁၀၀%မသေချာနိုင်ဘူး၊ ဒီမှာက ကျနော့်ကံကောင်းမှုအတွက် အခွင့်အရေးဘဲလေ၊" ကောင်းဖန်ရိုးသားစွာပြောလိုက်သည်။

# ကောင်းဖန်

## စာစဉ် ၁

သူတို့စကားအနည်းငယ်ပြောခဲ့ကြသည်၊ အဲ့တာတစ်နာရီခွဲလောက်ကြာတယ်၊ သားရဲပျိုး ထောင်သူ ဥာနခွဲရဲ့တံခါးက တင်းတင်းကြပ်ကြပ်ပိတ်ထားသည် , ဒါပေမယ့် တံခါးက ရိုးရိုး တန်းတန်းပွင့်လာတော့သည်။

လက်နက်အပြည့်အစုံနှင့်များစွာသောလုံခြုံရေးအစောင့်များက အဓိကရုဏ်းဒိုင်းလက်နက်များကို ၎င်းတို့၏ဘယ်လက်တွင်ကိုင်ဆောင်ထားကြပြီး ရှည်လျား လှသည့်အနက်ရောင်တုတ်ချောင်းများကို သူတို့၏ညာဘက်တွင်ကိုင်ဆောင် ထားကြကာအမိန့်တစ်ခုကိုခံယူထွက်လာကြသည်။

ဖြေဆိုသူများကအရှေ့ဂိတ်မှဝင်လာကြသည်၊ ထိုအချိန်တွင် ကောင်းဖန်က ဒီမှာဖြေဆိုသူ သိပ်မများကြောင်းသတိထားမိသည်၊ လူအများစုက အပြင်ဘက်တွင်ကျန်ရစ်နေခဲ့ကြပြီး သူတို့က သူငယ်ချင်းတွေနှင့်ဆွေမျိုးတွေဖြစ်နိုင်သည်။

# စာစဉ် ၁

“မင်းရဲ့သက်သေခံကတ်ပြား”
ခဲရောင်အနောက်တိုင်းဝတ်ဆင်ထားသည့် အမျိုးသမီးက သူမခေါင်းကိုမော့မကြည့်ဘဲပြောလာသည်။

သူ၏သက်သေခံကတ်ကို တံခါးကိုဖြတ်ကာပေးလိုက်သည်။ အမျိုးသမီးကစက်ကိရိယာ တစ်ခုပေါ်တွင် ကတ်ကိုပွတ်ဆွဲလိုက်ပြီးစက်ကမီးစိမ်းလာသည်။

သူမကခေါင်းမော့လိုက်ကာ ကောင်းဖန်ရဲ့ကတ်ကိုပြန်ပေးလိုက်သည်၊ သူမက ကောင်းဖန် အရမ်းငယ်သေးတာကိုတွေ့ချိန်တွင် ခဏတော့ကြက်သေသေသွားသည်, ထို့နောက်သူမ၏ ကျွမ်းကျင်မှုရှိရှိ လုပ်ရည်ကိုင်ရည်ကြောင့် သူမစိတ်ကိုတည်ငြိမ်စေလိုက်ကာ ပြောလိုက်သည် “နောက်တစ်ယောက်”။

ကောင်းဖန် တစ်ယောက်တည်းကော်ရစ်ဒါတွင်လမ်းလျှောက်ကာ လူအုပ်ကြီးနောက်သို့ လိုက်သွားလိုက်ပြီး ညှော်ခန်းထဲသို့ဝင်သွားကြတော့သည်။အဲဒီမှာ ခုံအတန်းလိုက်ရှိပြီး စာရွက်အဖြူများကို သေသပ်စွာနှင့်ထိုခုံပေါ်တွင် တင်ထားသည်၊

# စာစဉ် ၁

ကောင်းဖန်ရှုပ်ထွေးသွား သည်, ဒါက သူတို့စာမေးပွဲဖြေရသလိုမျိုးရေးဖြေပုံစံနဲ့တူနေသလားလို့။

သူ ခုံကိုရှာတွေ့သွားပြီးထိုင်လိုက်သည်၊ ခဏကြာတော့ စစ်ဆေးသူက ခန်းမတွင်းသို့ လျှောက်လာခဲ့ပြီး သူ့ရဲ့ခေတ်ဘူးကိုစာရေးခုံပေါ်တင်ကာ သူ့လည်ချောင်းကိုရှင်းလိုက် သည်၊ “ ဒီအကဲဖြတ်မှုက အရင်တစ်ခေါက်ကပုံစံနဲ့ကွဲပြားတယ်၊ ဒီတစ်ကြိမ် ချန်အန်းဌာနခွဲက စာရွက်ကိုအသုံးပြုပြီး လက်တွေ့စစ်ဆေးခြင်းကိုပြုလုပ်မယ်လို့ ဆုံးဖြတ်ထားတယ်၊”

“ တရုတ်ရဲ့ရိုးရာဆေးဖွဲ့စည်းပုံမှာ ရောဂါစစ်တမ်းလေးမျိုးရှိတယ်, ကြည့်ရှုခြင်း၊ နားထောင်ခြင်း၊ မေးခွန်းမေးခြင်းနဲ့ သွေးခုန်နှုန်းအယူအဆဘဲဖြစ်တယ်။ မင်းတို့တွေကို ရေးဖြေစမ်းသပ်ရာမှာ ဗွီဒီယိုမှတ်တမ်းတစ်ပုဒ်ကိုအရင်လေ့လာရမယ်, ပြီးရင် သားရဲတွေ ရဲ့ပင်ကိုအရည်အချင်း၊ဝါသနာ၊ အားနည်းချက်တွေကို အသေးစိတ်ချရေးပြရမယ်။ တော်တဲ့သားရဲပျိုးထောင်သူတစ်ယောက်က သားရဲတွေရဲ့ အလေ့အကျင့်နဲ့ စရိုက်သဘာဝ ကိုသေချာရှာဖွေနိုင်ရမယ်။”

# စာစဉ် ၁

“ပထမစစ်ဆေးမှုမှာ ကျနော်တို့က၉၀%ဖြေဆိုသူတွေကိုထုတ်ပယ်မှာဖြစ်တယ်၊ ပြောရရင်တော့ အယောက်၅၀ပဲ လက်တွေ့ဖြေဆိုမှုကို တက်ရောက်နိုင်မှာပေါ့။”

“လက်တွေ့စမ်းသပ်မှုကတော့လွယ်ပါတယ်, ခင်ဗျားတို့အဲ့ဒါကိုအရင်ကတည်းကကြားဖူးရောပေါ့၊ ကျနော်တို့သားရဲပျိုးထောင်သူဌာနခွဲက လက်တွေ့စမ်းသပ်မှုအတွက် ပါဝင်တဲ့ သာမန်ရင်းနှီးသူအယောက်၅၀ကို စမ်းသပ်မှုအတွက်လိုအပ်တဲ့ပစ္စည်းတွေကိုပေးမှာဖြစ်ပါ တယ်။” သူဒါကိုပြောပြီးတဲ့နောက် စစ်ဆေးသူက အပြုံးကြီးကြီးပြုံးပြလိုက်တယ်။

“မင်းရဲ့ သားရဲကိုပေးထားတဲ့အချိန်အတွင်း အဆင့်မြှင့်ပေးနိုင်သရွေ့ မင်းတို့သုံးတဲ့ပစ္စည်း ကိုကျနော်တို့အဖွဲ့အစည်းကပေးမှာဖြစ်ပါတယ်။ ဘယ်လိုဘဲဖြစ်ဖြစ် အကယ်၍မင်းတို့က သားရဲကိုအဆင့်မမြှင့်ပေးနိုင်ဘူးဆိုရင် စိတ်မကောင်းစွာဘဲ ခင်ဗျားတို့သုံးတဲ့ပစ္စည်းဖိုးကို လျော်ရမှာပါ၊ သေချာတာပေါ့ မင်းတို့အသုံးပြုရမယ့် စားရိတ်အတွက် သတ်မှတ်ထားတဲ့စံနှုန်းတွေလည်းရှိပါသေးတယ်၊

# စာစဉ် ၁

အကယ်၍မင်းတို့ကအများကြီးအသုံးပြုမယ်ဆိုရင် မင်းတို့က ကျလိမ့်မယ်။"

"ဒါကအရမ်းခက်တာဘဲ၊" ကောင်းဖန်ရဲ့ဘေးမှာထိုင်တဲ့ ဝဝနဲ့လူကြီးကသူ့ချွေးတွေ ကိုသုတ်လိုက်ပြီး တတွတ်တွတ်ပြောနေတော့သည်။ " ငါဒီကိုရောက်ဖူးတာလေးကြိမ် ရှိပြီ, ဒီတစ် ကြိမ်ကတော့အခက်ဆုံးဘဲ။"

သူကလှည့်လိုက်ပြီးကောင်းဖန်ကိုကြည့်လိုက်သည်၊ "စိတ်မပူပါနဲ့ကောင်လေး၊ မှတ်ပုံတင် ကြေးကအဲ့လောက်မများပါဘူး၊ မင်းဒီကိုအမြဲတမ်းပြန်လာပြီးထပ်ကြိုးစားလို့ရတာဘဲ"

***

စာစဉ် ၁ ပြီး၏။

# ကောင်းဖန်

## စာစဉ် ၁